# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်　၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၅၉)၊ အမှတ် (၀၆၅)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ် ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

**"အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်း လူ့အခွင့်အရေးဖော်ဆောင်စို့" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် နိုင်သက်လွင်၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ် များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစား အဖွဲ့ချုပ်၊ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ် စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ မသန်စွမ်းကျောင်းများနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်






မြန်မာ့အလင်း

# မြို့ကြီးများနှင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ

ကျေးလက်အစုံစုံ၊ တောရွာအနယ်နယ်၊ မြို့ငယ်အရပ်ရပ်မှာ မွေးဖွားကြသော မျိုးဆက်သစ်များသည် မြို့ကြီးများကို ပြောင်းရွှေ့သွားရောက်ခြင်းဖြင့် ကြီးပွားချမ်းသာရေး၊ အောင်မြင်တိုးတက်ရေးကို လွယ်လင့်တကူ ရရှိနိုင်မည်ဟူသော မျှော်မှန်းချက်ကြီးကြီးဖြင့် ကြိုးပမ်းကြလေ့ရှိ၏။

မြို့ပြများဆိုသည်ကလည်း အရောင်စုံ၊ အသွေးစုံတို့ဖြင့် ဆွဲဆောင်နေလေ၏။ ရေကြည်မည်ထင်ရာ၊ မြက်နုမည်ထင်ရာ မြို့ပြများဆီသို့ ကျေးလက်ဒေသများက လာကြသည်ဆိုခြင်းမှာ ဖြစ်ရိုးဖြစ်စဉ် သဘာဝပဲ ဖြစ်ခြေသည်။

ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးများဟူသည်ပင် ကျေးလက်တောရွာဘဝမှသည် မြို့ကြီးပြကြီးဘဝသို့ ကူးပြောင်းခဲ့သည်ပဲ မဟုတ်ပါလား။ ယနေ့ ရန်ကုန်မြို့ကြီးသားဆိုသူ အများစုတို့၏ မိဘဘိုးဘွား အဆက်အနွယ်များဟူသည်ပင် ကျေးလက်ဒေသတို့မှ မြို့တက်လာသူတို့ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ အရေအတွက်အားဖြင့် မနည်းပါးလှသော ရန်ကုန်မြို့၏ အထင်ကရ မြို့နယ်များဆိုသည်ပင် တစ်ခေတ်တစ်ခါက ရွာကြီးများသာ။ အချို့သော ရန်ကုန်မြို့ရှိ အထင်ကရဖြစ်သော အချို့မြို့နယ်များတွင် ယနေ့ကာလနှင့် ကပ်လျက်ဖြစ်သည့် ရှေ့မျိုးဆက်နှစ်ဆက်ခန့်မှာပင် ရွာသူကြီးဟူ၍ရှိခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

အခြေခံဥပဒေသတ်မှတ်ချက်အရဆိုလျှင် မြန်မာနိုင်ငံ၏ တရားဝင်မြို့တော်ဖြစ်သော နေပြည်တော်ဆိုသည်ကပင် မြို့ဖြစ်လာခဲ့သည်မှာ လတ်လတ်ဆတ်ဆတ်ဟု ဆိုနိုင်ပါမည်။

မြို့ရယ်၊ တောရယ်၊ ကျေးလက်ရယ် ခွဲခြားပြောဆိုနေသည့် အခြေခံအကြောင်းရင်းသည်ကား မြို့ပြလက္ခဏာဖြစ်သည့် အခြေခံအဆောက်အအုံများက ပင်ရင်းဖြစ်ပေသည်။ လျှပ်စစ်မီးရရှိမှု၊ လမ်းပန်းအဆက်အသွယ်ကောင်းမွန်မှု၊ ခေတ်မီသော လောကဓာတ်ပညာရပ်များကို အလွယ်တကူ ဆက်သွယ်သင်ယူနိုင်မှု၊ ကျန်းမာရေးအထောက်အပံ့အစောင့်အရှောက်များစုံလင်များပြားမှု၊ ပျော်စရာ၊ ရွှင်စရာ၊ အနားယူအပန်းဖြေစရာ ဝန်းကျင်အသီးသီးက လက်တစ်ကမ်းမှာရှိနေမှု အစရှိသည်တို့က မြို့များဆီသို့ လာရောက်အခြေချရန် ဆွဲဆောင်နေသည့် ရင်းမြစ်များဖြစ်ပါလိမ့်မည်။

အဆင့်မြင့်ပညာတွေ တတ်ချင်သလား၊ အောင်မြင်တိုးတက်နေသည့် နိုင်ငံတကာဆီသို့ တစ်ဆင့်တက် သွားရောက်ကာ ခြေဆန့်ကြည့်ချင်သလား၊ ပိုမိုကောင်းမွန်လာနိုင်သည့် ကျန်းမာရေးအစောင့်အရှောက်များ အကူအပံ့များကို ရယူချင်သလား စသည်တို့အားဖြင့် မြို့ပြများက လက်ကမ်းနေသည်ဟု မြင်ရပါသည်။

သို့သော်လည်း လက်တွေ့ဘဝများက မြို့ပြများက ဆွဲဆောင်နေသည့်အတိုင်း အားလုံးသောရွှေ့ပြောင်းအခြေချသူများက ပြေလည်သွားသည်မဟုတ်ပါ။ မြို့ပြန္ဒအတွင်းမှာ နစ်မွန်းသွားခဲ့ကြရသူများက ခေတ်အဆက်ဆက်တွင် ဒုနှင့်ဒေးဖြစ်ပါသည်။ အထူးသဖြင့် အခြေခံ အဆက်အသွယ် တိတိကျကျမရှိသူများအတွက် အလွန်ပင် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသည်ဆိုခြင်းကို မြို့ပြ ဆင်ခြေဖုံးဒေသများရှိ မပြေလည်သည့် မိသားစုများက မီးမောင်းထိုးပြနေသည်ကို တွေ့ရပါမည်။

သည်လိုအခြေအနေများကြားကပင် မြို့ပြများ ဖွံ့ဖြိုးကြီးထွားလာမှုက အရှိန်အဟုန်ပြင်းပြင်းဖြစ်နေဆဲပါ။ အရှိန်အဟုန်က လျင်မြန်လွန်းလှသည့်အတွက် အတားအဆီးမဲ့ ကျယ်ပြန့်လာသော ဆိုးကျိုးများကလည်း ဒွန်တွဲလာသည်ကို တွေ့ရပါမည်။ ကျူးကျော်များ၊ ဆင်းရဲမှုက ဖြန့်ဝေပေးလျက်ရှိသည့် ရောဂါဘယ ထူပြောလာမှုများ၊ ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ လောင်းကစား၊ လိင်မှုဆိုင်ရာ မသင့်မလျော်မှုများ၊ အဆင့်နိမ့်ကျသည့် ဝန်းကျင်များကြားက ကျူးကျော်အိမ်ရာများ အစရှိသည့် အထွေထွေသော မြို့ပြလူမှုပြဿနာများက နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုများ ဖြစ်နေလေသည်။

အထူးသဖြင့်မူ ဆင်းရဲနွံက ကုန်းရုန်းထနေရသော မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် ပိုမိုခက်ခဲကျပ်တည်းသော စိန်ခေါ်မှုများပါပင်။ ထို့ပြင် ယင်းစိန်ခေါ်မှုများက နှေးကွေးရပ်တန့်သွားမည် မဟုတ်ဘဲ ပို၍ပို၍ များပြားအရှိန်မြင့်လာနိုင်သည့် စိန်ခေါ်မှုများဖြစ်လေရာ မြို့ပြစီမံကိန်းများဆိုင်ရာ ဥပဒေများ၊ အကူအညီပေးရေးအစီအမံများ၊ ထိရောက်သော တာဝန်ယူဆောင်ရွက်မှုများက ယခုချက်ချင်း စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ကြရမည့် လုပ်ငန်းစဉ်များ ဖြစ်ပေသည်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၆၄/၂၀၁၉) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၆၄/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း သြစတြေးလျနိုင်ငံ Monash University မှ လေ့လာရေးအဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းသည် သြစတြေးလျနိုင်ငံ Monash University မှ Senior Lecturer Dr.Lennon Yao Chung Chang နှင့် ကျောင်းသား ကျောင်းသူ ၁၉ ဦးပါဝင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးသမိုင်း၊ ဥပဒေပြဋ္ဌာန်းမှုများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားစီရင်ရေးဆိုင်ရာ မူတမှုစံနှုန်းများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍ စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

**သတင်းစဉ်**

## (၅)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

(၅)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အမြဲတမ်းရုံး အထွေထွေအတွင်းရေးမှူးချုပ်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် Pol. Col. Mr. Vu Van Hau တို့က အဖွင့်အမှာစကားပြောကြားသည်။

**ကိုယ်စားလှယ်များတက်ရောက်**

အခမ်းအနားသို့ ဖိတ်ကြားထားသော ရဲအရာရှိကြီးများ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးနှင့် ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအမြဲတမ်းရုံး အထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် ပရိကာဆာ သယ်ဆောင်ရောင်းဝယ်မှု၊ (၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေ ပြန်လည်သုံးသပ်ခြင်း၊ မူးယစ်ဆေးဝါးနှင့် ပရိကာဆာသယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအတွက် အနာဂတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အစည်းအဝေးရလဒ်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ (၆)ကြိမ်မြောက် အစည်းအဝေးကျင်းပမည့် နေ့ရက်၊ နေရာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



"မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပြင် ဒေသတွင်းသဘောတူညီချက်များကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်တစ်ရပ်ကို ရေရှည်ဆောင်ရွက်သွားနိုင်ရန်မျှော်မှန်းပြီး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅) (မူကြမ်း) ရေးဆွဲလျက်ရှိ"



မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အလုပ်အကိုင်အခွင့်အလမ်း ထူးချွန်ဆုနှင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ (ဝန်ကြီးဌာန)တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

❏ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အနာဂတ်လမ်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**ပိုမိုဆိုးရွားသည့်အခြေအနေ**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိန့်ခွန်းပြောကြားရာတွင် မသန်စွမ်းသူများသည် အခြားသူများနှင့်နှိုင်းယှဉ်ပါက လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေတို့တွင် အဆိုးရွားဆုံးပုံစံများကိုရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ယင်းအဆိုးရွားဆုံးပုံစံများအပေါ် ကျား၊ မ ဖြစ်ခြင်းနှင့် လူနည်းစု တိုင်းရင်းသားဖြစ်ခြင်း စသည့်အချက်များ ထပ်ပေါင်းထည့်လိုက်ပါက မသန်စွမ်းသူများသည် ပိုမိုဆိုးရွားသည့်အခြေအနေတို့ကို ကြုံတွေ့နေရသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထိုသို့ မသန်စွမ်းသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် မညီမျှမှုများလျှော့ချနိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပတ်ဝန်းကျင် လက်လှမ်းမီရရှိနိုင်ရေးမှာ အလွန်အရေးကြီးပါကြောင်း၊ သို့သော် လက်ရှိအချိန်အထိ ကျေးလက်ဒေသတွင်နေထိုင်သည့် မသန်စွမ်းသူများ၊ လူနည်းစုတိုင်းရင်းသား မသန်စွမ်းသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို လက်လှမ်းမီရရှိနိုင်ရေးအတွက် အတားအဆီးများ ပိုမိုကြုံတွေ့လျက်ရှိပါကြောင်း။

လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းသည် အခြားသူများနည်းတူသွားလာနိုင်ရေးနှင့် ပါဝင်နိုင်ရေးတို့အတွက် မသန်စွမ်းတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းကိရိယာနှင့် အစီအစဉ်တို့ကို ပံ့ပိုးပေးခြင်းဖြစ်ပါကြောင်း။

**အတည်ပြုလက်မှတ်ရေးထိုး**

ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်တွင် မသန်စွမ်းသူများ၏ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းကို ဦးတည်ချက်ပန်းတိုင် (၃)ရပ်ဖြင့် ဖော်ပြထားပါကြောင်း၊ ယင်းတို့မှာ မသန်စွမ်းသူများကိုဦးတည်သော ပညာရေးအထောက်အပံ့အစီအစဉ်များ တိုးမြှင့်ပေးခြင်းနှင့် တည်ဆောက်ပေးခြင်း၊ မသန်စွမ်းသူများလက်လှမ်းမီသည့် သယ်ယူပို့ဆောင်ရေးပံ့ပိုးစီစဉ်ပေးခြင်းနှင့် အများပြည်သူသုံးနေရာများအား မသန်စွမ်းသူများ လက်လှမ်းမီနိုင်ရန် လိုအပ်ချက်များကို ပံ့ပိုးပြောင်းလဲမှုပြုပေးခြင်းတို့ပင် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် သေချာစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ယင်းနောက် ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ (၂၀၁၇) တို့ကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ အဆင့်ကော်မတီများကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အလွတ်တန်းဆောင်းပါးပြိုင်ပွဲ (ပြင်ပ)တွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အဆိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

**(၄)ကြိမ် ပြုလုပ်နိုင်ခဲ့**

အမျိုးသားကော်မတီအစည်းအဝေးကို ၂၀၁၇ မှ ၂၀၁၉ ခုနှစ်အထိ (၄)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ယင်းအစည်းအဝေးများကနေ မသန်စွမ်းသူများ၏ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက် အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

**ဆပ်ကော်မတီ (၉)ခုကို ဖွဲ့စည်းဆောင်ရွက်**

ထို့အပြင် အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အထောက်အကူဖြစ်စေရန် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရေးရာ၊ သုတေသန၊ စောင့်ကြည့်အကဲဖြတ်၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ၊ နည်းပညာနှင့် လက်လှမ်းမီရရှိနိုင်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေ၊ တရားမျှတမှုရရှိပိုင်ခွင့်စသည့် ဆပ်ကော်မတီ (၉)ခုကို ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းမှု အမျိုးအစားအလိုက် အရေးကိစ္စတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းများကို မျက်မမြင်စာနှင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီး မျက်မမြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း ဆက်စပ်ဝန်ကြီးဌာနများ၊ Japan Heart အဖွဲ့တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အကြားအာရုံချို့ယွင်း မသန်စွမ်းသူများအတွက်လည်း နားမကြားသူများ သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ခွင့်သေချာစေရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး လက်သင်္ကေတပြဘာသာစကားကူညီပံ့ပိုးသူများ သင်တန်းတို့ကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

နည်းဥပဒေများကို မိတ်ဆက်ဖြန့်ချိနိုင်ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းသူများအတွက် မှိုစိုက်ပျိုးရေးအသိပညာပေးသင်တန်းတို့ကိုဖွင့်လှစ်ပေးခြင်း၊ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ် ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ်ကို ဖြန့်ချိခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင်Nippon Foundation နှင့် ပူးပေါင်းပြီး မသန်စွမ်းသူများအတွက် Information,Communication, Technology Training Center ကိုလည်း ဖွင့်လှစ်ပြီး သင်တန်းများ ပို့ချဆောင်ရွက်ပေးနေပါကြောင်း။

မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ပေါ်ထွက်လာစေရေးအတွက်လည်း မသန်စွမ်းမှုအဆင့်ကို သတ်မှတ်ဖော်ထုတ်မည့် အသက်အရွယ်အလိုက်မေးခွန်းလွှာများကို ပြုစုထားရှိပြီး ဖြစ်ပါကြောင်း။

**အစိုးရနှင့် ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်**

မသန်စွမ်းသူများ အလွယ်တကူ သွားလာနိုင်ရေးနှင့် စပ်လျဉ်းပြီး ရန်ကုန်မြို့တွင် "Future We Want" စမ်းသပ်စီမံကိန်းနှင့် အများပြည်သူသုံး မော်တော်ယာဉ်များနှင့် လူသွားလမ်းများတွင် မသန်စွမ်းသူများ အသုံးပြုနိုင်ရေး အဆင့်မြှင့်တင်ရန် အစိုးရနှင့် ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်တွင် မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့တွင် အလားတူ စမ်းသပ်စီမံကိန်း (၂)ခုကို မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၄ သို့*




မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ယူနီဆက်ဖ်(မြန်မာ)၏ ဌာနေကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူးတို့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်က First Global Disability Summit ကိုတက်ရောက်ခဲ့ပြီး မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် တရားမျှတမှု ရရှိပိုင်ခွင့် (Access to Justice)သေချာစေရေးအပါအဝင် အရေးတကြီးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လေ့လာသိရှိနိုင်ခဲ့ပါကြောင်း၊ ယင်းကတိကဝတ်များ၊ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပြင် ဒေသတွင်းသဘောတူညီချက်များကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများအတွက် ခိုင်မာသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ရေရှည်ဆောင်ရွက်သွားနိုင်ရန်မျှော်မှန်းပြီး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅) (မူကြမ်း) ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း။

ယခုနှစ် ဆောင်ပုဒ်အရ မသန်စွမ်းသူများအနေဖြင့် အခွင့်အရေးများကို အများနည်းတူ ရရှိခံစားနိုင်ရေးတွင် ဟန့်တားနေသည့် အတားအဆီးများကို ဖယ်ရှားပြီး အနာဂတ်တွင် အားလုံးပါဝင်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့အားလုံး အတူတကွ လက်တွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အနာဂတ်ကာလတွင် မသန်စွမ်းသူများအနေဖြင့် အများပြည်သူဆိုင်ရာနေရာများကို အဟန့်အတားမရှိ အလွယ်တကူသွားလာရောက်ရှိနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းအပြင် အလုပ်အကိုင်ရရှိမှုတို့ကို ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ ရရှိနိုင်ရေး၊ ပညာသင်ကြားခွင့် ရရှိနိုင်ရေး စသည်တို့ကို လက်လှမ်းမီရရှိနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအပါအဝင် လူသားအားလုံး လက်လှမ်းမီပါဝင်နိုင်မည့် အနာဂတ်လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေး ဆောင်ရွက်ရာတွင် မိမိတို့တစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိပါကြောင်း၊ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်းက သတ်မှတ်ထားရှိသည့် အချက်တစ်ခုသာဖြစ်ပြီး အမှန်တကယ်တွင် မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းအရာတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာအရေးကိစ္စတို့ကို လျစ်လျူရှုထားခြင်းနှင့် မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းသည်သာလျှင် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရှိသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် ထိခိုက်နှောင့်နှေးကြန့်ကြာစေနိုင်သည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများအားလုံး တန်းတူအခွင့်အရေးရရှိစေရန် ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် “အတားအဆီးကင်းရေး မျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေး ဖော်ဆောင်စို့” ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို အားလုံးပူးပေါင်းပြီး မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### သဝဏ်လွှာဖတ်ကြား

ထို့နောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာကို ယူနီဆက်ဖ် (မြန်မာ) ၏ ဌာနေကိုယ်စားလှယ် Ms. June Kunugiu က ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများကို ပေးအပ်ချီးမြှင့်ရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အလုပ်အကိုင်အခွင့်အလမ်းထူးချွန်ဆုနှင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ (ဝန်ကြီးဌာန) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ (ပြင်ပ) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အဆိုပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပန်းချီပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စစ်တုရင်ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် Global It Challenge The Good Award ရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး မသန်စွမ်းအမျိုးသား၊ အမျိုးသမီးငယ်များက တေးသီချင်းများဖြင့် သရုပ်ဖော်ကပြဖျော်ဖြေကြသည်။

### ကျေးဇူးတင်စကား ပြောကြား

ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

### မှတ်တမ်းတင် ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ယူနီဆက်ဖ်(မြန်မာ)၏ ဌာနေကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူးတို့သည် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များနှင့်လည်းကောင်း၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မသန်စွမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လိုက်လံကြည့်ရှုအားပေးကြသည်။

### (၂၈) ကြိမ် ရှိပြီဖြစ်

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်မှစတင်ပြီး နှစ်စဉ် အစဉ်အလာမပျက်ကျင်းပလာခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် (၂၈)ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မွန်အမျိုးသားပညာရေးကော်မတီ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် နေပြည်တော်၌ ရောက်ရှိနေသော မွန်အမျိုးသားပညာရေးကော်မတီ (Mon National Education Committee – MNEC)မှ တာဝန်ရှိသူများအား ယမန်နေ့ ညနေ ၃နာရီခွဲက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မွန်အမျိုးသားပညာရေးကော်မတီ (Mon National Education Committee – MNEC) မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မွန်အမျိုးသားပညာရေးကော်မတီ တာဝန်ရှိသူများက ဝေးလံခေါင်ဖျား၍ သွားလာရေးခက်ခဲသောဒေသများရှိ တိုင်းရင်းသားများအား မွန်အမျိုးသားပညာရေးကော်မတီအနေဖြင့် တိုင်းရင်းသားဘာသာစကား အခြေပြု ပညာရေးမူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်များတွင် အစိုးရသင်ရိုးများကို ထည့်သွင်းသင်ကြားမှု၊ ပညာရေးဝန်ကြီးဌာနက စစ်ဆေးသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုအောင်မြင်မှု၊ ဘွဲ့ရကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်မှုနှင့် ဘွဲ့ရသူများအား အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေမှု၊ မိခင်ဘာသာစကားအခြေပြု မူလတန်းပညာရေးစနစ်ကို ကောင်းမွန်စွာတည်ဆောက်ပေးနိုင်သည့် အခြေအနေ၊ လက်ရှိသင်ကြားပေးနေသော ဆရာ ဆရာမအရေအတွက်နှင့် ထောက်ပံ့ငွေပေးနေမှု၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားမှု၊ အစိုးရမှ တရားဝင် အသိအမှတ်ပြုရန်နှင့် နည်းပညာ၊ ဘဏ္ဍာရေး အကူအညီများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးရန်လိုအပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ ပြဋ္ဌာန်းထားရှိသည့် ပညာသင်ကြားခွင့်၌ တိုင်းရင်းသားများ တန်းတူညီမျှသောအခွင့်အရေးများ ရပိုင်ခွင့်ရှိသည်နှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ပညာရေးကဏ္ဍ၌ တိုင်းရင်းသားများ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ဘာသာစကား၊ စာပေ ရှင်သန်ဖွံ့ဖြိုးရေးကို မိမိတို့ကိုယ်တိုင်အလေးထား ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက မွန်အမျိုးသားပညာရေးကော်မတီ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ရန်ကိစ္စ၊ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဆောင်ရွက်ပေးနိုင်မှုနှင့် မွန်အမျိုးသားပညာရေးကော်မတီက ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



## ကော်မတီ၏ အပြီးသတ်အစီရင်ခံစာရေးသားနိုင်ရေးအတွက် အချက်အလက်များကို ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သည့် ကော်မတီ၏ အပြီးသတ်အစီရင်ခံစာရေးသားနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20)၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်တို့ တက်ရောက်ကြပြီး ကော်မတီ၏ အပြီးသတ်အစီရင်ခံစာရေးသားနိုင်ရေးအတွက် အချက်အလက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ပြတိုက်များရှိ ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများအား ထိန်းသိမ်းခြင်းနှင့် ထားသိုခြင်းဆိုင်ရာ စီမံခန့်ခွဲမှုဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

အာဆီယံနိုင်ငံများရှိ ပြတိုက်များတွင် ထိန်းသိမ်းထားရှိသည့် ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများအား ထိန်းသိမ်းခြင်းနှင့် ထားသိုခြင်းဆိုင်ရာစီမံခန့်ခွဲမှု ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် ပြတိုက်များ၏အခန်းကဏ္ဍသည် နိုင်ငံများအတွက် ယဉ်ကျေးမှုအချက်အချာဗဟိုဌာနတစ်ခုအဖြစ် ပိုမိုအရေးပါလျက်ရှိပါကြောင်း၊ ပြတိုက်များတွင် ထိန်းသိမ်းထားရှိသည့် ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများသည် ထိခိုက်ပျက်စီးလွယ်သော ဝတ္ထုပစ္စည်းများဖြစ်ပြီး အထူးနည်းလမ်းများဖြင့် ဂရုစိုက်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ကြွယ်ဝမှုများကို ပြတိုက်များမှတစ်ဆင့် သိရှိနိုင်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အာဆီယံနိုင်ငံများ၏ ပြတိုက်များရှိ ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများအား ထိန်းသိမ်းခြင်းနှင့် ထားသိုခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ကြုံတွေ့လာနိုင်သည့် ပြဿနာများ၊ ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် အကြံဉာဏ်များ မျှဝေရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြတိုက်ဆိုင်ရာ ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာနိုင်ငံအလိုက် ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများ ထိန်းသိမ်းရာတွင် ကြုံတွေ့ရသော အခက်အခဲများကို အကျဉ်းချုပ် တင်ပြကြပြီး တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပြတိုက်များတွင် ထိန်းသိမ်းထားရှိသည့် ပန်းချီများနှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများအား ထိန်းသိမ်း ခြင်းနှင့် ထားသိုခြင်းဆိုင်ရာစီမံခန့်ခွဲမှု ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ခုဖြစ်သည့် အဆိုပါ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပန်းချီများ နှင့် အဝတ်အထည်ဖြင့် ပြုလုပ်ထားသော အနုလက်ရာပစ္စည်းများနှင့် ပတ်သက်၍ ထိန်းသိမ်းရေးနည်းစနစ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်း၊ စာတမ်းများဖတ်ကြားခြင်းတို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Marianne Hagen အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-နော်ဝေ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုများအား ကူညီပံ့ပိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှု အခြေအနေများနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါနော်ဝေကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့်ညအပူချိန်များနှင့် မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဒီဇင်ဘာ ၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ဝ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ဝ ဒသမ ၂၃ လက်မဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အဏ္ဏဝါရေပြင်ဂေဟစနစ်နှင့် ငါးသယံဇာတ အခြေအနေများ၏ သုတေသနရလဒ်များ ထုတ်ပြန်ပေးအပ်ခြင်း အခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

အဏ္ဏဝါရေပြင်ဂေဟစနစ်နှင့် ငါးသယံဇာတအခြေအနေများ၏ သုတေသနရလဒ်များ ထုတ်ပြန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ငါးသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်း များနှင့် ဒေသခံပြည်သူများ ပေါင်းစည်းဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့် စွမ်းအားနှင့်အတူ မိမိတို့နိုင်ငံ၏ ပင်လယ်ပြင် ငါးသယံဇာတများကို လက်ရှိနိုင်ငံသားများအတွက်သာမက နောင်သားစဉ်မြေးဆက်အတွက်ပါ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်မည့် စနစ်တစ်ရပ် တည်ထောင်ထားနိုင်အောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကတိကဝတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်အပါအဝင် ပင်လယ်ကမ်းရိုးတန်း သယံဇာတများနှင့်ဆိုင်သည့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံ အစိုးရမှ Norwegian State Secretary Ms. Marianne Hagen နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Ms. Xiaojie Fan တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်း က Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြန်မာ့အဏ္ဏဝါရေပြင် ဂေဟစနစ်၊ ငါးသယံဇာတ အခြေအနေများ၏ သုတေသနရလဒ်များ အကျဉ်းချုပ်နှင့် နော်ဝေနိုင်ငံ၏ ရေငန်သုတေသနဌာနမှ Dr. Jens – Otto Krakstad က သိပ္ပံနည်းကျရှုထောင့်မှ အခြေခံ၍ ခြုံငုံသုံးသပ်ခြင်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan က Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြန်မာ့အဏ္ဏဝါရေပြင်ဂေဟစနစ်နှင့် ငါးသယံဇာတ အခြေအနေများ၏ သုတေသနရလဒ်များကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လက်ခံရယူပြီး**(ယာပုံ)** အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ လက်ရှိပိုင်ဆိုင်ထားသည့် ငါးသယံဇာတများကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းဆောင်ရွက်ရာတွင် အဏ္ဏဝါဂေဟစနစ်နှင့် ငါးသယံဇာတတည်ရှိမှုပမာဏအား ဆန်းစစ်ခြင်းသုတေသနလုပ်ငန်းများကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အစီအစဉ်အရ နော်ဝေနိုင်ငံ၏ Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ရေပြင် အတွင်း ၁၉၇၉၊ ၁၉၈၀၊ ၂၀၁၃၊ ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်များတွင် ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းကာ သုတေသနပြုဆောင်ရွက်ခဲ့ပြီး အဆိုပါသုတေသနလုပ်ငန်းများမှ ရရှိလာသည့် တွေ့ရှိချက်ရလဒ်များကို အခြေခံသည့် အကြံပေးသုံးသပ်ချက်များကို ငါးလုပ်ငန်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ချမှတ်ရာတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဒေသဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးမိတ်ဖက်အဖွဲ့ ဒေသတွင်းအစည်းအဝေးဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

အာရှဒေသဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးမိတ်ဖက်အဖွဲ့ (Asian Preparedness Partnership– APP) ကို အာရှဒေသအတွင်း ရှေ့ပြေးစီမံကိန်းအဖြစ် ကမ္ဘောဒီးယား၊ မြန်မာ၊ နီပေါ၊ ဖိလစ်ပိုင်၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် ဖွဲ့စည်းခဲ့ပြီး အဆိုပါ APP ၏ (၅) ကြိမ်မြောက် ဒေသတွင်း အစည်းအဝေးကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက APP သည် ဒေသတွင်းနှင့် နိုင်ငံတွင်းရှိ အစိုးရဌာန၊ ပုဂ္ဂလိကနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းမှုကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် ရည်ရွယ်၍ စတင်အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အဆိုပါအဖွဲ့အစည်းသုံးခုသည် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ချိန်များတွင် အစဉ်အလာအရ ပူးပေါင်းမှုများရှိသော်လည်း APP အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား စနစ်ကျနနိုင်မာစွာ ဆောင်ရွက်နိုင်ရန်နှင့် အာရှဒေသတွင်း ပေါင်းစည်းမှုစွမ်းအားဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူမှုအသိုက်အဝန်း တည်ဆောက်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒသည်ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းအပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့၏ ပူးပေါင်းမှုဖြင့် ဘေးသင့်ပြည်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများရှိစေရန်နှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူမှုအသိုက်အဝန်း တည်ဆောက်ရန် ဖြစ်ပါကြောင်း၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ မူဘောင်ဖြစ်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆန်ဒိုင်းမူဘောင်၏ ပန်းတိုင်တစ်ခုလည်းဖြစ်ပါကြောင်း။

APP၏ ပူးပေါင်းမှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ Myanmar Prepared–ness Partnership (MPP) ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ MPP သည် နိုင်ငံတော်တွင်း ဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် ရှေ့တန်းမှပူးပေါင်းဆောင်ရွက်ပေးနေသောဒေသခံအစိုးရအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများအား ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ APP နှင့် MPP အား ထူထောင်နိုင်စေရန် ကူညီပံ့ပိုးပေးခဲ့သော Bill & Melinda Gates Foundation, USAID နှင့် Asian Disaster Preparedness Center (ADPC) အား အသိအမှတ်ပြု ကျေးဇူး တင်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့်၌ နိုင်ငံတော်ဒုတိယသမ္မတ ဦးဆောင်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားသကဲ့သို့ MPP ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတွက် အားဖြည့်ပေးနိုင်ပါကြောင်း။




ထို့အတူ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇)သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်(SDGs)နှင့် ဆန်ဒိုင်းမူဘောင်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီချက်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP)နှင့် ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၏ပူးပေါင်းမှုဖြင့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်များတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန် ခိုင်မာအားကောင်းသည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ရာသီပြောင်းလဲမှုနှင့် ဘေးအန္တရာယ် ဒဏ်ခံနိုင်ရည်ရှိသည့် လူမှုအသိုက်အဝန်းဖြစ်စေရန်အတွက် ထိုစုပေါင်းအင်အားဖြင့် ပိုမိုထိရောက်သည့် ကယ်ဆယ်တုံ့ပြန်ရေးများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Bill and Melinda Gates Foundation(BMGF) မှ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့ခေါင်းဆောင် Dr. Valerie Bemoနှင့် ADPC ၏ အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ၊ Mr. Hans Guttmanတို့က APP အဖွဲ့ဝင် နိုင်ငံ(၆)နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအစည်းအဝေးကို ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအတွက် အရေးပါသကဲ့သို့ အခြားသော ဆက်စပ်ပတ်သက်သူများပါ ပိုမိုပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနား၏ ဒုတိယပိုင်း အစီအစဉ်တွင် APP ၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကိုကိုနိုင်၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များသည် ပူးတွဲဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်၍ APP ၏ ဦးဆောင်ကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါ အာရှဒေသဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့၏ (၅)ကြိမ်မြောက် ဒေသတွင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့က APP အဖွဲ့ဝင်များ၊ Bill and Melinda Gates Foundation(BMGF), ADPC တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်အဖြစ် ယနေ့တွင် APP ၏ ပူးတွဲ ဥက္ကဋ္ဌများဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကိုကိုနိုင်၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက ဦးဆောင်၍ ဆက်လက်ကျင်းပရာ အဖွဲ့ဝင်များက ရှေ့လာမည့် (၃)နှစ်အတွင်း APP ၏ Phase II အား ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် မျှော်မှန်းရလဒ်များ၊ APP အကောင်အထည်ဖော်ရေးအတွက် ဖွဲ့စည်းဆောင်ရွက်မည့် အစီအမံများ၊ (၂၀၂၀)တွင် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် APP ၏ ပူးတွဲဥက္ကဋ္ဌတာဝန်အား APP အဖွဲ့ဝင်နိုင်ငံဖြစ်သော နီပေါနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

## အငယ်ဆုံး အသက်ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ (၁၉၇၃)ကို မြန်မာနိုင်ငံကလက်ခံကျင့်သုံးနိုင်ရန် အတည်ပြုပါဝင်နိုင်ရေးကိစ္စ လွှတ်တော်က အတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် **တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်စန်းချစ် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်း ကော်မတီ၏ အစီရင်ခံစာ**အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ကြသည်။

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်နိုင်**က ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေသော နိုင်ငံဖြစ်သောကြောင့် အများစု၏ဆန္ဒကို လိုက်ပါဆောင်ရွက်ပြီး အနည်းစု၏ဆန္ဒကို လေးစားရမည် ဖြစ်ပါကြောင်း၊ အခြေခံယူဆချက်ခြင်း မတူညီသည့် ဥပဒေမူကြမ်း (၂) မျိုးကို ပေါင်းစပ်ဆောင်ရွက်မည်ကို လက်မခံနိုင်ပါကြောင်း၊ ထို့ကြောင့် ဗိုလ်မှူးချုပ် အောင်စန်းချစ် အပါအဝင် တပ်မတော်သား ၁၄၄ ဦးတင်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအတိုင်း ဆက်လက် ဆောင်ရွက်သွားရန်နှင့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်**က ဗိုလ်မှူးချုပ် အောင်စန်းချစ် တင်သွင်းသည့် ဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နည်းလမ်းအတိုင်း ဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြမည်ဆိုပါက ယခင်က တင်သွင်းထားသည့် ပြင်ဆင်ချက်ဥပဒေများနှင့် နောက်တင်သွင်းလာမည့် ဥပဒေမူကြမ်းများကိုပါ လွှတ်တော်တွင် အမြန်ဆုံးဆွေးနွေးဆုံးဖြတ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြင်ဆင် ဆွေးနွေးဆုံးဖြတ်နိုင်ကြမည်ဆိုပါက ပြည်သူများအတွက် ကောင်းကျိုးများကို အမြန်ဆုံးတွေ့ကြရမည်ဖြစ်ပြီး ပြည်သူများကလည်း အမြန်ဆုံးလိုချင်နေကြပါကြောင်း၊ ထို့ကြောင့် ဗိုလ်မှူးချုပ် အောင်စန်းချစ် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး တင်သွင်းထားသည့် ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါသည့် ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များပါ နည်းလမ်းများအတိုင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၈ နှင့်အညီ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ကြောင်း၊ သို့သော် လက်တွေ့တွင် ဆိုးရွားလှသော ကလေးအလုပ်သမားများ များပြားစွာရှိနေသေးသည့်အတွက် ကလေးသူငယ်များကို စာရွက်များအပေါ်တွင်သာကူညီ စောင့်ရှောက်ခြင်းမျိုးမဖြစ်စေလိုဘဲ တကယ့်လက်တွေ့တွင် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းနှင့်အတူ အဆိုပါ ပြဋ္ဌာန်းချက်အမှတ် -၁၃၈ ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများ ရရှိလာမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ဝက်လက် မဲဆန္ဒနယ်မှ ဦးမြင့်သိန်း** က အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO )၏ခန့်မှန်းချက်အရ ကလေးလုပ်သား စုစုပေါင်း ၁၅၂ သန်းရှိပြီး ကမ္ဘာအနှံ့တွင် ၁၀ ဦးလျှင် ၁ ဦးနှုန်း ကလေးအလုပ်သမားများအဖြစ် ရှိနေကြပါကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲမွဲတေခြင်း၊ အသိအမြင်အားနည်းခြင်း၊ ယဉ်ကျေးမှု သို့မဟုတ် မိသားစု ထုံးတမ်း အစဉ်အလာများရှိခြင်း၊ ကလေးလုပ်သားများ၏ လုပ်အားခ စျေးသက်သာခြင်း၊ အရည်အသွေးရှိသောပညာကို လက်လှမ်းမမီခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လက်နက်ကိုင် ပဋိပက္ခများရှိခြင်း၊ တရားဥပဒေနှင့် အရေးယူမှု အားနည်းခြင်း သို့မဟုတ် မရှိခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းများ မရှိခြင်းတို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ILOပြဋ္ဌာန်းချက်များကို အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် နိုင်ငံတစ်ခုအနေဖြင့် သေချာသော ပန်းတိုင်များချမှတ်လိုက်ခြင်း ဖြစ်သည့်အတွက် အငယ်ဆုံးအသက်ပြဋ္ဌာန်းချက် အမှတ် -၁၃၈ အတည်ပြုပါဝင်နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

### လွှတ်တော်ကိုယ်စားလှယ်များထောက်ခံဆွေးနွေး

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါ်လှငွေး (ခေါ်) ဒေါ်အုံးကြည်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်း၊



တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်နိုင်



ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ဝင်းမြင့်ချစ်



ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်**က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မပေါင်း ၄၅၇ ခု၏ပုဒ်မတစ်ခုချင်းစီကို တစ်ယောက်ချင်းစီက ပြင်ဆင်ချက်ဥပဒေမူကြမ်းတစ်ခုချင်းတင်သွင်းနေပါက ဥပဒေမူကြမ်းပေါင်း ၄၅၇ခု ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု ထံသို့ ပြည်သူလူထု ပိုင်သော အချုပ်အခြာအာဏာ ၁၀၀ ရာခိုင်နှုန်း အမြန်ဆုံး ရောက်ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင် ရေးပူးပေါင်း ကော်မတီက တင်ပြလာမည့် အစီရင်ခံစာနှင့်အတူ ယခု ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများကို တစ်ပြိုင်တည်း စိစစ်လေ့လာပြီး ပြည်ထောင်စု လွှတ်တော်တွင် ဆက်လက်ဆောင်ရွက်ပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းလွင်ဦး၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကောင်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေးဦးနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

### အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ယနေ့အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့ထားသော အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဥပဒေ ကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

### အငယ်ဆုံးအသက် ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ (၁၉၇၃) ကို မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်ရန် အတည်ပြုပါဝင်နိုင်ရေးကိစ္စဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အငယ်ဆုံး အသက်ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ (၁၉၇၃) ကို မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်ရန် အတည်ပြုပါဝင်နိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်**က အဆိုပါ အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ် - ၁၃၈ သည် ပြည်ထောင်စု လွှတ်တော်အနေဖြင့် ၂၀၁၉ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ အခန်း(၁၄) ပါ ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသည့် ပုဒ်မများနှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲအလုပ်သမားနှင့်ဆိုင်သည့် ဥပဒေများနှင့်သော်လည်းကောင်း ဆီလျော်ညီညွတ်မှုရှိခြင်း၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နေသည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၂၀၁၉ - ၂၀၂၃ ကိုလည်း အထောက်အကူပြုနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) ၏ နှစ် ၁၀၀ ပြည့်တွင် မြန်မာနိုင်ငံအနေဖြင့် အခြားကမ္ဘာ့နိုင်ငံ၊ အာဆီယံနိုင်ငံများနည်းတူ (ILO) နှင့် ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တိုင် ဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ခံကျင့်သုံးနိုင်ရန်နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်** က ကလေးသူငယ်များ အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ စာတမ်းများ လက်မှတ်ရေးထိုးခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်းများကို ကြိုဆိုပါ

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စိုးစိုးကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးကျော်သောင်းနှင့် ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်တို့က ဆက်လက်ဆွေးနွေးကြသည်။

### ဆွေးနွေးချက်တွင် ပါဝင်သည့် အကြံပြုချက်များကိုလည်း မှတ်သားထားရှိ၍ လိုအပ်သည်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ**က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်တွင် ပါဝင်သည့် အကြံပြုချက်များကိုလည်း မှတ်သားထားရှိ၍ လိုအပ်သည်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တခြားသော အာဆီယံနိုင်ငံများနည်းတူ လက်ခံကျင့်သုံးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း ထောက်ခံကြသည့်အတွက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က ပြဋ္ဌာန်းသတ်မှတ်ထားသည့် အငယ်ဆုံး အသက်ပြဋ္ဌာန်းချက် အမှတ် -၁၃၈ (၁၉၇၃) ကို မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်ရေးအတွက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

## လူငယ်များ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံထည့်သွင်းကျင်းပနိုင်ရန်လည်း ဆောင်ရွက်သွားရမည်ဖြစ်





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၃**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လူငယ်များဖွံ့ဖြိုးရေး ကဏ္ဍစုံထည့်သွင်း

အစည်းအဝေးတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (ရန်ကုန်)ကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခု လူငယ်ဘက်စုံပွဲတော်(မကွေး) ကို ပိုမိုကောင်းမွန်စွာ ကျင်းပသွားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူငယ်များဖွံ့ဖြိုးရေးအတွက် ကဏ္ဍစုံထည့်သွင်းကျင်းပနိုင်ရန်လည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လူငယ်များဖွံ့ဖြိုးရေးကို ရည်ရွယ်သည့် ကဏ္ဍသစ်များကိုလည်း ထည့်သွင်းဆောင်ရွက်သွားသင့်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များမှ ရရှိသည့် အတွေ့အကြုံများသည် လူငယ်များဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေသည့်အပြင် ၎င်းတို့၏ ဘဝအတွက် ခွန်အားဖြစ်စေရန် ရည်ရွယ်ပါကြောင်း။

### ဒစ်ဂျစ်တယ်အသိပညာပေးမှု

ယနေ့ခေတ် လူငယ်များသည် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍကို စိတ်ဝင်စားမှုများသည့်အတွက် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အသိပညာပေးမှုများကိုလည်း ပွဲတော်တွင် ထည့်သွင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နည်းပညာနှင့် ပတ်သက်၍ အသိပညာပေးရာတွင် ယူနီကုတ် ပြောင်းလဲသုံးစွဲမှုနှင့် သက်ဆိုင်သည့် အသိပညာအပြင် ပြောင်းလဲသုံးစွဲလာသည့် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုလည်း ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း။

ထို့ကြောင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် လူငယ်များအတွက် ရည်ရွယ်စဉ်းစားကာ သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပွဲတော်၏ အသိပညာပေး ပြခန်းများတွင်လည်း လူငယ်များ စိတ်ဝင်စားမှုရှိသည့်၊ လူငယ်များအတွက် အကျိုးရှိစေမည့် ကဏ္ဍသစ်များကို ဖော်ထုတ်ဆောင်ရွက်သွားစေလိုပါကြောင်း။

လူငယ်များအတွက် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရာတွင်လည်း လူငယ်များ စိတ်ဝင်စားမှုရှိသည့်၊ လူငယ်များကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့်ရှိသည့် စကားဝိုင်းများကို ဆောင်ရွက်သွားစေလိုကြောင်း၊ သို့မှသာ လူငယ်များအတွက် ရည်ရွယ်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများအပြင် နည်းပညာနှင့် သက်မွေးပညာ အထက်တန်းကျောင်းများနှင့် စက်မှု လက်မှုသိပ္ပံကျောင်းများကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းများက အသိပညာပေးပြခန်းများကိုလည်း ပါဝင်ပြသသွားမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ကြိုတင်စီစဉ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပွဲတော်တွင် စတုတ္ထမြောက် စက်မှုတော်လှန်ရေးနှင့် ပတ်သက်သည့် အသိပညာပေးအစီအစဉ်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နည်းပညာကဏ္ဍနှင့် သက်ဆိုင်သည့် အသိပညာပေးမှုများအပြင် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ၊ လူငယ်ကျန်းမာရေးဆိုင်ရာ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ၊ လူငယ်များ အသက်အရွယ်အလိုက် လူနေမှုဘဝဆိုင်ရာနှင့် ဂိမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုများကို ထည့်သွင်းကျင်းပသွားစေလိုပါကြောင်း။

### လူငယ်နှင့် သက်ဆိုင်သည့် စကားဝိုင်းများ

ထို့ပြင် နည်းပညာကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လူငယ်များ၏ အတွေ့အကြုံနှင့် လုပ်ဆောင်ခဲ့မှုများကို မျှဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာနှင့် သတင်းအချက်အလက်ဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍လည်း ပါဝင်ပြသသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပွဲတော်တွင် အသိပညာပေးပြခန်းများအပြင် လူငယ်နှင့် သက်ဆိုင်သည့် စကားဝိုင်းများကိုလည်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မကွေး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

### ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်မှုများတင်ပြ

ယင်းနောက် သက်ဆိုင်ရာဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ပွဲတော်ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို မြန်မာ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား လူငယ်များ၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပြပွဲ ရန်ကုန်မြို့၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့၏ ပေါင်းစပ်ညှိနှိုင်းမှု၊ ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မသန်စွမ်းသူအဖွဲ့အစည်းများ၊ ကျောင်းများ၏ စုပေါင်းပါဝင်မှုတို့ဖြင့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပြပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများနှင့် မသန်စွမ်းသူအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး(ယာပုံ) တိုင်းဒေသကြီးလွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသာအောင်က အမှာစကား ပြောကြား၍ အာဆီယံအထောက်အကူပြု ဘက်စုံစီမံချက်(၂၀၂၅)မှ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပါဝင်ဖော်ဆောင်စေခြင်း အသိပညာပေး ဗီဒီယိုကိုပြသည်။

ထို့နောက် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပြပွဲ ကျင်းပရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဟန်သူက အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများက အခမ်းအနားကျင်းပရေးအတွက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် မသန်စွမ်းသူများအဖွဲ့အစည်းများမှ မသန်စွမ်းသူများက အဆို၊ အက၊ အတီးနှင့် စက်ဘီးစီး စွမ်းရည်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-လှမိုး**



# ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း မဂွေ့ဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းသည် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မဂွေ့ဇ-ခေါင်လန်ဖူးလမ်း (၆၅/၄) မိုင် ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ခွဲ၍ အပြီးသတ်ဆောင်ရွက်လျက်ရှိသော မြေလမ်း ၅၂ မိုင် အနက် ကျောက်လမ်း ၃၄ မိုင်နှင့် တံတား ၁၉ စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ထို့နောက် လမ်းဖောက်လုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး မိုးရာသီကာလအတွင်း သဘာဝဘေးဒဏ်ရေတိုက်စားမှုများကြောင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်သော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေး၍ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဒေသခံများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မဂွေ့ဇမှ မိုင် ၄၀ အပြီးသတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လမ်းအူကြောင်းနှင့် တံတား/ရေပြွန်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

**တစ်ကြောင်းထိုး မြေလမ်း ၁၂ မိုင် ဖောက်လုပ်ပြီး**

မဂွေ့ဇ-ခေါင်လန်ဖူး (၆၅/၄) မိုင်အား ဆောလျင်စွာပြီးစီးရေးအတွက် မဂွေ့ဇမှ ရီဒမ်းအထိနှင့် ခေါင်လန်ဖူးမှ ရီဒမ်းအထိ အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ပြိုင်တည်းဖောက်လုပ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးသို့ ပို့ဆောင်ခဲ့သော စက်ယန္တရားနှစ်စီးဖြင့် ခေါင်လန်ဖူးမြို့မှ ယခုအခါ တစ်ကြောင်းထိုး မြေလမ်း ၁၂ မိုင် ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများနှင့် သင်တန်းသူများကို တွေ့ဆုံမှာကြားပြီး ကျောင်းဝင်းအတွင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ) (ဗဟို)က သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားစွဲထားခြင်းနှင့် စပ်လျဉ်း၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ) (ဗဟို)၏ သဘောထား ထုတ်ပြန်ချက်**

၁။ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား တရားစွဲဆိုထားကြောင်းကို မြန်မာနိုင်ငံအစိုးရဘက်သို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က တရားဝင် အကြောင်းကြားထားခဲ့ပါသည်။ ထိုကဲ့သို့ တရားစွဲဆိုထားမှုကို မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အပြည်ပြည်ဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်ဆိုသော တာဝန်သိမှုဖြင့် တရားစွဲဆိုလာမှုအပေါ် အလေးအနက်ထား ဖြေရှင်းသွားရမည်ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားတို့၏ အကျိုးစီးပွားတို့ကို ကာကွယ်ရန်အတွက် နယ်သာလန်နိုင်ငံ The Hague မြို့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် သွားရောက်ရန်စီစဉ်ထားကြောင်း သိရှိရပါသည်။

၂။ ထိုကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို မနစ်နာစေရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် စေတနာအလျောက် သွားရောက်ဆောင်ရွက်မည့်ကိစ္စကို သိရှိရသည့်အတွက် မိမိတို့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)(ဗဟို)က ကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။

၃။ ဤကဲ့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ သွားရောက်ဖြေရှင်းရာတွင် မှန်ကန်မျှတ၍ နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းပါစေရန် ထပ်ဆင့်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**
**(မြန်မာနိုင်ငံ)(ဗဟို)**

## အထူးဒေသ(၄) မိုင်းလားက နိုဝင်ဘာ ၃၀ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုချက်အား ရင်ဆိုင်ချေပရန်ကိစ္စနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်**

ဂမ်ဘီယာနိုင်ငံမှ မိမိတို့ မြန်မာနိုင်ငံအား တရားစွဲဆိုသည့် သတင်းကို ကျွန်တော်တို့ မီဒီယာများမှတစ်ဆင့် သိရှိရပါသည်။ မိမိတို့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ အထူးဒေသ(၄)နှင့် တစ်စုံတစ်ရာ ပတ်သက်နေသည့် ကိစ္စတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ကိုယ်စားလှယ်အဖွဲ့အား ကိုယ်တိုင်ဦးဆောင်ပြီး သွားရောက်ရင်ဆိုင်ချေပမည့် အပြုအမူကို လုံးဝထောက်ခံပါကြောင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ မြန်မာနိုင်ငံ၏ အသံကိုနားစွင့်၍ နားထောင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိတို့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အထူးဒေသ(၄) သည် ပစ်ခတ်မှုရပ်စဲပြီး ငြိမ်းချမ်းရေး နှစ်(၃၀)တာကာလအတွင်း တည်ဆောက်ခဲ့သည့် အောင်မြင်မှုရလဒ်သည် ငြိမ်းချမ်းဖွံ့ဖြိုးရေးလမ်းစဉ်အတိုင်း လျှောက်လှမ်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်ပြီး ပြည်သူလူထု၏ နေထိုင်မှုဘဝ သာယာဝပြောနိုင်မည်ကို သက်သေပြခဲ့ပါသည်။

**ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ**
**ရှမ်းပြည်နယ် အရှေ့ပိုင်း၊ အထူးဒေသ(၄)**
**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်**

## တိမ်အသင့် အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃** - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပထမအကြိမ် မြန်မာ-နော်ဝေ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ် မြန်မာ-နော်ဝေ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် နော်ဝေ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Marianne Hagen တို့က ဦးဆောင်ကျင်းပခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ကာ ဆက်လက်တိုးချဲ့နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့်ကဏ္ဍများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကိုလည်း ရှင်းလင်းအသိပေးခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂ၊ အာဆီယံနှင့် အာရှ-ဥရောပအစည်းအဝေး စသည့် ဒေသတွင်းနှင့် နိုင်ငံတကာ ဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

*ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတို့တွင် အခွင့်အရေးတန်းတူရည်တူရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် –*

*(စာတည်းအဖွဲ့)*

# ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှုတွေက ကာကွယ်တားဆီးရေးတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် တာဝန်လည်းရှိပါတယ်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စိုးစိုးကြည်**

*တွေ့ဆုံမေးမြန်း – နန္ဒာဝင်း*

## အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို ၂၀၁၂ ခုနှစ် ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဇ) အရ ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတို့တွင် အခွင့်အရေးတန်းတူရည်တူ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်သည်။



ဒေါက်တာခင်စိုးစိုးကြည်
(ကော်မတီ ဥက္ကဋ္ဌ)



ဒေါက်တာကြည်မို့မို့လွင်
(ကော်မတီ အတွင်းရေးမှူး)



ဦးဝင်းနိုင်
(ကော်မတီ အဖွဲ့ဝင်)

ထို့ပြင် ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုများကို တားဆီးနှိမ်နင်းရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်း၊ စစ်မှုထမ်းဆောင်စေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ရောင်းဝယ်မှုများကို ကာကွယ်တားဆီးခြင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးတို့ကို ဆောင်ရွက်ရသည်။



အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကော်မတီနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့အတူ ကျေးလက်နေပြည်သူများအား လူကုန်ကူးမှုနှင့်သက်ဆိုင်သော အသိပညာပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နည်းပညာနှင့် အခြားလိုအပ်သော အကူအညီများထောက်ပံ့ကူညီခြင်း၊ သဘာဝဘေးအန္တရာယ်၊ စစ်မက်အန္တရာယ်နှင့် အခြားအကြောင်းများကြောင့် ဘေးဒုက္ခရောက်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကူညီစောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အို အမျိုးသမီးများနှင့် ရင်ခွင်မဲ့ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ မကျန်းမာခြင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်းသော အမျိုးသမီးများ၊ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးနှင့် ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရေးတို့ကိုလည်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီက ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်။

ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်း၍ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို မြှင့်တင်ရန်၊ ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ပြီး လွှတ်တော်သို့ တင်ပြရမည်ဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် ၊ အသစ်ရေးဆွဲရန် လိုအပ်သည်ဟု တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်ဖြစ်ကာ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ကိစ္စရပ်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာခင်စိုးစိုးကြည်**
**ပြည် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ**
**ကော်မတီဥက္ကဋ္ဌ**

ကျွန်မတို့ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးကော်မတီဟာ ပြည်သူ့လွှတ်တော်မှာ နောက်ဆုံးမှ ပေါ်ပေါက်လာတဲ့ ကော်မတီဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှာ ပြည်သူ့လွှတ်တော်က အတည်ပြုတာဝန်ပေးအပ်ခဲ့တာဖြစ်ပြီး အဖွဲ့ဝင် ၁၅ ဦး၊ လေ့လာသူတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနဲ့ ၁၇ ဦး ပါဝင်ပါတယ်။

ကျွန်မတို့ ကော်မတီဟာ ပြည်သူလူထုအတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားရေး၊ နိုင်ငံခြားရေးရာတွေအတွက် လိုအပ်မယ်ဆိုရင် လွှတ်တော်ကော်မတီတွေကို ထပ်မံဖွဲ့စည်းနိုင်တယ်ဆိုတာ ပါရှိပါတယ်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နဲ့တစ်ရပ် အကြားမှာ ဆောင်ရွက်ဖို့လိုအပ်ရင် ဥက္ကဋ္ဌက ကော်မတီမှာ ပါဝင်ရမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပမယ့် လွှတ်တော်အစည်းအဝေးမှာ အတည်ပြုချက်ရယူရမယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ကော်မတီကို ထပ်မံဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်မတို့ နိုင်ငံမှာ လူဦးရေရဲ့ ၅၃ ရာခိုင်နှုန်းကျော်ဟာ အမျိုးသမီးတွေဖြစ်ပါတယ်။ ဒါ့အပြင် ၁၈ နှစ်အောက် ကလေးတွေကိုကြည့်မယ်ဆိုရင်လည်း ရာခိုင်နှုန်းများတဲ့အတွက် အမျိုးသမီးနဲ့ ကလေးသူငယ်တွေနဲ့ ပတ်သက်ရင် လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေလည်း များပြားတယ်၊ လိုအပ်ချက်တွေလည်း များပြားပါတယ်။ စိန်ခေါ်မှုတွေလည်း များပါတယ်။

ကျွန်မတို့ကော်မတီမှာ အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေက များပြားပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ကော်မတီရဲ့ တာဝန်ဝတ္တရားတွေမှာ အမျိုးသမီးနဲ့ ကလေးသူငယ်တွေ ဘက်စုံရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားရတာဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေဟာ ဘယ်ကဏ္ဍမှာမဆို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စတဲ့ ကဏ္ဍတွေမှာ အမျိုးသားတွေနဲ့ တန်းတူအခွင့်အရေး ရရှိနိုင်ရေး၊ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှုတွေက ကာကွယ်တားဆီးရေးတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့် တာဝန်လည်း ရှိပါတယ်။

ကလေးတွေအတွက်ဆိုရင် ကလေးသူငယ်တွေ၊ ကျောင်းနေအရွယ်တွေအားလုံး ပညာသင်ကြားနိုင်ဖို့ကိုလည်း ပညာရေးဝန်ကြီးဌာနနဲ့ ကျွန်မတို့ကော်မတီက ပူးပေါင်းပါဝင်ရမယ်ဆိုတာ တာဝန်ဝတ္တရားတစ်ခုအနေနဲ့ ပါဝင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေအရ၊ လူမှုရေးအခြေအနေအရ ကလေးတွေဟာ ကလေးအလုပ်သမားတွေအဖြစ်၊ ကလေးစစ်သားတွေအဖြစ် လုပ်ကိုင်ကြရတယ်။ ဒါပေမယ့် ကလေးတွေကို ကိုယ်အင်္ဂါရောင်းစားတယ်ဆိုတာ ကျွန်မတို့နိုင်ငံမှာ ရှားပေမယ့် ဒါတွေကို ဘယ်လိုကာကွယ်တားဆီးမယ်ဆိုတဲ့ ကိစ္စတွေ ဆောင်ရွက်ဖို့ တာဝန်လည်းရှိပါတယ်။

ဒါ့အပြင် ကလေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ အာဟာရပြည့်ဝဖို့ဆိုတာလည်း ကျွန်မတို့ ကော်မတီရဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်။ အမျိုးသမီးတွေနဲ့ ပတ်သက်ရင်လည်း အမျိုးသမီးတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့လည်း ကျွန်မတို့ ကြိုးစားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လူကုန်ကူးမှုတွေ၊ အကြမ်းဖက်မှုတွေကို ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ကြမလဲ၊ အမျိုးသမီးရော ကလေးသူငယ်တွေပါ လိင်အကြမ်းဖက်မှုတွေ လျော့ကျဖို့အတွက် ဆောင်ရွက်ဖို့ တာဝန်လည်း ပါဝင်လာတာကို တွေ့ရပါတယ်။

နောက်ပြီး ကျွန်မတို့လုပ်ရမယ့် တာဝန်တွေထဲမှာ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီဖြစ်တဲ့အတွက် ဥပဒေပြုရေးကိစ္စတွေဟာ အရေးအကြီးဆုံးတာဝန် ဖြစ်ပါတယ်။ ဥပဒေပြုရေးကိစ္စအပြင် လွှတ်တော်ကော်မတီ တစ်ရပ်တိုင်းမှာ ပေးအပ်ထားတဲ့ ပြုပြင်ရမယ့်၊ လေ့လာရမယ့်၊ အသစ်ရေးဆွဲသင့်တဲ့ ဥပဒေတွေရှိပါတယ်။ တာဝန်ခွဲဝေပေးထားပါတယ်။ ကျွန်မတို့ ကော်မတီအတွက်က ဥပဒေ ၁၈ ခုရှိပါတယ်။ ဒီဥပဒေ ၁၈ ခုက အဓိက အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေနဲ့ ပတ်သက်တဲ့ဥပဒေတွေပဲ ဖြစ်ပါတယ်။ ဒီဥပဒေတွေထဲက အများစုက ဘာသာပေါင်းစုံက အမျိုးသမီးတွေရဲ့ လက်ထပ်ခြင်း၊ ကွာရှင်းခြင်း စတဲ့ ဥပဒေတွေ အများကြီး ပါဝင်ပါတယ်။ တစ်လင်တစ်မယားစနစ်လို ဥပဒေတွေကလည်း ကျွန်မတို့ကော်မတီက ဆောင်ရွက်ရမယ့် တာဝန်ထဲမှာ ပါဝင်ပါတယ်။ *စာမျက်နှာ ၁၁ သို့*



အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အမျိုးသမီးများအကြမ်းဖက်မှု ကာကွယ်ရေးဥပဒေနှင့် ပြည့်တန်ဆာဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆွေးနွေးစဉ်။

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု





အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် Gender Equality Network အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် UNICEF အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၁၀ မှ*

နောက်ပြီး အရေးကြီးတဲ့ဥပဒေတွေကတော့ ကလေးသူငယ်အခွင့်အရေးဥပဒေနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွေဖြစ်ပါတယ်။ ဒီဥပဒေတွေကို လွှတ်တော်က အတည်ပြုပြီးသွားပြီ။ ဒီဥပဒေတွေကို အသုံးပြုရာမှာ အသုံးပြုတဲ့သက်ဆိုင်ရာ အဖွဲ့အစည်းတွေ လုပ်ငန်းအဆင်ပြေ ချောမွေ့အောင်၊ ပြည်သူတွေ လိုက်နာဆောင်ရွက်ဖို့ အဆင်ပြေရဲ့လားဆိုတာ (Post–Legislative Scrutiny – PLS ) အနေနဲ့ ဥပဒေထွက်ပြီး ခြောက်လ နောက်ပိုင်းမှာ ဆက်ပြီးဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။

အမျိုးသမီးတွေအတွက် အကြမ်းဖက်မှုကာကွယ်ရေး ဥပဒေက တော်တော် ခရီးရောက်နေပြီဖြစ်ပါတယ်။ 0 Draft က အခုအချိန်မှာ Last Draft အဆင့်အထိ ရောက်နေပြီဆိုတာ ကြားသိရပါတယ်။ ဒီ အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေးဥပဒေဟာ ကျွန်မတို့ အမျိုးသမီးတွေကို အဓိကအကာအကွယ်ပေးမယ့် ဥပဒေဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ကော်မတီအနေနဲ့ စိတ်ဝင်တစား လေ့လာနေကြပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ဌာနတွေနဲ့လည်း ဆွေးနွေးနေဆဲဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးတွေအတွက် အရေးကြီးတဲ့ ဥပဒေတစ်ခုဖြစ်တဲ့ ပြည့်တန်ဆာဆိုင်ရာ ဥပဒေကတော့ အခုအချိန်မှာ 0 Draft အနေနဲ့ ရှိနေပြီး ဆက်လက်ဆွေးနွေးနေဆဲ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီကိစ္စတွေမှာ ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ခေါင်းပုံဖြတ်ခံရမှုတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးတာတွေ၊ ခွဲခြားဆက်ဆံခံရတာတွေ ကြုံတွေ့နေရတဲ့အတွက် ဒီဥပဒေကိုလည်း အကောင်းဆုံးဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ရော၊ လွှတ်တော်ကော်မတီတစ်ရပ်အနေနဲ့ရော၊ အဖွဲ့အစည်းပေါင်းစုံက ပူးပေါင်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်မတို့ ကော်မတီက လုပ်ဆောင်ရမယ့် တာဝန်တွေကို သက်ဆိုင်တဲ့ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သူတို့ဆီက နည်းပညာအကူအညီတွေ၊ ငွေကြေးအကူအညီတွေ ရနိုင်ပါတယ်။ ဒါမှသာ ကျွန်မတို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ အမျိုးသမီးတွေရဲ့ အခြေအနေ၊ ကလေးသူငယ်တွေရဲ့ အခြေအနေတွေကို ကွင်းဆင်းလေ့လာကြရပါမယ်။ တွေ့ရှိတဲ့ တွေ့ရှိချက်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့တွေကို လွှတ်တော်ဥက္ကဋ္ဌက တစ်ဆင့်အကြံပြု ဆွေးနွေးတင်ပြပေးရမှာ ဖြစ်ပါတယ်။ ကျွန်မတို့မှာ လိုအပ်ချက်များစွာရှိတဲ့အတွက် အဓိက ဦးစားပေး၊ ပထမဦးစားပေး၊ ဒုတိယဦးစားပေးဆိုပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ မုဒိမ်းမှုတွေလည်း ရှိနေတယ်။ သို့သော်လည်း ဒါသည် အရင်ခေတ်တွေကလည်း ရှိခဲ့တာဖြစ်ပါတယ်။ ဒီခေတ် ဒီအခါမှာ ပွင့်လင်းမြင်သာလာတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတွေက အဓိက Focal အနေနဲ့ ဆောင်ရွက်နေပါတယ်။ ဆက်သွယ်တိုင်ကြားလို့လည်း ရပါတယ်။ လူမှုအထောက်အပံ့တွေ အကူအညီတောင်းလို့ရပါတယ်။

ဒါကြောင့် သက်ငယ်မုဒိမ်းအပါအဝင် အမျိုးသမီးလိင်အကြမ်းဖက်မှုကိစ္စတွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် အားလုံးပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဥပဒေအရလည်း အကြမ်းဖက်မှုကာကွယ်ရေးဥပဒေသာ ထွက်ခဲ့မယ်ဆိုရင် အကြမ်းဖက်မှုမျိုးစုံကို အခုထက်ပိုပြီး စနစ်တကျ တားဆီးကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ တားဆီးကာကွယ်နိုင်ဖို့ကို အများပြည်သူရော၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ပြောကြားလိုပါတယ်။

**ဒေါက်တာကြည်မို့မို့လွင်**
**စဉ့်ကိုင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ**
**ကော်မတီ အတွင်းရေးမှူး**

ကျွန်မတို့ ကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၊ ဥပဒေတွေနဲ့အညီ ကော်မတီအစည်းအဝေးတွေ ကျင်းပခွင့်ရှိပါတယ်။ အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့အညီ လက်ခံတွေ့ဆုံခြင်း၊ ဆွေးနွေးခြင်း၊ သတင်းထုတ်ပြန်ခြင်းတွေကို ကျွန်မတို့ ဆောင်ရွက်ရပါတယ်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေကို လက်ခံတွေ့ဆုံတာတွေလည်း ရှိပါတယ်။ ယူနီဆက်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွေနဲ့လည်း လက်ခံတွေ့ဆုံ ဆွေးနွေးကြပါတယ်။

> **“သက်ငယ်မုဒိမ်းအပါအဝင် အမျိုးသမီးလိင်အကြမ်းဖက်မှုကိစ္စတွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် အားလုံးပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဥပဒေအရလည်း အကြမ်းဖက်မှုကာကွယ်ရေးဥပဒေသာ ထွက်ခဲ့မယ်ဆိုရင် အကြမ်းဖက်မှုမျိုးစုံကို အခုထက်ပိုပြီး စနစ်တကျ တားဆီးကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ တားဆီးကာကွယ်နိုင်ဖို့ကို အများပြည်သူရော၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရော၊ လွှတ်တော်ကိုယ်စားလှယ်တွေရော ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်”**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ၊ ပြည့်တန်ဆာဆိုင်ရာ ဥပဒေဆိုပြီး ထွက်ပေါ်လာရေးအတွက် လိုအပ်ချက်တွေကို ဆွေးနွေးနေဆဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ကော်မတီနဲ့ဆိုင်တဲ့ လုပ်ငန်းတွေအတွက် ကွင်းဆင်းဆောင်ရွက်နေတာတွေရှိပါတယ်။

ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနဲ့ ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာမှာ ပြည်သူလူထုအခြေပြု အသိပညာပေးဆွေးနွေးခြင်းနဲ့ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ခရီးစဉ်မှာ ကျွန်မတို့ လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ ကော်မတီအနေနဲ့ ခရီးစဉ်နှစ်ခုထွက်ပြီး သွားပါပြီ။ ပဲခူးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွေဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ခရီးစဉ်မှာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနဲ့ ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီးကတိုင်းဒေသကြီး၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင်တွေနဲ့ မြို့နယ်ကော်မတီကဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေနဲ့ တွေ့ဆုံပြီး အသင်းရဲ့ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်အင်အားတွေ၊ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းနဲ့ သားဖွားခန်း ဆောင်ရွက်ထားတဲ့ကိစ္စတွေမှာ ကွင်းဆင်းလေ့လာခြင်းတွေ ဆောင်ရွက်ပါတယ်။ ကျွန်မတို့သွားတဲ့ ခရီးစဉ်တွေမှာ တွေ့ရှိချက်တွေ၊ အားနည်းချက်၊ အားသာချက်တွေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံကို ကျွန်မတို့ အမြဲတမ်းအစီရင်ခံစာတင်ပါတယ်။

မန္တလေးတိုင်းဒေသကြီး ခရီးစဉ်မှာတော့ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေးအတတ်သင်ကျောင်း၊ One Stop Women Support Center တွေ၊ မသန်စွမ်းကလေးများသင်တန်းကျောင်း၊ နားမကြားကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးကျောင်းတွေ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းတွေနဲ့ မန္တလေး ကလေးပြုစုရေးဌာနတွေကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက သွားရောက်လေ့လာခဲ့ပါတယ်။ နောက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အမျိုးသမီးကော်မတီတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ကော်မတီတွေနဲ့ အားနည်းချက်၊ အားသာချက်တွေကို ကျွန်မတို့တွေ သိရှိခွင့်ရခဲ့ပါတယ်။ အဲဒီနေ့မှာရှိတဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံ ခဲ့ပါတယ်။

ဒီလိုခရီးစဉ်တွေ သွားရောက်တဲ့အခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ လူငယ်သင်တန်းကျောင်းတွေ၊ အမျိုးသမီးသင်တန်းကျောင်းတွေမှာ လိုအပ်ချက်တွေ အခြေခံအဆောက်အဦပိုင်းမှာ အားနည်းချက်တွေ တွေ့ရှိခဲ့ရပါတယ်။ မူဝါဒပိုင်း အားနည်းချက်အချို့ကိုလည်း ကျွန်မတို့အနေနဲ့ အကြံပြုသုံးသပ်တာတွေ ရှိပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်လို့လည်း ကျွန်မတို့ရဲ့ လေ့လာတွေ့ရှိချက်၊ အားနည်းချက်၊ အကြံပြုချက်တွေ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံကို အစီရင်ခံစာတင်ပြီး ဖြစ်ပါတယ်။

ကျွန်မတို့ ကော်မတီအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေနဲ့ ပတ်သက်တာတွေ၊ နစ်နာမှုတွေကို ကျွန်မတို့က အစိုးရဝန်ကြီးဌာနတွေနဲ့ရော ပြည်တွင်း၊ ပြည်ပအရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကြောင့် ကျွန်မတို့ ကော်မတီကို အကြံပြုချင်တာ၊ အကြံဉာဏ်ရယူချင်တာ ရှိရင် ကျွန်မတို့ကော်မတီကို ဆက်သွယ်ဆောင်ရွက်လို့ ရပါတယ်လို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဝင်းနိုင်**
**မိုးကောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ**
**ကော်မတီအဖွဲ့ဝင်**

ကော်မတီကို ဖွဲ့စည်းတဲ့နေ့မှာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက အမျိုးသမီး၊ ကလေးသူငယ်နဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ဖို့၊ ကွင်းဆင်းဆောင်ရွက်ဖို့ တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီလို တာဝန်ပေးချက်အတိုင်းပဲ ကျွန်တော်တို့ လွှတ်တော် အစည်းအဝေးနားရက်တွေမှာ ကျွန်တော်တို့ ကွင်းဆင်းဆောင်ရွက်ခဲ့တာတွေရှိပါတယ်။

ကွင်းဆင်းဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကြီးထံ အစီရင်ခံတင်ပြရပါတယ်။ ကွင်းဆင်းဆောင်ရွက်ရာမှာ တွေ့ရှိရတဲ့ အားနည်းချက်တွေ၊ အခက်အခဲတွေနဲ့ ပတ်သက်ပြီး ကူညီဆောင်ရွက်နိုင်ဖို့ မေးခွန်းမေးမြန်းတာ၊ အဆိုတင်သွင်းတာတွေ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ကော်မတီမှာ ဆုံးဖြတ်ထားတာတွေရှိပါတယ်။

နောက်တစ်ခုက ဥပဒေနဲ့ ပတ်သက်ရင်လည်း ကျွန်တော်တို့ စိစစ်ရတာတွေ ရှိပါတယ်။ အမျိုးသမီးများနဲ့ ပတ်သက်ပြီး အရေးအကြီးဆုံး ဥပဒေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်နေတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကနေ ကာကွယ်တားဆီးတဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ စိစစ်ရပါတယ်။ အမျိုးသမီးများအပေါ် ဖိနှိပ်ညှဉ်းပန်းမှုတွေက ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။ အရင်က ပြည့်တန်ဆာတွေနဲ့ ပတ်သက်ရင်လည်း နှိပ်ကွပ်ခဲ့တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ပြည့်တန်ဆာတွေအပေါ်မှာ အမျိုးမျိုးခေါင်းပုံဖြတ်တာကို ကာကွယ်တားဆီးနိုင်ဖို့၊ ပြည်သူတွေရဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့ ဥပဒေကြမ်းတွေမှာ ထည့်သွင်းရေးဆွဲတာလည်း တွေ့ရှိရပါတယ်။

နိုင်ငံတော်အစိုးရကလည်း အမျိုးသမီးနဲ့ ကလေးသူငယ်တွေအတွက် ဘတ်ဂျက်တွေသုံးစွဲပြီး ဝန်ကြီးဌာနတွေနဲ့ ဖြည့်ဆည်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ လွှတ်တော်ကလည်း အမျိုးသမီးနဲ့ ကလေးသူငယ်နဲ့ ပတ်သက်ပြီး ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကူညီဆောင်ရွက်နေတာ၊ ကာကွယ်တားဆီးနေတာတွေ ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဖြည့်ဆည်းဆောင်ရွက်မှုတွေ၊ လွှတ်တော်ကပြဋ္ဌာန်းတဲ့ ဥပဒေတွေ အမှန်တကယ် သက်ဝင်ဖို့ဆိုရင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ ရမှာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးအတွက်ကိုလည်း အသိပညာပေးလုပ်ငန်းတွေ လိုအပ်ပါတယ်။

ကျွန်တော်တို့ ကော်မတီကို အမျိုးသမီးနဲ့ ကလေးသူငယ်တွေနဲ့ ပတ်သက်တဲ့အခက်အခဲတွေရှိရင် အချိန်မရွေး တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားစာတွေကို အတတ်နိုင်ဆုံး ဘယ်လိုအရေးယူဆောင်ရွက်သွားနိုင်မလဲဆိုတာ တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။

# အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသတင်းများ

PHILIPPINES 2019 30TH SEA GAMES

## မုန်တိုင်းအခြေအနေကြောင့် ဆီးဂိမ်းပြိုင်ပွဲအားကစားနည်းအချို့ ရွှေ့ဆိုင်းခဲ့ရ

**မနီလာ ဒီဇင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်တိုက်ခတ်လျက်ရှိသည့် ကမ်မူရီမုန်တိုင်းကြောင့် အကြိမ်(၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲမှ အားကစားနည်းအချို့ ရွှေ့ဆိုင်းခဲ့ရသည်။

မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်နေသည့် အားကစားနည်းများအနက် ဆူဘစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်းနှင့် ကနူး/ကယက်ပြိုင်ပွဲ၊ ကလာ့ခ်မြို့တွင် ကျင်းပလျက်ရှိသည့် ပီတန်းပြိုင်ပွဲတို့ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ပိုက်ကျော်ခြင်းနှင့် ပီတန်းပွဲစဉ်များကို ဒီဇင်ဘာ ၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကနူး/ကယက် ပွဲစဉ်များကိုမူ ဒီဇင်ဘာ ၆ ရက်၊ ၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ မုန်တိုင်းအခြေအနေကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားပြီး ဒီဇင်ဘာ ၃ ရက်တွင် မြို့အများစု၌ မိုးများရွာသွန်းလျက်ရှိသည်။ မနီလာမြို့ရှိ လေဆိပ်ကိုလည်း ခေတ္တပိတ်ထားကာ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ထွက်ခွာမည့်သူများ၊ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်မည့်သူများ လေဆိပ်၌ အချိန်ကြာမြင့်စွာ သောင်တင်လျက်ရှိသည်။ ယင်းအထဲတွင် မြန်မာ အားကစားသမားများလည်းပါဝင်ရာ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ထွက်ခွာလာသည့် အားကစားအဖွဲ့များမှာထိုင်းနိုင်ငံလေဆိပ်၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ ရသည်။

**စိုးညွန့်**



ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်း အပါအဝင် မြားပစ်အားကစားအဖွဲ့မှ ၁၈ ဦး၊ ပြေးခုန်ပစ်အဖွဲ့မှ သုံးဦး၊ ဘီလိယက်အဖွဲ့မှ နှစ်ဦး၊ ကြက်တောင်အဖွဲ့ နှစ်ဦး၊ ပီတန်းနှစ်ဦး၊ စစ်တုရင်အဖွဲ့ နှစ်ဦး၊ Rowing အဖွဲ့ ၁၄ ဦး စုစုပေါင်း ၄၄ ဦးတို့သည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြား ရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ သက်ဆိုင်ရာဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ အာကာစိုး

### အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

PHILIPPINES 2019 30TH SEA GAMES

၃-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၄၇ | ၃၁ | ၁၇ | ၉၅ |
| ဗီယက်နမ် | ၂၃ | ၂၇ | ၂၅ | ၇၅ |
| မလေးရှား | ၁၈ | ၅ | ၁၄ | ၃၇ |
| အင်ဒိုနီးရှား | ၁၂ | ၂၀ | ၁၈ | ၅၀ |
| ထိုင်း | ၈ | ၁၃ | ၂၁ | ၄၂ |
| စင်ကာပူ | ၈ | ၁၀ | ၁၆ | ၃၄ |
| မြန်မာ | ၁ | ၆ | ၂၀ | ၂၇ |
| ဘရူနိုင်းဒါရူဆလမ် | ၁ | ၄ | ၅ | ၁၀ |
| ကမ္ဘောဒီးယား | ၁ | ၃ | ၁၇ | ၂၁ |
| လာအို | ၀ | ၀ | ၆ | ၆ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

❒ *ကျော်ဖုံးမှ*

မြန်မာဝူရှူးအဖွဲ့သည် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ထောက်လုကစားသမား ငါးဦး၊ ဆန်းဆို ကစားသမား ခုနစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာဝူရှူးအဖွဲ့အားသာသည့် စန္ဒီဦးနှင့် အေးသစ္စာမြင့်တို့၏ ပွဲစဉ်များ ပါဝင်လာခြင်းမရှိသောကြောင့် ဆုတံဆိပ်ရယူနိုင်ရန် ရုန်းကန်ခဲ့ရခြင်း ဖြစ်သည်။

ဝူရှူးပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပြီး ဖိလစ်ပိုင်အသင်းက ရွှေခုနစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာ ရခဲ့ကာ ဗီယက်နမ်အသင်းက ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးခုနစ်ခု၊ အင်ဒိုနီးရှားအသင်းက ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခု၊ မလေးရှားအသင်းက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု၊ ဘရူနိုင်းအသင်းက ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေး နှစ်ခု၊ စင်ကာပူအသင်းက ရွှေတစ်ခု၊ ငွေ တစ်ခု၊ မြန်မာအသင်းက ငွေတစ်ခု၊ ကြေး သုံးခု၊ ထိုင်းအသင်းက ငွေတစ်ခု၊ ကြေးနှစ်ခု၊ လာအိုအသင်းက ကြေးသုံးခု ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

❂ *ကျော်ဖုံးမှ*

ပထမဆုံး ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒြေဖူးရရှိသည့် ရွှေတံဆိပ်ဆုမှာ ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက် ပထမဆုံးရွှေတံဆိပ်ဖြစ်ခဲ့သလို မြန်မာ Arnis အဖွဲ့အတွက်လည်း ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ပထမဆုံးရယူနိုင်သည့် ရွှေတံဆိပ်ဖြစ်ခဲ့သည်။ အခြားစွမ်းရည်ပြ ပြိုင်ပွဲများတွင် မြန်မာကစားသမားများမှာ ကြေးတံဆိပ်ဖြင့် ကျေနပ်ခဲ့ရပြီး အမျိုးသားရိုးရာအပြ ပြိုင်ပွဲတွင် ဘီဘီကျော်အောင်၊ စိတ်ကြိုက်အပြအမျိုးသားပြိုင်ပွဲတွင် ရာဇာထွန်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် အယ်ရှီးလာမင်းနိုင်တို့က ရယူနိုင်ခဲ့သည်။

ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် အိန္ဒြေ ဖူးက "အခုလို ရွှေတံဆိပ်ရခဲ့တာ ဝမ်းသာပါတယ်။ နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဖြစ်ခဲ့လို့ ပိုပြီး ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

Arnis ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက် မှ ၃ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာအသင်းက ရွှေတစ်ခု၊ ငွေငါးခု၊ ကြေး ၁၅ ခုဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် တတိယနေရာရရှိခဲ့သည်။ ပြိုင်ပွဲအမျိုးအစား ၂၀ ထည့်သွင်းကျင်းပခဲ့ပြီး ဖိလစ်ပိုင်အသင်းက ရွှေ ၁၅ ခု၊ ငွေနှစ်ခု၊ ကြေးသုံးခု၊ ဗီယက်နမ်အသင်းက ရွှေသုံးခု၊ ငွေ ၁၁ ခု၊ ကြေးခြောက်ခု၊ ကမ္ဘောဒီးယားအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေး ၁၇ ခု ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ပရီမီယာလိဂ်ပွဲစဉ် (၁၅) မန်ယူနှင့် တော့တင်ဟမ် ယှဉ်ပြိုင်ကစားမည်

ပရီမီယာလိဂ်ပွဲစဉ် (၁၅) ကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဆိုးလ်ရှား၏ မန်ယူနှင့် နည်းပြသစ် မော်ရင်ဟို၏ တော့တင်ဟမ်အသင်းတို့ တွေ့ဆုံနေသည်။ မန်ယူအသင်း၏ နောက်ဆုံးငါးပွဲကိုကြည့်လျှင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပြီး တော့တင်ဟမ်အသင်း၏ နောက်ဆုံးငါးပွဲကိုကြည့်လျှင် လေးပွဲအထိအနိုင်ရရှိထားပြီး တစ်ပွဲသရေကျထားသည်။

### ပရီမီယာလိဂ် ဂိုးသွင်းအများဆုံးစာရင်းတွင် ဗာဒီ ဦးဆောင်

ပရီမီယာလိဂ် ဂိုးသွင်းအများဆုံးစာရင်းတွင် လက်စတာစီးတီးအသင်းမှ ဗာဒီက ၁၃ ဂိုးဖြင့် ဦးဆောင်လျက်ရှိပြီး ၎င်းနောက်တွင် ချယ်လ်ဆီးအသင်းမှ အေဗရာဟမ်က ၁၀ ဂိုး၊ အာဆင်နယ်အသင်းမှ အူဘာမီယန်က ၁၀ ဂိုး၊ မန်စီးတီးအသင်းမှ အဂူရိုက ကိုးဂိုး၊ လီဗာပူးမှ မာနေးက ရှစ်ဂိုးသွင်းယူထားကြောင်း မှတ်တမ်းများအရ သိရသည်။

### မန်ယူနှင့် ၎င်း၏ကံကြမ္မာ တော့တင်ဟမ်နှင့် မန်စီးတီးအပေါ်တွင် မူတည်

မန်ယူနည်းပြ ဆိုးလ်ရှားသည် မန်ယူအသင်းနှင့် ၎င်း၏ကံကြမ္မာသည် လာမည့် တော့တင်ဟမ်နှင့် မန်စီးတီးအသင်းတို့အပေါ်တွင် မူတည်နေသည်ဟု ကစားသမားများကို ပြောဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ၂၀၁၉ Ballond'Or ဆု မက်ဆီ ခြောက်ကြိမ်မြောက် ဆွတ်ခူး




ပြင်သစ်ဘောလုံးမဂ္ဂဇင်းမှ ချီးမြှင့်သည့် Ballond'Or ၂၀၁၉ ရွှေဘောလုံးဆုအတွက် ဆုပေးပွဲကို ဒီဇင်ဘာ ၂ ရက် တနင်္လာနေ့ ညပိုင်းက ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပခဲ့ရာ အာဂျင်တီးနားနိုင်ငံသား ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီသည် ခြောက်ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

Ballond'Or ဆုကို ၁၉၅၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ အခြေစိုက်ဘောလုံးမဂ္ဂဇင်းက စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ၆၈၆ မဲဖြင့် လီဗာပူးနောက်တန်းကစားသမား ဗန်ဒိုက်နှင့် ဂျူဗင်တပ်စ်တိုက်စစ်မှူး စီရော်နယ်ဒိုတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ဗန်ဒိုက်သည် ၆၇၉ မဲဖြင့် ဒုတိယရရှိခဲ့ပြီး စီရော်နယ်ဒိုသည် ၄၇၆ မဲဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ မက်ဆီသည် Ballond'Or ဆုကို ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ယခုနှစ်တွင် ခြောက်ကြိမ်မြောက်ရရှိခဲ့ပြီး အများဆုံးရပ်တည်နေကာ ရွှေဘောလုံးဆု ဒုတိယနေရာကို မက်ဆီသည် ငါးကြိမ်ရရှိထားသည်။ စီရော်နယ်ဒိုသည် ရွှေဘောလုံးဆုကို ၂၀၀၈ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ငါးကြိမ်ဆွတ်ခူးထားပြီး ဒုတိယနေရာကို ခြောက်ကြိမ်ရရှိထားသည်။ ယမန်နှစ် ၂၀၁၈ ခုနှစ်တွင် ရီးရဲမက်ဒရစ်ကစားသမား လူကာမိုဒရစ်သည် စီရော်နယ်ဒိုနှင့် ဂရေ့စ်မန်းတို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးအကောင်းဆုံးဆုကို အမေရိကန်နိုင်ငံသူ ရာပီနိုက ရရှိခဲ့ပြီး အသက် ၂၁ နှစ်အောက် အကောင်းဆုံးလူငယ်ကစားသမားဆုကို နယ်သာလန်နိုင်ငံသား အိုင်းယက်စ်နှင့် ဂျူဗင်တပ်စ်ကစားသမား ဒီလစ်က ရရှိခဲ့ကာ အကောင်းဆုံးဂိုးသမားဆုကို ဘရာဇီးလ်နိုင်ငံသား လီဗာပူးဂိုးသမား အဲလစ်ဆန်က ရရှိခဲ့သည်။ **သီဟ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

(၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီ ညီလာခံ (Science Council Asia – SCA) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ပင်းယခန်းမ၌ ကျင်းပသည်။

**ဆန်းသစ်တီထွင်မှု ပူးပေါင်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံအပါအဝင် အာရှသိပ္ပံကောင်စီအဖွဲ့ဝင် ၃၂ နိုင်ငံတို့၏ ပူးတွဲသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရပ်နှင့် အလေ့အကျင့်ကောင်းများ မျှဝေဖလှယ်ဆောင်ရွက်နေခြင်းကို အသိအမှတ်ပြုပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပြည့်မီနိုင်ရန်အတွက် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် အာရှသိပ္ပံကောင်စီနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုညီလာခံတွင် ပညာရှင်များက မိမိတို့၏ ပညာရပ်အမြင်များကို ဖလှယ်၍ အာရှဒေသရှိ အဓိက ပြဿနာများကို သိရှိရုံသာမက ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုပါ ရှာဖွေတွေ့ရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ Dr.Wang Xi၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်၊ အာရှဖွံ့ဖြိုးမှုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Bambang Susantono နှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ပထမဦးဆုံးဥက္ကဋ္ဌဖြစ်သော ဒေါက်တာသန်းဦးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပညာရပ်အလိုက် စာတမ်းဖတ်ပွဲများကို သက်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ဖတ်ကြားကြသည်။

**ဆွေးနွေးပွဲနှစ်ခုကျင်းပမည်**

(၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံ၌ ပင်မခေါင်းစဉ်တစ်ခုနှင့် ခေါင်းစဉ်ခွဲ (၄)ခုတို့ဖြင့် စာတမ်းပေါင်း ၁၀၈ ခုနှင့် ပူးတွဲသုတေသနပရောဂျက် အလုပ်ရုံဆွေးနွေးပွဲနှစ်ခုတို့ကို ကျင်းပသွားမည် ဖြစ်သည်။

အာရှသိပ္ပံကောင်စီကိုသက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့သည် ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနမှ ကြီးမှူး၍ "ငြိမ်းချမ်းရေးနှင့် လူငယ်များ" အစီ အစဉ်မှ စီစဉ်ကျင်းပသော ငြိမ်းချမ်း ရေးနှင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ ဆွေးနွေးပွဲကို မျက်မှောက်ခေတ် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆန်းစစ်ကြည့်ခြင်း ခေါင်းစဉ်ဖြင့် အစီအစဉ်နှစ်ပိုင်းခွဲကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ရှေးဦးစွာ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာချောချောစိန်က အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ Myanmar Institute for Peace and Security အလုပ်အမှုဆောင် ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက အမှာစကား ပြောကြားခဲ့သည်။

**လူငယ်တွေငြိမ်းချမ်းရေးမှာပါဝင်**

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ ပါဝင်မှုအခန်းကဏ္ဍနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ချမ်းမြေ့ဆုက "မြန်မာ့သမိုင်းတောက်လျှောက်ကို ကြည့်မယ်ဆိုရင်တော့ လူငယ်နဲ့ ငြိမ်းချမ်းရေး၊ လူငယ်နဲ့ နိုင်ငံရေးဆိုတာခွဲလို့မရအောင် ဒွန်တွဲနေခဲ့တယ်။ ဒါပေမယ့် လက်ရှိမျက်မှောက်ကာလမှာ လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်မှုက အားရလောက်စရာမရှိဘူးလို့ တွေ့ရတယ်။ အားနည်းနေတယ်ဆိုတာကို ဒီနေ့ပွဲမှာ လူငယ်တွေ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်လာအောင် ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုမြှင့်တင်နိုင်မလဲ ဆိုတာကို ဆွေးနွေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

**စကားဝိုင်းဆွေးနွေး**

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တက္ကသိုလ် လူငယ်ငြိမ်းချမ်းရေးသံတမန် ထက်လင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြန်မာ့အရေးကျွမ်းကျင်သူ ဒေါက်တာမင်းဇော်ဦး၊ ဂျင်ဒါနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လွတ်လပ်သောတိုင်ပင်ဆွေးနွေး/အကြံပေးပုဂ္ဂိုလ် နန်းဖြူဖြူလင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ကိုထက်ပိုင်စိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာမင်းဇော်ဦးက ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်မှ ပါဝင်ဆွေးနွေးရာတွင် လက်ရှိမြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကမ္ဘာပေါ်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်များကို နှိုင်းယှဉ်ပြပြီး မြန်မာနိုင်ငံအနေဖြင့် ကြိုးစားရုန်းကန်ရန် လိုအပ်နေသေးကြောင်းနှင့် မတည်ငြိမ်မှုဖြစ်နေခြင်းသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလဖြစ်နေသည့်အတွက်ဟု ထောက်ပြပြောဆိုခဲ့သည်။ နန်းဖြူဖြူလင်းက အမျိုးသမီး၊ အမျိုးသားတန်းတူညီမျှရေး ရှုထောင့်မှနေ၍ လက်ရှိမြန်မာ့နိုင်ငံတွင် အမျိုးသမီးပါဝင်မှုနှင့်ပတ်သက်၍လိုအပ်နေပုံများ၊ ကြုံတွေ့နေရသော အခက်အခဲများအကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်သည့် ကိုထက်ပိုင်စိုးက လူငယ်များ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လမ်းစများ၊ ကြုံတွေ့လာနိုင်သည့် အခက်အခဲများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဆွေးနွေးပွဲကို လာရောက်နားထောင်သူများက မရှင်းလင်းသည့် အချက်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – လင်းညွန့်**

## ရန်ကုန်တက္ကသိုလ် ရာပြည့်အမှတ်သညာပွဲတော် ဓာတ်ပုံ၊ ပန်းချီပြပွဲသို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းများ လာရောက်လေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် တက္ကသိုလ်၏ ဖြစ်တည်မှု သမိုင်းပုံရိပ်ကို ပြသထားသည့် ရာပြည့်အမှတ်သညာပွဲတော် ဓာတ်ပုံ၊ ပန်းချီပြပွဲကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ဒီဇင်ဘာ ၁ ရက်မှ စတင်ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမျာနှင့် ကျောင်းသားဟောင်းများပါ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည်။

ယနေ့ဒီဇင်ဘာ ၃ ရက်နေ့သည် ပြပွဲတတိယနေ့ဖြစ်ကာ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာအတွင်း၌ နံနက် ၁၀ နာရီမှ စတင်၍ ဆရာချစ်ဦးညို၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)နှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကထိက ဦးကျော်လင်းတို့က တက္ကသိုလ်နောက်ခံဝတ္ထုများအကြောင်းကို ဟောပြောခဲ့ကြသည်။

ထို့ပြင် မွန်းလွဲပိုင်းအစီအစဉ်များအဖြစ် ဒေါက်တာထွန်းကျော်ငြိမ်း၊ ဒေါက်တာကျော်ဝင်းနှင့် ဦးမင်းသန်းသောင်းတို့က ပညာရေးအရွေ့အပြောင်းစကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး**(ယာပုံ)** ညနေပိုင်းတွင် တက္ကသိုလ်နှင့် ဆက်နွှယ်သော ဒဏ္ဍာရီရုပ်ရှင်ဇာတ်ကားကို ပြသခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၏ ဖြစ်တည်မှုသမိုင်းပုံရိပ်များနှင့် ခေတ်အလိုက် ကျောင်းသား ကျောင်းသူများ၏ လှုပ်ရှားမှုပုံရိပ်များကို ပြသထားသော အဆိုပါဓာတ်ပုံ၊ ပန်းချီပြပွဲကို ဒီဇင်ဘာ ၅ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**ဖူးပြည့်၊ ဓာတ်ပုံ– ထိန်လင်း**



# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဖိလစ်ပိုင်သို့ ဝင်ရောက်၊ လူနှစ်ဦးသေဆုံးပြီး လေကြောင်းခရီးစဉ် ၅၀၀ ကျော်ဖျက်သိမ်း

**မနီလာ ဒီဇင်ဘာ ၃**

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ကမ်မူရီဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်သောကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ ဘေးကင်းရာတွင် ခိုလှုံခဲ့ရကြောင်းနှင့် မြို့တော်မနီလာရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ပိတ်ခဲ့ရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

အင်အားပြင်းမုန်တိုင်းသည် မနီလာတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်လာခဲ့ရာ မုန်တိုင်းကြောင့် တံခါးပေါက်များ၊ အိမ်အမိုးများလွင့်စဉ်သွားပြီး ကမ်းခြေတစ်ခုလုံးလည်း လေကြီးမိုးကြီးကျရောက်ခဲ့သည်။ မနီလာတောင်ပိုင်းတွင် လူပေါင်း ၁၃ သန်းနေထိုင်လျက်ရှိပြီး မုန်တိုင်းကျရောက်ချိန်တွင် ကစားသမားထောင်ပေါင်းများစွာလည်း ဒေသတွင်းအရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရောက်ရှိနေခဲ့သည်။

မိုးလေဝသကြိုတင်ခန့်မှန်းသူများက တိုင်ဖွန်းမုန်တိုင်း ကမ်မူရီ ဒီဇင်ဘာ ၃ ရက်နှောင်းပိုင်းတွင် အားပျော့သွားခဲ့ပြီဖြစ်ကြောင်း ပြောခဲ့သော်လည်း လေပြင်းများ တစ်နာရီလျှင် ၉၃ မိုင် (၁၅၀ ကီလို မီတာ) နှုန်းတိုက်ခတ်လျက်ရှိပြီး အဆိုပါလေပြင်းများသည် အနောက်မြောက်ဘက်သို့ ဦးတည်ခဲ့ရာတွင် အများဆုံး တစ်နာရီလျှင် ၂၀၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သည်။

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းကြောင့် သစ်ပင်များ ပြိုလဲခဲ့ကြောင်းနှင့် အိမ်ခေါင်မိုးများလည်း လွင့်ပျံ့ခဲ့ကြောင်း မုန်တိုင်းပထမဆုံး တိုက်ခတ်ခဲ့သည့်ဒေသတစ်ခုမှ ဘေး အန္တရာယ်ကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ပျက်စီးမှုများ၏ တန်ဖိုးကို ယခုအချိန်အထိမတွက်ရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နေ့က အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦး မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်မှု ပြုလုပ်ရာမှ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း ရဲဌာနက ပြောသည်။ မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ ခင်ဒိုရိုကျွန်းသို့ ဝင်ရောက်ခဲ့စဉ်က လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းမုန်တိုင်းအန္တရာယ်ကြောင့် မနီလာနီနွိုင်အကွီနိုနိုင်ငံတကာလေဆိပ်ကိုလည်း ပိတ်ခဲ့ရကြောင်း လေဆိပ်အာဏာပိုင်အထွေထွေမန်နေဂျာ အက်မွန်ရီးယဲက ပြောခဲ့သည်။

မည်သည့်အချိန်တွင် လေကြောင်းလိုင်းများပြန်ဖွင့်မည်ဆိုသည်ကို မသိရသေးသော်လည်း လေဆိပ်အာဏာပိုင်များက ဒီဇင်ဘာ ၃ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခန့်တွင် လေဆိပ်လုပ်ငန်းများ ပြန်လည်လည်ပတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်သည်လည်း ရာသီဥတုပြောင်းလဲမှုအပေါ်တွင် မူတည်ကြောင်း ၎င်းကဆက်လက်ပြောသည်။



မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုနေစဉ်။

လေကြောင်းခရီးစဉ် ၅၀၀ နီးပါး ဖျက်သိမ်းခဲ့ရပြီး ခရီးသည်များကိုလည်း လေဆိပ်သို့ လာရောက်ခြင်း မပြုကြရန် အာဏာပိုင်များက နှိုးဆော်ထားကြောင်း သိရသည်။

လေဆိပ်တွင်လည်း ခရီးသည်များ သောင်တင်နေကြောင်း အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက ပြောခဲ့သည်။

ဘီကိုလ်းဒေသမှ လူပေါင်း ၃၄၀၀၀၀ ခန့် မုန်တိုင်းတိုက်ခတ်သည့် နေရာမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားနိုင်ငံက မြို့သစ်တည်ဆောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်မည်

**ပြုံယမ်း ဒီဇင်ဘာ ၃**

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်းသည် အရေးကြီးသော မြို့သစ်တည်ဆောက်သည့်လုပ်ငန်းခွင်တစ်ခုကို ပီတုတောင်အနီးတွင် စတင်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါနေရာသည် မြောက်ကိုရီးယားနိုင်ငံ၏ အထိမ်းအမှတ်တစ်ခုဖြစ်ကြောင်း၊ သူ့ဖခင်နှင့် ဘိုးဘေးများ၏ မွေးဖွားရာနေရာဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတစ်ခုတွင် ဒီဇင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ဆမ်ဂျီယွမ်မြို့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွင် အရင်းအမြစ်များကို အသုံးပြုခဲ့ကြောင်းနှင့် ယင်းမြို့သည် မီးတောင်သေတစ်ခုနှင့် အနီးဆုံးမြို့ဖြစ်ပြီး တရုတ်နယ်စပ်ကိုခွလျက် တည်ဆောက်ထားကြောင်း သိရသည်။



ပြန်လည်အကောင်အထည်ဖော်မည့် မြို့သစ်ပုံစံကို တွေ့ရစဉ်။

အဆိုပါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းသည် ကြီးမားသောလုပ်ငန်းခွင်ကြီးတစ်ခုဖြစ်ကာ တော်လှန်ရေးလှုပ်ရှားဆောင်ရွက်မှုပြတိုက်၊ ဆောင်းရာသီ အားကစားလေ့ကျင့်ရေးစခန်း၊ ဘလူးဘယ်ရီနှင့် အာလူးပင်များသာမက အဆောက်အအုံပေါင်း ၁၀၀၀၀ ခန့်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်ကင်သည် အဆိုပါလုပ်ငန်းကို အနီးကပ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသသို့ မကြာခဏ သွားရောက်လေ့ရှိကြောင်းလည်း သိရသည်။

ထို့အပြင် လွန်ခဲ့သည့် အောက်တိုဘာလကလည်း တောင်ပေါ်သို့ မြင်းဖြူကြီးစီးပြီး တက်ရောက်ခဲ့သေးကြောင်းလည်း သတင်းထွက်ပေါ်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်သည် ဆမ်ဂျီယွမ်စီရင်စုနယ်တစ်ခု ပေါ်ပေါက်လာရေးအတွက် စိတ်ရောကိုယ်ပါ ရင်းနှီးမြှုပ်နှံပြီး လုပ်ဆောင်ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းဌာန ဖြစ်သည့် ကေစီအင်န်အေသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ပြုံယမ်းသည် ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်အပေါ် နိုင်ငံတကာအရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုများကိုလည်း ခံနေရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဟောင်ကောင်လူ့အခွင့်အရေးဥပဒေကို အတည်ပြုလိုက်သည့်အတွက် အမေရိကန်အား ကယ်ရီလမ် ရှုတ်ချ

**ဟောင်ကောင် ဒီဇင်ဘာ ၃**

ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို ထောက်ခံရန် ရည်ရွယ်လျက်ရေးဆွဲပြဋ္ဌာန်းလိုက်သည့် အမေရိကန်၏ ဥပဒေသစ်ကို ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲ ကယ်ရီလမ်က ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချလိုက်ကြောင်း သိရသည်။

### စီးပွားရေးအရ အကျိုးမရှိ

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်အတည်ပြုလိုက်သည့် လူ့အခွင့်အရေး ဥပဒေကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်းနှင့် ဟောင်ကောင်အရေးကိစ္စကို ယင်းကဲ့သို့ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုအပေါ် စိတ်မကောင်းဖြစ်ရကြောင်း ကယ်ရီလမ်က သတင်းထောက်များသို့ ပြောကြားလိုက်သည်။ အဆိုပါဥပဒေကြောင့် ဟောင်ကောင်၌ စီးပွားရေးလုပ်ကိုင်မှုဆိုင်ရာ ယုံကြည်မှုကို ထိခိုက်လာနိုင်သည့်အတွက် စီးပွားရေးအရ အကျိုးမရှိနိုင်ကြောင်း ၎င်းက ထောက်ပြခဲ့သည်။

### ထပ်မံပယ်ချ

ထို့ပြင် ကယ်ရီလမ်သည် တရုတ်နိုင်ငံက ဒီဇင်ဘာ ၂ ရက်တွင် ကြေညာလိုက်သည့် ဟောင်ကောင်ဆိပ်ကမ်းများသို့ အမေရိကန်စစ်သင်္ဘောများ ဆိုက်ကပ်ခွင့် ပိတ်ပင်မှုကို ထောက်ခံကြောင်းကိုလည်း ဖော်ပြခဲ့သည်။ ဟောင်ကောင်၏ အုပ်ချုပ်ရေးအကြီးအကဲကို တိုက်ရိုက်မဲပေးရွေးချယ်ရန် တောင်းဆိုမှု အပါအဝင် ဆန္ဒပြသူများ၏ တောင်းဆိုချက်အများအပြားကိုလည်း ကယ်ရီလမ်က ထပ်မံပယ်ချလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဟောင်ကောင်အုပ်ချုပ်ရေး အကြီးအကဲ ကယ်ရီလမ်

# မလေးရှားနိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် လူထောင်ချီကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃**

မလေးရှားနိုင်ငံ အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် တီရန်ဂါနူနှင့် ကီလန်တန်တို့တွင် ရေလွှမ်းမိုးမှုကြောင့် ပြည်သူ ၁၆၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း မလေးရှားလူမှုဖူလုံ ရေးဌာနက ဒီဇင်ဘာ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှားကျွန်းဆွယ် အရှေ့ဘက်ကမ်းခြေတစ်လျှောက်တွင် တည်ရှိသည့် ပြည်နယ်နှစ်ခုတို့တွင် အောက်တိုဘာလကုန် မုတ်သုံရာသီဝင်ချိန်မှ စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး ကီလန်တန်ဒေသသည် ရေလွှမ်းမိုးမှုကို အဆိုးရွားဆုံး ခံစားခဲ့ရသည့် ပြည်နယ်ဖြစ်ကြောင်း လူမှုဖူလုံရေးဌာနက ဖော်ပြသည်။

အိမ်ခြေ ၄၁၈၄ ခုတို့မှ ပြည်သူ ၁၃၀၀၀ ကျော်ကို ရေဘေးကယ်ဆယ်ရေးစင်တာ ၆၃ ခုသို့ ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူနှစ်ဦးရှိပြီး ၎င်းတို့သည် ရေနစ်မြုပ်နေသည့် စပါးခင်းထဲတွင် ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

စင်ကာပူနှင့် နယ်နိမိတ်ထိစပ်နေသည့် မလေးရှားတောင်ပိုင်း ဂျိုဟာပြည်နယ်တွင် ရေဘေးဒဏ်ခံစားရမှုနည်းပါးပြီး ၅၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကြုံတွေ့နေရသည့် ရာသီဥတုအခြေအနေသည် လာမည့် မတ်လတွင်ပြီးဆုံးလိမ့်မည်ဟု ခန့်မှန်းရကြောင်း မလေးရှားမိုးလေဝသဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့၏ မူးယစ်ဂိုဏ်းနှိမ်နင်းမှုအတွင်း သေဆုံးသူအရေအတွက် မြင့်တက်

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၃**
ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက်က မက္ကဆီကို မြောက်ပိုင်းနယ်စပ် Coahuila ပြည်နယ်ရှိ မြို့တော်ခန်းမတစ်ခုကို တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည့် မူးယစ်ဂိုဏ်းတစ်ခုမှ အဖွဲ့သားများကို မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့က ဒီဇင်ဘာ ၁ ရက်တွင် နှိမ်နင်းခဲ့ရာ မူးယစ်ဂိုဏ်းအဖွဲ့သားခုနစ်ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့်စနေနေ့က ဖြစ်ပွားခဲ့သည့် Villa Union မြို့တော်ခန်းမ တိုက်ခိုက်မှုတွင် မူးယစ်ဂိုဏ်းအဖွဲ့ဝင် ၁၀ ဦးနှင့် ရဲအရာရှိလေးဦးသေဆုံးခဲ့ရာ ယခုတစ်ကြိမ် ရဲတပ်ဖွဲ့က ထပ်မံနှိမ်နင်းပြီးနောက် သေဆုံးသူ အရေအတွက် ၂၁ ဦးအထိ ရှိလာခဲ့သည်။ Villa Union သည် အမေရိကန်နယ်စပ်မှ ၆၅ ကီလိုမီတာခန့်အကွာတွင် တည်ရှိပြီး ဒေသခံပြည်သူ အနည်းအကျဉ်းနေထိုင်သည့် မြို့ငယ်တစ်ခုဖြစ်သည်။

မူးယစ်ဂိုဏ်းအား နှိမ်နင်းသည့် စစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့က ခြောက်လုံးပြူးသေနတ်များ၊ မော်တော်ယာဉ်များနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံက အာဆီယံ၌ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရင်းနှီးမြှုပ်နှံမည်

**တိုကျို ဒီဇင်ဘာ ၃**
အရှေ့တောင်အာရှ နိုင်ငံများတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမိဆုမိုတဲဂီက ကြေညာခဲ့သည်။

ဂျပန်အစိုးရက ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ ပုဂ္ဂလိကကဏ္ဍတွင် ရန်ပုံငွေထည့်ဝင်သည့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သွားမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းအသစ်များ ဖန်တီးပေးခြင်းဖြင့် လွတ်လပ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရန် ဂျပန်နိုင်ငံက ထိုသို့စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှတစ်ဆင့် အာဆီယံနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များသို့ ကတိပေးအပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အနာဂတ်ဘဝကို ပုံဖော်ဖို့ ဟောင်ကောင်သားတွေ တရုတ် (တိုင်ပေ)မှာ အခြေချဖို့ လုပ်ဆောင်နေ

**ထွန်းသစ်စ**




ဟောင်ကောင်၌ ဆန္ဒပြနေကြသည့် လူအုပ်ကြီးကို တွေ့ရစဉ်။

ဟောင်ကောင်မှာ ဆန္ဒပြမှုတွေ ခြောက်လနီးပါး ဖြစ်လာခဲ့ပြီးတဲ့နောက်မှာတော့ ဟောင်ဟောင်မှာ ရှိတဲ့သူတွေဟာ သူတို့ရဲ့ အနာဂတ်အရေးအတွက် နိုင်ငံခြားမှာ ဘဝသစ်တွေ ထူထောင်ဖို့တောင် လုပ်ဆောင်နေကြပါပြီ။ သူတို့တွေရဲ့ စိတ်ကူးကတော့ အိမ်နီးချင်း ဒီမိုကရေစီ စနစ်ကျင့်သုံးတဲ့ တရုတ်(တိုင်ပေ)မှာ သွားရောက်အခြေချနေထိုင်သွားဖို့ပဲ ဖြစ်ပါတယ်။ တရုတ်(တိုင်ပေ)ဟာ ဟောင်ကောင်သားတွေကို ရှေးမဆွကတည်းကပဲ ဆွဲဆောင်နေခဲ့တဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ အခုလိုမျိုး နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် မိုးထိမြင့်မားနေတဲ့ အခန်းငှားခတွေပါ ဖြစ်လာတဲ့အခါမှာတော့ ဟောင်ကောင်မှာနေတဲ့သူတွေရဲ့ စိတ်ကူးတွေ ပိုလို့တောင် ကျိန်းသေသွားခဲ့သလို ဖြစ်ခဲ့ပါတယ်။

### တရုတ်(တိုင်ပေ) မှာ နေထိုင်ခွင့်ရရေး

လွန်ခဲ့တဲ့တစ်နှစ် ဟောင်ကောင်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နှစ်ဆမြင့်တက်ခဲ့တုန်းကတော့ ဟောင်ကောင်မှာ အခြေချသူတွေရောလာရောက်နေထိုင်သူတွေပါ မြင့်တက်လာခဲ့ပါတယ်။ အခုကတော့ အရင်နှစ်နဲ့မတူဘဲ နိုင်ငံရေးအခြေအနေ မတည်မငြိမ် ဖြစ်ခဲ့ရပါတယ်။ ဟောင်ကောင်ဟာ စိတ်မချရတော့ဘူး။ မနက်ဖြန် ဘာတွေဖြစ်မယ်ဆိုတာ သိရမှာ မဟုတ်ဘူး။ အရာရာပြောင်းလဲအောင် လုပ်ဆောင်နေတဲ့ အဖွဲ့ဝင်တွေ ရှိနေကြတယ်လို့ ဟောင်ကောင်မှာ ရှိသူတစ်ဦးက ပြောပါတယ်။ အရာရာဟာ အရင်အတိုင်း ပြန်ဖြစ်မလာနိုင်တော့ဘူး။ ဟောင်ကောင်ရဲ့ အနာဂတ်ဟာ ဘယ်လိုရှိမယ်ဆိုတာ မသိတော့ဘူး၊ ဘယ်လိုဆက်ပြီး စခန်းသွားမလဲဆိုတာ မသိနိုင်တော့ဘူးလို့ သူကဆက်ပြောပါတယ်။

တရုတ် (တိုင်ပေ) ဟာ နေရပ်ရွှေ့ပြောင်း အခြေချသူတွေကို အသိအမှတ်ပြုမှာ မဟုတ်သလို ပဋိပက္ခရှောင်သူတွေကိုလည်း လက်ခံသွားမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ရဲ့ သြဇာလွှမ်းမိုးလာမှာစိုးတဲ့အတွက်ပဲ ဖြစ်ပါတယ်။ သို့သော်လည်း ဟောင်ကောင်ပြည်သူတွေဟာ ရင်းနှီးမြှုပ်နှံမှုအကြောင်းများ အပါအဝင် အခြားအကြောင်းတွေနဲ့ တရုတ် (တိုင်ပေ) မှာ နေထိုင်ခွင့်ရရေး လျှောက်ထားနိုင်ပါတယ်။

### မျှော်လင့်ချက်များနဲ့မြို့

ယခင်က အိုင်တီကျွမ်းကျင်သူအဖြစ် လုပ်ခဲ့ဖူးတဲ့ ချိုချန်မင်ဟာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နဲ့ နေထိုင်ခွင့် ခွင့်ပြုချက်ကို မကြာသေးမီက ရရှိခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဆိုတာ ဩစတြေးလျ၊ ကနေဒါနဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ ကျင့်သုံးနေတဲ့ တခြားနာမည်ကြီး လူဝင်မှုဆိုင်ရာ ရည်မှန်းချက်ပြည့်မြောက်ရေး ကုန်ကျစရိတ်တစ်ခုမျှသာ ဖြစ်ပါတယ်။ အသက် ၄၁ နှစ်ရှိသူတစ်ဦးဟာလည်း တရုတ်(တိုင်ပေ) တောင်ပိုင်းမှာရှိတဲ့ ကောင်စီယွမ် မြို့လေးကို ငှားရမ်းခသက်သာတာနဲ့ ရွှေ့ပြောင်းလာခဲ့ပါတယ်။ အဲဒီနေရာလေးဟာ သူ့ရဲ့ကလေးဘဝစိတ်ကူးယဉ်အိပ်မက်လေး ဖြစ်တဲ့ Car Cafe တစ်ခုကို ဖွင့်နိုင်ခဲ့ပါတယ်။

တရုတ်(တိုင်ပေ)မှာ လွတ်လပ်စွာပြောဆိုမှုဟာ လက်ရှိအခြေအနေတစ်ခုဖြစ်ပြီး ပြည်သူတွေဟာ သမ္မတနဲ့အမတ်တွေကို ရွေးချယ်နိုင်ပါတယ်။ သို့သော်လည်း ဟောင်ကောင်မှာ ဒီလို ဟုတ်ချင်မှ ဟုတ်နိုင်မှာပါလို့ အသက် ၄၁ နှစ်ရှိ ဆိုင်ပိုင်ရှင်က ပြောပါတယ်။ ဟောင်ကောင်မှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒပြမှုတွေဟာ တရုတ်နိုင်ငံကို လုပ်ပိုင်ခွင့်ပေးမယ့် အဆိုပြုဥပဒေအပေါ် မကျေမနပ် တုံ့ပြန်မှုများသာ ဖြစ်ပါတယ်။ အဲဒီကစတဲ့ ကိစ္စဟာ နောက်ပိုင်းမှာတော့ ဟောင်ကောင်ရဲ့ လွတ်လပ်ခွင့်တွေကို တောင်းဆိုလာတဲ့အထိ ပေါက်ကွဲမှုတွေကို ဖြစ်စေခဲ့ပါတယ်။

ပေကျင်းဟာ တစ်နိုင်ငံစနစ်နှစ်ခု မူဝါဒကို ဟောင်ကောင်အတွက် ကျင့်သုံးခဲ့ပြီး ဟောင်ကောင်ကို ပိုမိုလွတ်လပ်မှုနဲ့ ဥပဒေစိုးမိုးရေးတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။ သို့သော်လည်း ဟောင်ကောင်ဆန္ဒပြသူတွေဟာ ဒါတွေဟာ တဖြည်းဖြည်း လျော့ရဲလာပြီလို့ ဆိုကြပါတယ်။

ဒီစနစ်ဟာ နှစ်ပေါင်း ၅၀ အထိ အာမခံပေးထားပြီး လာမည့် ၂၀၄၇ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်သော်လည်း ဟောင်ကောင်သားတွေက ပေကျင်းရဲ့ လွှမ်းမိုးမှုအောက်မှာ သူတို့ရဲ့ လွတ်လပ်ခွင့်ဟာ ကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။ တစ်နိုင်ငံ စနစ်တစ်မျိုး တစ်နည်း တစ်နိုင်ငံတည်းဖြစ်လာတဲ့အထိ လွတ်လပ်ခွင့်တွေအပေါ် ထိန်းချုပ်မှုတွေဟာ ဟောင်ကောင်မှာ ဆက်ဖြစ်နေမယ့်သဘော တွေ့ရပါတယ်လို့ ချိုက ပြောပါတယ်။

ဟောင်ကောင်သားတွေရဲ့ နိုင်ငံခြား ရွှေ့ပြောင်းမှုတွေကို တချို့က တတိယလှိုင်းအဖြစ် တင်စားခေါ်ဝေါ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၉၇ ခုနှစ်မှာ ဟောင်ကောင်သားတွေဟာ နိုင်ငံခြားကို ထွက်ခဲ့ပါတယ်။ တချို့ အနည်းငယ်လောက်သော ဟောင်ကောင်သားတွေကတော့ ၂၀၁၄ ဒီမိုကရေစီ ထောက်ခံလှုပ်ရှားမှုမှာ ရှုံးနိမ့်သွားပြီးတဲ့နောက် နိုင်ငံခြားကို ထွက်ခဲ့ပါသေးတယ်။ စီးပွားရေးလုပ်ငန်းရှင် ဆုကီလိုင်လည်း ဒီမိုကရေစီ ထောက်ခံဆန္ဒပြမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ သို့သော်လည်း သူလည်း အခုတော့ တရုတ်(တိုင်ပေ)မှာ အခြေချဖို့ စီစဉ်နေပြီလို့ သိရပါတယ်။ သူ့ရဲ့ အသက်နှစ်နှစ်အရွယ်သမီးလေးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်လှပဖို့ အဲဒီလို လုပ်တာပါလို့ ပြောခဲ့ပါတယ်။ ကျွန်မရဲ့ စိတ်တွေဟာ ဘဝရဲ့အနိမ့်အမြင့်အတက်အကျ ပြောင်းလဲဖြစ်ပေါ်မှုတွေကို ကျော်ဖြတ်ခဲ့တော့ ကျွန်မဟာ ကျွန်မရဲ့ စိတ်တွေကို ကောင်းမွန်စွာ ထိန်းကျောင်းတတ်ခဲ့ပါတယ်လို့ အသက် ၃၇ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်က ပြောပါတယ်။

"ကျွန်မသမီးလေး ပိုမိုကောင်းမွန်တဲ့ပညာရေးကိုရမယ်။ လွတ်လပ်ပျော်ရွှင်နိုင်မယ်။ အနာဂတ်မှာ သူ့ရဲ့ အိပ်မက်ကလေးတွေကို ပုံဖော်နိုင်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်၊ ပြီးတော့လည်း မျှော်လင့်ချက်နဲ့အတူ အဲဒီမြို့မှာ ရှင်သန်နိုင်မယ်လို့ ထင်ပါတယ်"လို့ သူက ပြောပါတယ်။

### တရုတ် (တိုင်ပေ)ကို ကာကွယ်မယ်

တရုတ်(တိုင်ပေ)သို့ ပြောင်းသွားတဲ့တိုင်အောင် ပေကျင်းရဲ့လွှမ်းမိုးမှုကတော့ ဆက်ရှိကောင်း ရှိနေနိုင်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ခုနစ်ခုတိုင်တိုင် သီးခြားစီ ကိုယ့်အုပ်ချုပ်ရေးယန္တရားနဲ့ကိုယ် ရှိနေကြသော်လည်း ပေကျင်းရဲ့နိုင်ငံရေးမျက်နှာစာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကျွန်းငယ်လေးဖြစ်နေပြီးတော့ အကယ်၍ လိုအပ်လာမယ်ဆိုပါက ပြန်လည်သိမ်းလို့ ရနိုင်တဲ့အနေအထားမှာ ရှိနေကောင်း ရှိနေနိုင်ပါတယ်။

၂၀၁၆ ခုနှစ်မှာ သမ္မတ ဖြစ်လာတဲ့ ဆိုင်အင်ဝမ်ကတော့ ဒီတရုတ်(တိုင်ပေ)ကျွန်းဟာ တရုတ်ရဲ့ အစိတ်အပိုင်းတစ်ခုပါဆိုတဲ့ သုံးသပ်ချက်မျိုးကို ပယ်ချခဲ့ပြီး ဟောင်ကောင်ရဲ့ ဒီမိုကရေစီ ထောက်ခံဆန္ဒပြသူတွေကိုလည်း ကူညီသွားမယ်လို့ ဟစ်ကြွေးနေပါတယ်။

ဒီအပြောတွေကို မကြိုက်တဲ့ ပေကျင်းဟာ တရုတ်(တိုင်ပေ)ကို စီးပွားရေးနဲ့ စစ်ရေးဆိုင်ရာ အရေးယူမှုတွေ ပိုမိုပြုလုပ်မယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဆိုင်ဟာ ဇန်နဝါရီလမှာ ပေကျင်းကိုပိုပြီးနှစ်သက်လိုလားတဲ့ အတိုက်အခံနဲ့ ရွေးကောက်ပွဲမှာ ရင်ဆိုင်ရဖို့ရှိနေပြီး လွတ်လပ်မှုနဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ကြစို့ဆိုပြီးဆိုင်က တိုက်တွန်းပြောကြားခဲ့ပါတယ်။

တချို့ရွှေ့ပြောင်းသွားတဲ့ ဟောင်ကောင်သားတွေအနေနဲ့ တရုတ်(တိုင်ပေ)ကျွန်းလေးဟာ သူတို့ နေရာမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆူပူအုံကြွမှုရဲ့ သင်ခန်းစာကို ဂရုစိုက်လိုက်မယ်လို့ ဆိုပါတယ်။ ထိုင်ဝမ်ကို ကာကွယ်မယ့်လူကို လူတွေက မဲပေးလိမ့်မယ်လို့ ကျွန်တော် ထင်တယ်လို့လည်း ချိုက ပြောပါတယ်။ ဘယ်လိုပဲပြောပြော တရုတ်(တိုင်ပေ)ကျွန်းလေးဟာ ဟောင်ကောင်သားတွေ အတွက်တော့ ခိုကိုးရာနေရာတစ်ခု ဖြစ်လာမလားဆိုတာ စောင့်ကြည့်ရမှာပါ။ ။

**ကိုးကား – အေအက်ဖ်ပီ**

**"ဆိုင်အင်ဝမ်ကတော့ ဒီ တရုတ် (တိုင်ပေ) ကျွန်းဟာ တရုတ်ရဲ့ အစိတ်အပိုင်း တစ်ခုပါဆိုတဲ့ သုံးသပ်ချက်မျိုးကို ပယ်ချခဲ့ပြီး ဟောင်ကောင်ရဲ့ ဒီမိုကရေစီ ထောက်ခံဆန္ဒပြသူတွေကိုလည်း ကူညီသွားမယ်လို့ ဟစ်ကြွေး"**

# မုံရွာမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

**မုံရွာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်သည် ယနေ့ နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားသို့ တက်ရောက်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား၌ တက်ရောက်အမှာစကားပြောကြားစဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ၁၉၉၂ ခုနှစ်မှာ ကုလသမဂ္ဂ ညီလာခံက သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပြီး ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်အဖြစ် သတ်မှတ်ကာ ၂၀၀၆ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆောင်ပုဒ်မှာ " The Future is Accessible" " အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်း လူ့အခွင့်အရေးဖော်ဆောင်စို့" ဟူ၍ဖြစ်ကြောင်း မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အတားအဆီးများ ကင်းဝေးစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုဖော်ဆောင်ပေးရန် ရည်ရွယ်၍ ချမှတ်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် ၄ ဒသမ ၆ ရာခိုင်နှုန်း ကျော်လူဦးရေ ၂ ဒသမ ၃ သန်းသည် မသန်စွမ်းမှုကို ခံစားနေရကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မသန်စွမ်းသူဦးရေ စုစုပေါင်း ၁၇၇၈၅၂ ဦးရှိပြီး အမြင်အာရုံမသန်စွမ်းသူ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ အကြားအာရုံမသန်စွမ်းသူ ၁ ဒသမ ၀ ရာခိုင်နှုန်း၊ လမ်းလျှောက်အမြင့်တက်ပစ္စည်းကိုင်တွယ်ရာ ခက်ခဲသူ ၁ ဒသမ ၄ ရာခိုင်နှုန်း၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုခက်ခဲသူ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း။

မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတိုင်းတာစစ်ဆေးပံ့ပိုးခြင်းဝန်ဆောင်မှု (Early Childhood Intervention Services ECI) ဆိုင်ရာလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် UNICEF (Myanmar)၊ The Leprosy Mission(Myanmar) တို့နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီကို ဖွဲ့စည်းထားရှိဆောင်ရွက် လျက်ရှိပါကြောင်း။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူစုစုပေါင်း ၁၄၁၆၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ငွေကျပ်သိန်းပေါင်း လေးထောင်နှစ်ရာကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ အားလုံးအစွမ်းများကို မြှင့်တင်ပေးနိုင်ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးမိုးကျော်သူက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မျက်မမြင်ကျောင်းများမှ ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အဆိုပြိုင်ပွဲနှင့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စစ်တုရင်နှင့် ပန်းချီပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# တိုင်းဒေသကြီး လက်ရွေးစင်ရွေးချယ်မည့် အားကစားပွဲ ထားဝယ်၌ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းနေရာယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား စစ်ရေးပြမှူးမှ ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက အလေးပြုပြီးတန်းအပ်သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီး ကျောင်းသားအားကစားပွဲတော်သည် ၂၀၂၀ ပြည့်နှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၁၂) ကြိမ်မြောက်အာဆီယံကျောင်းသားအားကစားပြိုင်ပွဲအဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးလက်ရွေးစင်ကစားသမားများကို ရွေးချယ်ပြီး နိုင်ငံအဆင့်ကို ၂၄-၁၂ -၂၀၁၉ မှ ၂-၁-၂၀၂၀ ရက်အထိ နေပြည်တော်၌ ကျင်းပမည့်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြိုင်ပွဲသို့တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးပြီး ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း အားကစားနည်းလေးမျိုး ကို တနင်္သာရီတိုင်းဒေသကြီး သုံးခရိုင်ရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဒီဇင်ဘာ ၅ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ မြို့ရှောင်လမ်းဖောက်လုပ်

**တာချီလိတ် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရှောင်လမ်းဖောက်လုပ်ရာ၌ လမ်းဧရိယာအတွင်း ပါဝင်နေသည့် ရွှေဝါနဒီပန်းခြံရှိ ခြံစည်းရိုးအကျယ်ပေ ၄၀ အား ယမန်နေ့က စတင်ဖယ်ရှားရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့ရှောင်လမ်းကို မြန်မာ- ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ်(၂) အနီးမှ မယ်ဆိုင်ချောင်းတစ်လျှောက် စက်မှုဇုန်နှင့် ဝမ်ပုံဖြတ်လမ်းအထိ အရှည် ၆ ဒသမ ၄ ကီလိုမီတာအတွင်းရှိ မြေသားတာပေါင် တည်ဆောက်ရေးလုပ်ငန်း၊ သံကူကွန်ကရစ် Box Culvert ၁၆ စင်း၊ အရှည်ပေ ၁၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်း၊ ၁၅ ပေ အရှည်သံကူကွန်ကရစ်တံတားနှစ်စင်း ပါဝင်ပြီးပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၄၃ သန်းဖြင့် မြို့နယ်လမ်း ဦးစီးဌာနမှဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြိုးလေး(တာချီလိတ်)**


ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ သင်တန်းဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။

# မွန်ပြည်နယ်၌ ရုံးသုံးအခြေခံကွန်ပျူတာသင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၃**

မွန်ပြည်နယ် e- Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီရုံးသုံးအခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၁၉)နှင့် (၄/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဟသံ္သာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက e-Government ဆိုသည်မှာ အစိုးရအဖွဲ့အစည်း အချင်းချင်းအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရနှင့်ပြည်သူများအကြားတွင် အပြန်အလှန်ဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် လုပ်ငန်းများကို သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာသုံးပြီး လုပ်ငန်းများ လျင်လျင်မြန်မြန်၊ မှန်မှန်ကန်ကန်စရိတ်သက်သက်သာသာနှင့် ပြီးစီးနိုင်စေရန်အတွက် အစိုးရ၏ သတင်းအချက်အလက်များကို စီမံခန့်ခွဲသည့်စနစ် ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ e- Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူများ အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် e- Government လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(သထုံ) မှ ပါမောက္ခ ဒေါက်တာ ခင်စန္ဒာက ရုံးသုံးအခြေခံကွန်ပျူတာ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါရုံးသုံးအခြေခံကွန်ပျူတာသင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၂၀၂၀ ဇန်နဝါရီ ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများမှ သင်တန်းသားသင်တန်းသူ ၆၀ အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

# လွိုင်လင်လေးမြို့၌ လူငယ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၃**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့ လူငယ်ဖလား ဘောလုံးပြိုင်ပွဲကို ယမန်နေ့က လွိုင်လင်လေးမြို့ဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူငယ်မောင်မယ်များ အနေဖြင့် အားကစားတွင် စိတ်ပါဝင်စားမှုရှိသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် မိမိအတွက်သာမက မိမိ၏တိုင်းပြည်အတွက်ပါ ကောင်းမွန်သည့် လုပ်ဆောင်ချက် တစ်ရပ်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြို့နယ် ခုနစ်မြို့နယ်တွင် ဘောလုံးကွင်းကြမ်း များစွာကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ကျေးရွာနှင့် သင့်လျော်သည့် ကွင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ယခုပြုလုပ်မည့် ဘောလုံးပြိုင်ပွဲတွင် လူငယ်များအနေဖြင့် ယှဉ်ပြိုင်ခြင်းကိုသာ အဓိကထားပြီး အားကစားရည်မှန်းချက်အတိုင်း နိုင်ငံ့အကျိုးကို ထမ်းရွက်နိုင်သည့် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကွင်းအတွင်းသို့ ဘောလုံးကန်သွင်း၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲတွင် ပြုံးချို FC အသင်းနှင့် ခိုက်ပလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘောလုံးယှဉ်ပြိုင်မှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘောလုံးအားကစားပြိုင်ပွဲဝင်အသင်းများနှင့် ဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ လွိုင်လင်လေးမြို့ ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း ၁၉ သင်းတို့မှ ဒီဇင်ဘာ ၂၇ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**


ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြိုင်ပွဲဝင်ကစားသမားများအား တွေ့ဆုံနှုတ်ဆက်စဉ်။

# မြန်မာ့ယွန်းထည်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းနေ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာ့ယွန်းထည်လက်မှုပစ္စည်းများကို ယခင်က ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်ခဲ့ရာမှ ပြည်ပနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်နှင့် ပြည်ပဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်ရန်၊ မြန်မာ့ယွန်းထည်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ပြည်တွင်းမှ ယွန်းထည်ပစ္စည်းများ အသုံးပြုမှုလျော့နည်းလာသော်လည်း ပုဂံခေတ်ကာလမှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သည့် ရှေးဟောင်းယွန်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပညာရပ်အနေဖြင့် ယနေ့တိုင် ပုဂံနှင့် ညောင်ဦးမြို့တို့မှ ထုတ်လုပ်လျက်ရှိရာ နိုင်ငံခြားခရီးသွားလုပ်ငန်းအပေါ် မှီခိုလာရသော ယွန်းထည်လုပ်ငန်းသည် ရောင်းအားမတည်ငြိမ်မှုကြောင့် ဆက်လက်ရှင်သန်နိုင်ရေးအတွက် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

"တစ်ချိန်က ယွန်းထည်တစ်ခေတ်ရှိခဲ့ဖူးပြီး ပြည်တွင်းအတွက် ထုတ်လုပ်ခဲ့တာပါ။ ပြည်တွင်းဈေးကွက် လျော့နည်းသွားချိန်မှာ ပြည်ပဈေးကွက်ကို အားပြုလာရတယ်။ အထူးသဖြင့် နိုင်ငံခြားခရီးသွားတွေကို မှီခိုရတယ်။ လက်ရှိမှာတော့ ယွန်းဈေးကွက်က စိုးရိမ်ရတဲ့အနေအထားမှာ ရှိနေတယ်။ ဒါကြောင့် နိုင်ငံတကာမှာရှိတဲ့ ယွန်းထည်ပစ္စည်းလုပ်ငန်းတွေရဲ့ နည်းပညာအသစ်တွေကို လေ့လာရတယ်။ အာရှနိုင်ငံက လက်မှုပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ တစ်နှစ်မှာတစ်ကြိမ် တွေ့ဆုံပွဲအတွေ့အကြုံကနေ ယွန်းထည်လုပ်ငန်း အဆင့်မြင့်လာအောင် ပေါင်းစပ်ပြီး ကြိုးစားနေတယ်။ ရိုးရာပစ္စည်းကို ပြည်တွင်းဈေးကွက်မှာ ရပ်မနေဘဲ နိုင်ငံတကာနည်းပညာနဲ့ ပေါင်းစပ်ပြီး ခေတ်နဲ့အညီ ဆန်းသစ်နိုင်အောင် ယွန်းထည်လုပ်ငန်းဦးမော့လာဖို့ ကြိုးစားနေရတယ်။ လက်ရှိ ပြည်ပပို့ကုန် မရှိဘူး။ နိုင်ငံခြားခရီးသွားလုပ်ငန်းကျဆင်းရင် ယွန်းထည်လုပ်ငန်းလည်း ကျဆင်းမယ်။ ဒါကြောင့် မြန်မာ့ယွန်းထည်လုပ်ငန်းတစ်ခေတ်ဆန်းသစ်ဖို့ဆိုရင် ခိုင်မာတဲ့ ပြည်ပဈေးကွက်ရထားဖို့ လိုမယ်"ဟု ညောင်ဦးမြို့ ဝက်ကြီးအင်းမှ ယွန်းလုပ်ငန်းရှင် ဦးမောင်မောင်က ပြောသည်။

ပုဂံဒေသနှင့် အနီးဝန်းကျင်မှ ယွန်းပစ္စည်းထုတ်လုပ်သော ဆိုင်ကြီး ၁၀ ဆိုင်ရှိပြီး ယွန်းလုပ်ငန်းလုပ်ကိုင်သူ ၂၀၀၀ ကျော်ရှိရာ ယွန်းလုပ်ငန်းအတွက် ကုန်ကြမ်းမှာ ခေတ်ကာလဖြင့် လိုက်လျောညီထွေစွာ အသုံးပြုနိုင်ပြီး သစ်သားနှင့် ဝါးကို သစ်စေးသုတ်၍ ပစ္စည်းတစ်ခုထုတ်လုပ်ရာတွင် ခြောက်လကြာမြင့်သည်။ ရောင်စုံခြယ်သပါက လေးလအချိန်ပေးရသောကြောင့် ၁၀ လကြာမှသာ ယွန်းထည်ပစ္စည်းကောင်းတစ်ခုရရှိခြင်း ဖြစ်သည်။ အချိန်ပေးပြီး ရင်းနှီးမြှုပ်နှံမှုများသော ယွန်းထည်လုပ်ငန်း ရေရှည်တည်တံ့နိုင်ရန်နှင့် လက်မှုပညာဆက်လက်ရှင်သန်နိုင်ရန် ဈေးကွက်သည် အရေးကြီးသောကြောင့် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ခြင်းဖြင့် နိုင်ငံခြားခရီးသွားဝင်ရောက်မှု လျော့နည်းချိန်တို့တွင် ယွန်းလုပ်ငန်းဆက်လက်ရပ်တည်နိုင်မည်ဟု မျှော်လင့်ကြသည်။

**သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**



မြန်မာ့ရိုးရာ ယွန်းထည်လက်မှုပစ္စည်းများကို တွေ့ရစဉ်။



သစ်သားပန်းပုထုဆစ်နေသည့် လက်မှုပညာရှင်တစ်ဦး၏ လုပ်ငန်းခွင်။

# မန္တလေးမြို့ ပန်းပုဈေးကွက်တွင် ရှေးခေတ်လက်ရာနတ်ရုပ်တုများ မှာယူသူများပြားလာ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့ရှိ ပန်းပုဈေးကွက်တွင် လက်ရှိအချိန်၌ ရှေးခေတ်လက်ရာဟန်ဒီဇိုင်းပုံစံများဖြင့် ထုဆစ်ထားသည့် နတ်ရုပ်တုများအား မှာယူသူများပြားကာ အရောင်းသွက်နေကြောင်း မန္တလေးမြို့မှ ပန်းပုလုပ်ငန်းရှင်များက ပြောသည်။

ပန်းပုလုပ်ငန်းဆောင်ရွက်ရာတွင် သစ်သားရှားပါးခြင်း၊ ပြည်တွင်း၌ ဝယ်ယူသူနည်းပါးခြင်းနှင့် ပန်းပုရုပ်တုကြီးများအား ဝယ်ယူမှုမရှိခြင်းတို့ကြောင့် ဈေးကွက်အတွင်း အမှတ်တရအဖြစ် ပြည်ပခရီးသွားများ ပိုမိုဝယ်ယူမှုသည့် ရှေးခေတ်မြန်မာ့ရိုးရာယဉ်ကျေးမှုဒီဇိုင်း ပုံစံရုပ်တုအသေးများကိုသာ ထုဆစ်ရောင်းချနေရကြောင်း မန္တလေးမြို့ ပန်းပုလုပ်ငန်းရှင် ဦးနိုင်လင်းက ပြောသည်။

"၂၀၁၇ ခုနှစ်လောက်ကစပြီး ပန်းပုဈေးကွက်မှာ ရတနာပုံ၊ အင်းဝခေတ်က လက်ရာဟန်တွေနဲ့ ထုဆစ်ထားတဲ့ ရှေးဟောင်းလက်ရာပုံစံအရုပ်တွေကို ဝယ်ယူမှု များပြားလာတယ်။ အဓိက ပြည်ပထိုင်းနိုင်ငံက နိုင်ငံတကာဈေးကွက်ကို တစ်ဆင့် ပြန်လည်ရောင်းချဖို့ ရှေးခေတ်နတ်ရုပ်တုတွေ၊ ၃၇ မင်းနတ်ရုပ်ပုံစံတွေကိုပဲ မှာယူတာ များလာတယ်။ အရွယ်အစားက သယ်ယူမှုလွယ်ကူတဲ့ ၂ ပေနဲ့ ၃ ပေအရွယ် ပန်းပုရုပ်တုတွေပဲ ရောင်းရတယ်။ ပြည်တွင်းမှာတော့ ဟိုတယ်တွေမှာ အလှဆင်ဖို့ ဝယ်ယူတာလောက်ပဲ ရှိတယ်။ ၁၀ ပေ၊ ၁၅ ပေအရွယ် ပန်းပုရုပ်တုတွေကတော့ ဝယ်ယူသူမရှိသလောက် ရှားပါးသွားပြီး ဘုရားတည်မယ့် အလှူရှင်တွေရှိမှပဲ ထုဆစ်ပေးရတော့တယ်" ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှုမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာမှုနှင့်အတူ လက်ရှိကာလသည် ခရီးသွားရာသီရောက်ရှိနေသဖြင့် ပန်းပုလုပ်ငန်းများ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ မဟာမုနိဘုရားတွင် ဖွင့်လှစ်ရောင်းချသည့် ပန်းပုအရောင်းဆိုင်များမှ သိရသည်။

မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ထုဆစ်ထားသည့် ပန်းပုရုပ်များအား တရုတ်၊ ထိုင်း၊ လာအိုနိုင်ငံတို့မှ အများဆုံးဝယ်ယူကြပြီး ရုပ်တုပြုလုပ်သည့် သစ်အမျိုးအစား၊ ဒီဇိုင်းပုံစံနှင့် အရွယ်အစားပေါ်မူတည်၍ ငွေကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းဝန်းကျင်ရှိ ရုပ်တုအသေးများကိုသာ အဓိကရွေးချယ်ဝယ်ယူမှုများပြားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၇၀ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၈၀ ကျပ် | ၉၇၀/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၀ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ ကျပ် | ၁၀၃၅/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၂ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၈ . ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၁ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၅၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၇၁၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၅၆၄ | ၁၇၉၃၆၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၄၃၁၂ | ၁၆၅၅၃၁၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၄၀ | ၃၃၂၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၃၀ | ၆၉၀၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၇၀၉ | ၂၀၂၀၆၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပရိသတ်များအား ဘာသာရေးနှင့်ဆက်နွှယ်သည့် အသိပညာ ဗဟုသုတများ တတ်စွမ်းသလောက် ပေးချင်သေးကြောင်း ဝါဝါဝင်းရွှေပြောကြား



မြန်မာ့ရုပ်ရှင်သမိုင်းတွင် အထင်ကရ နာမည်ကြီး မင်းသမီးကြီးတစ်ဦးဖြစ်သည့် ထပ်ဆင့်အကယ်ဒမီများရှင် ဒေါ်ဝါဝါဝင်းရွှေမှာ ၁၉၇၆ ခုနှစ်က စိန်တရစ်မြတရစ်၊ အကယ်ဒမီ ရရှိခဲ့သည့် ချောင်းကိုပစ်၍ မြစ်ကိုရှာ၊ ချစ်သူဝိုင်းဝိုင်းလည်၊ မယ်မင်းကြီးမ စသည့် ဇာတ်ကားများအပြင် အခြားရုပ်ရှင်ကားပေါင်းများစွာဖြင့် ကျော်ကြားခဲ့သူဖြစ်ကာ ယနေ့ခေတ် လူငယ်များပါ သိရှိနေကြဆဲဖြစ်သည့် မင်းသမီးကြီးတစ်ဦးဖြစ်သည်။ အဖြူအမည်း ရုပ်ရှင်ခေတ်မှစ၍ ရောင်စုံပိတ်ကားရုပ်ရှင်ခေတ်အထိ အနုပညာလောကတွင် ကျော်ကြားခဲ့သည့် မင်းသမီးကြီးလည်း ဖြစ်ခဲ့သည်။

ဝါဝါဝင်းရွှေအနေဖြင့် ယခု အသက် ၇၀ ကျော် အရွယ်တွင်လည်း ကိုယ်တိုင်ဒါရိုက်တာနှင့် ထုတ်လုပ်သူအဖြစ် ထုတ်လုပ်ရိုက်ကူးရုံသာမက ကိုယ်တိုင်ပါဝင်သရုပ်ဆောင်၍ "ရှင်ဥပဂုတ္တ" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့ကာ ယင်းဇာတ်ကားတွင် ပရိသတ်များအတွက် ဘာသာရေး အသိပညာများ တတ်စွမ်းသလောက် မျှဝေပေးနိုင်ရန် ပုံဖော်ဖန်တီးထားကြောင်းသိရသည်။

"ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးအကြောင်းကို အန်တီဝါ သိသလိုပဲ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ခုနှစ်ရက်သားသမီး ကြီးငယ်အရွယ်လတ် ပရိသတ်တွေလာရောက်ကြည့်ရှုပြီး သိရှိကြည်ညိုစေခြင်းအလို့ငှာ ဒီဇာတ်ကားလေးကို အန်တီဝါ ရိုက်ကူးခြင်းဖြစ်ပါတယ်။ ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးရဲ့အကြောင်းကို အဖြူအမည်းခေတ်က ပဲရော့ရုပ်ရှင်က ဒါရိုက်တာကြီး ဦးချစ်ဖေက ဇာတ်ကားအနေနဲ့ ဖန်တီးခဲ့ဖူးပါတယ်။ ကြားထဲမှာလည်း ဗီဒီယို တစ်ကား၊ နှစ်ကားတော့ ရိုက်ခဲ့ဖူးတယ်လို့ သိရပါတယ်"ဟု ရှင်ဥပဂုတ္တရုပ်ရှင် ရိုက်ကူးဖြစ်သည့် ရည်ရွယ်ချက်ကို ဝါဝါဝင်းရွှေက ပြောသည်။

ရုပ်ရှင်ကို ရုံတင်မည့်ကိစ္စနှင့်ပတ်သက်၍လည်း ဝါဝါဝင်းရွှေက "အန်တီဒီအသက်အရွယ်နဲ့ အပင်ပန်းခံပြီးရိုက်ထားတဲ့ ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီး ဇာတ်ကားကို ဒီဇင်ဘာ ၁၂ ရက်မှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ ပြတော့မှာပါ။ ရိုက်တုန်းကဆို တပေါင်း၊ တန်ခူး နေပူပူကြီးမှာ၊ အပူလှိုင်းကလည်း ဖြတ်တဲ့အချိန်မှာ ရှေးခေတ်ကအဝတ်အစားတွေဝတ်ပြီး အန်တီဝါ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားပါတယ်။ အန်တီဝါ့ကို တစိုက်မတ်မတ်ချစ်ကြတဲ့ ပရိသတ်တွေရှိလို့ အခုချိန်အထိ ဝါဝါဝင်းရွှေဆိုပြီး ရုပ်ရှင်လောကမှာ ရပ်တည်နေနိုင်တာဖြစ်ပါတယ်။ အဲဒါကြောင့် ရှေ့ဆက်ပြီးလည်း အားပေးကြပါ၊ ဒီဇာတ်ကားမျိုးကိုလည်း အန်တီဝါ နောက်ထပ် မရိုက်နိုင်တော့ပါဘူး"ဟု ဆက်လက်ပြောကြားခဲ့သည်။

ကိုလင်း

# အိမ့်ချစ်၏ စီးရီးသစ်တွင် လမ်းပေါ်မှမိန်းကလေးအချို့၏ဘဝကို အခြေခံပြီး ဖန်တီးထားသည့် တေးသီချင်းတစ်ပုဒ် ပါဝင်မည်

ဂီတသက်တမ်း ၁၆ နှစ်အတွင်း တစ်ကိုယ်တော် ခွေများနှင့်အတူ စုံတွဲတေးစီးရီးများစွာကို သီဆိုခဲ့သည့် အဆိုတော် အိမ့်ချစ် အနေဖြင့် ဖခင်ဖြစ်သူ အဆိုတော်ကြီး ချစ်ကောင်း၏ ဂီတအမွေကို လက်ဆင့်ကမ်း လက်ခံရယူကာ ယနေ့ ဂီတလောကတွင် အောင်မြင်စွာ ရပ်တည်လျက်ရှိသည်။ အိမ့်ချစ် ဆက်လက်ပြီး လျှောက်လှမ်းသွားမည့် ဂီတခြေလှမ်းများအကြောင်း၊ ယနေ့ခေတ် ဂီတလောက အခြေအနေနှင့် ဂီတလောကထဲတွင် ရပ်တည်နေသည့်အပေါ် ခံစားရသော စိတ်ခံစားချက်များကို မေးမြန်းဖြစ်ခဲ့သည်။



**မေး။ ။အိမ့်ချစ်ရေ၊ ၂၀၂၀ အတွက် အိမ့်ချစ်ရဲ့ ဂီတခြေလှမ်းတွေကို သိပါရစေ။**

ဖြေ။ ။ဂီတလှုပ်ရှားမှုအနေနဲ့ဆိုရင် အိမ့်ချစ် ၂၀၂၀ ပြည့်နှစ်ထဲမှာ မောင်လေး ဂျူနီယာချစ်ကောင်းနဲ့ မောင်နှမနှစ်ယောက်ပေါင်းပြီး အခွေလေးထွက်ဖို့ သီချင်းတွေ ပြင်ဆင်နေကြပါတယ်၊ တာထွက်ဆိုတဲ့ နာမည်လေးနဲ့ မောင်လေးက ငါးပုဒ်လောက် ဆိုထားတယ်၊ အိမ့်ချစ်ကတော့ လေးပုဒ် ဆိုထားပါတယ်၊ ပြီးတော့ ၂၀၂၀ အောက်တိုဘာလောက်မှာ အိမ့်ချစ်ရဲ့ တစ်ကိုယ်တော်အခွေလေး ဖန်တီးဖြစ်မှာပါ၊ မောင်လေးနဲ့ဆိုတဲ့ အခွေထဲမှာတော့ အမြူးပုံစံလေးတွေ လုပ်ထားတယ်၊ အိမ့်ချစ်ရဲ့ တစ်ကိုယ်တော် အခွေအတွက်ကတော့ သီချင်းပုံစံလေးတွေကို မပြောင်းထားပါဘူး၊ အိမ့်ချစ်ရဲ့ ဒုတိယမြောက်အခွေလေးဖြစ်တဲ့ "အချစ်ရေး" အခွေတုန်းကလို အချစ်သီချင်းလေးတွေ ပါမှာပါ။

**မေး။ ။အိမ့်ချစ်နဲ့ ပရိသတ် ထပ်တူကျပြီး အကြိုက်တူမယ့် သီချင်းလေးတွေရော ဘယ်နှစ်ပုဒ်လောက် ပါနိုင်မလဲ။**

ဖြေ။ ။မောင်လေးနဲ့ အတူဆိုထားတဲ့ အခွေထဲမှာ တေးရေးဆရာ အသစ်လေးတစ်ယောက်ရဲ့ သီချင်းသစ်လေးတစ်ပုဒ်ကိုတော့ အိမ့်ချစ် တော်တော်ကြိုက်တယ်၊ ညဥ့်ငှက် ဆိုတဲ့ နာမည်နဲ့ သီချင်းလေးပါ၊ သီချင်းအဓိပ္ပာယ်လေးက မကောင်းတာလုပ်စားပြီး အသက်မွေးဝမ်းကျောင်းနေရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို အခြေခံပြီး ရေးထားတဲ့ သီချင်းလေးတစ်ပုဒ်ပါပဲ၊ ဘဝမှာ ဖြစ်ချိန်တန်လို့ ဖြစ်လာရတာမျိုးဆိုပေမယ့် တစ်ချိန်မှာ ဘယ်လို ယောကျ်ားမျိုးက သူတို့ကို လက်ထပ်ကြမလဲ ဆိုတာမျိုးရယ်၊ ဘာပဲဖြစ်ဖြစ် ဘဝမှာ တစ်ချိန်ချိန် ကိုယ်ဖြစ်ချင်တာလေးတွေဖြစ်လာမယ်၊ အားမလျှော့ပါနဲ့လို့ အားပေးတဲ့ ပုံစံမျိုးလေးရယ် ဖန်တီးထားတာပါ၊ အချစ်သီချင်းမဟုတ်ပေမယ့် ဘဝနဲ့သက်ဆိုင်တဲ့ သီချင်းလေးဆိုတော့ ဒါလေးကတော့ ပရိသတ်အတွက်ရော အိမ့်ချစ်အတွက်ပါ ထူးခြားတဲ့ တေးသီချင်းလေးတစ်ပုဒ်လို့ ဆိုနိုင်ပါတယ်၊

**မေး။ ။လတ်တလော လူမှုကွန်ရက် စာမျက်နှာတွေနဲ့ စာစောင်တွေမှာလည်း တွေ့နေရတဲ့ လူကုန်ကူးတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး အိမ့်ချစ်ရဲ့ အမြင်က ဘယ်လိုရှိလဲ။**

ဖြေ။ ။မြင်ရ၊ တွေ့ရတာတွေအပေါ် တကယ်ကို စိတ်မကောင်းဖြစ်ရပါတယ်။ အထူးသဖြင့် အရွယ်မရောက်သေးတဲ့ ကလေးတွေကို ဖမ်းပြီး လူကုန်ကူးကြတာမျိုးတွေ၊ အသက် မပြည့်သေးတဲ့ မိန်းကလေးတွေလည်း ပါတာပေါ့လေ၊ အမှန်အတိုင်းပြောရရင် အိမ့်ချစ်က လူမှုကူညီရေး အသင်းတွေမှာ သံတမန်တစ်ဦးအဖြစ်နဲ့ရော၊ လူမှုရေးလုပ်ငန်းတွေရော လုပ်ခဲ့ပါတယ်၊ အလုပ်သမားဆိုင်ရာတွေ၊ အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်တာတွေကအစ ပေါ့နော်၊ နောက်ဆုံး အိမ့်ချစ်ကိုယ်တိုင် မိန်းမပျိုတစ်ယောက် ဖြစ်နေတာတောင်မှ သားဆက်ခြားတဲ့အကြောင်းလေးတွေပါ ပြောရတာမျိုးတွေ ရှိခဲ့ဖူးပါတယ်၊ ပြောချင်တာကတော့ မရှက်ကြပါနဲ့၊ ဆေးပညာ ဗဟုသုတအဖြစ်နဲ့ ပြောတာတွေကို နားထောင်ကြပါ၊ ကိုယ့်ဘဝအတွက် ရှက်စရာ မဟုတ်ပါဘူး၊ ပညာပေးတဲ့ အကြောင်းအရာတွေကို သေချာဂရုစိုက်ပြီး နားထောင်ပါ၊ လေ့လာကြပါ၊ လူကုန်ကူးတဲ့ အကြောင်းအရာတွေအကြောင်း အိမ့်ချစ်ကို ပညာပေးမျှဝေပြောပြကြဖို့ဆိုရင်လည်း အချိန်မရွေး ဆက်သွယ်ကြပါလို့၊ အခုဆို ကြားရတဲ့ သတင်းတွေကလည်း စိတ်မကောင်းပါဘူး၊ အရွယ်ကောင်းလေးတွေကို ဆေးနဲ့လုပ်ပြီး ခေါ်သွားတာတွေ ကြားရတယ်၊ အဲဒီတော့ ကလေးတွေကို အသိပညာလေးအဖြစ် ဘယ်ဆေးတွေက လူကို ဘာဖြစ်စေတယ် ဆိုတာမျိုးတွေကို သိထားအောင် လေ့လာကြပါလို့ ပြောပါရစေ။

ကိုလင်း

# ချောက်ချားဖွယ် စိတ်ခံစားမှုများ ရရှိနိုင်မည့် "သန်းခေါင်ယံ"ရုပ်ရှင် ရုံတင်ပြသတော့မည်

ဒါရိုက်တာ အောင်မြတ် ရိုက်ကူးပုံဖော်၍ Watermarks Studio Production က စီစဉ် တင်ဆက်သည့် "သန်းခေါင်ယံ – Midnight" ရုပ်ရှင် ဇာတ်ကားကြီးကို ဒီဇင်ဘာ ၅ ရက်တွင် စတင် ရုံတင်ပြသမည်ဖြစ်ပြီး ဇာတ်လမ်း အမျိုးအစားမှာ ပရိသတ်များအတွက် ချောက်ချားဖွယ် စိတ်ခံစားမှုများကို ခံစားရအောင် ဖန်တီးထားသော ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အောင်မြတ်က "သန်းခေါင်ယံ ဇာတ်ကားက ချောက်ချားစရာတစ်မျိုးတည်း မဟုတ်ဘဲ ဟာသလေးတွေပါထည့်ပြီး ရိုက်ကူးထားတာပါ။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်ကားကိုကြည့်ပြီး ကြောက်လည်းကြောက်၊ ရယ်လည်း ရယ်ရတဲ့ ရသနှစ်မျိုးကို ခံစားရမှာပါ၊ ကျွန်တော်တို့ ဒီကားကို စရိုက်ကတည်းက အားလုံး အတူတူ ပူးပေါင်းတိုင်ပင်ပြီး သေချာလေး လုပ်ဆောင်ခဲ့ကြပါတယ်၊ ပါဝင်ကြတဲ့ သရုပ်ဆောင်တွေကလည်း သူ့နေရာနဲ့သူ အကောင်းဆုံး လုပ်ဆောင်ခဲ့လို့ အောင်အောင်မြင်မြင်နဲ့ ရိုက်ကူးနိုင်ခဲ့ပါတယ်၊ စိတ်လှုပ်ရှားစရာလေးတွေကို ပရိသတ် ခံစားရမှာပါ"ဟု ပြောသည်။

သရုပ်ဆောင် နန်းခင်ဇေယျာကလည်း "ကိုအောင်မြတ်တို့က သန်းခေါင်ယံ ရုပ်ရှင်ကားကြီးအတွက် ဇာတ်ကို ပေးဖတ်တယ်၊ နန်းခင်အနေနဲ့ ရိုက်နိုင်တယ်ဆို ရိုက်ဖို့ပေါ့၊ အဲဒါနဲ့ ဒီကားကို နန်းခင် လက်ခံဖြစ်တာ။ သရဲကားရိုက်တာက ဒါနဲ့ဆို နှစ်ကားပေါ့၊ ရှေ့က တစ်ကားက "ကြောက် ကြောက် ကြောက်" ရုပ်ရှင်ပါ။ ဒီကားမှာ အမှတ်တရကတော့ အလွန်ပူတဲ့အချိန်မှာ အိမ်အိုကြီးထဲမှာ ရိုက်ရတယ်၊ ညဘက်ရိုက်ရတာတွေများတော့ စိတ်လှုပ်ရှားခဲ့ရတယ်။ ပါဝင်တဲ့ အနုပညာရှင်တွေများပေမယ့် ဒီကားထဲမှာ တစ်ယောက်နဲ့တစ်ယောက် ဆုံတာ သိပ်မရှိဘူး၊ ညီမနဲ့ မသင်ဇာတို့နဲ့ဆို ဆုံတဲ့ကဒ်တွေ နည်းတယ်၊ မစိုးကြီးနဲ့တော့ တောက်လျှောက် အဆုံလေးတွေ များတယ်။ နန်းခင်က ဒီကားထဲမှာ ကြမ်းတာတွေ ပါတယ်၊ သရဲဖြစ်သွားတဲ့ အပြောင်းအလဲတွေက ကြောက်စရာကောင်းတယ်၊ ရိုက်ရတဲ့အိမ်ကလည်း ရှေးအိမ်အိုကြီး၊ နန်းခင်ဆို အိမ်ပေါ်မှာတောင် မနေရဲဘူး၊ ကိုယ့်ရိုက်ရမယ့်ကဒ်ပြီးရင် အိမ်အောက်ထပ်မှာပဲ စုပြီးနေတယ်။ ဒီကားမှာ ကြောက်ရတာရော၊ ဟာသနဲ့ ဒရာမာလေးရော ပါပြီး စိတ်ဝင်စားဖို့လည်းကောင်းတာကြောင့် ပရိသတ်တွေ ကြည့်စေချင်ပါတယ်"ဟု ပြောသည်။

အဆိုပါ သန်းခေါင်ယံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် စိုင်းဝဏ္ဏအောင်၊ အောင်ရဲထိုက်၊ ကြက်ဖ၊ သိန်းလင်းစိုး၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်နှင့် နန်းခင်ဇေယျာ တို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။



ကိုလင်း

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### လီယိုနာဒို ဒီကာပရီယိုက ဘရာဇီးသမ္မတ၏ဝေဖန်မှုကို ပြန်လည်တုံ့ပြန်

ဟောလိဝုဒ်နာမည်ကျော်မင်းသား လီယိုနာဒို ဒီကာပရီယိုကတော့ ဘရာဇီးသမ္မတဘော်ဆွန်နယ်ရိုရဲ့ ဝေဖန်ထိုးနှက်ချက်တွေကို ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဘရာဇီးသမ္မတက လီယိုနာဒိုရဲ့ အလှူငွေလှူဒါန်းမှုနဲ့ ပတ်သက်ပြီး အရင်ဆုံး ဝေဖန်ထိုးနှက်ခဲ့လို့ပါပဲ။ လီယိုနာဒိုဟာ အမေဇုန်တောမီးလောင်မှုကနေ အကာအကွယ်ပေးဖို့အတွက် ငွေကြေးအမြောက်အမြား လှူဒါန်းခဲ့ပါတယ်။ အမည်ဖော်ပြထားမှုမရှိတဲ့ ကိုယ်ကျိုးမဖက်အဖွဲ့အစည်းတစ်ခုကို လီယိုနာဒိုက ဒေါ်လာငါးသိန်း လှူဒါန်းခဲ့တာပါ။ ဒါပေမယ့် အဲဒီအဖွဲ့အစည်းဟာ အမေဇုန်တောမီးစတင်လောင်စေခဲ့တဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ ဘရာဇီးသမ္မတကစွပ်စွဲခဲ့ပါတယ်။

အခုနှစ်အစောပိုင်းက လောင်ခဲ့တဲ့ တောမီးကြောင့် အမေဇုန်မိုးသစ်တောအတွင်း မြေကေပေါင်းတစ်သန်းခန့် မီးလောင်ခဲ့ရပါတယ်။ ဟောလိဝုဒ်မင်းသားလီယိုနာဒိုကတော့ အမေဇုန်သစ်တော ကို မီးရှို့ဖို့အတွက် ပိုက်ဆံတွေပေးလိုက်တာပဲလို့ ဘရာဇီးသမ္မတက စွပ်စွဲပြော ဆိုခဲ့ပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုကို ဘရာဇီးရဲတွေက ဝင် ရောက်စီးနင်းပြီး စေတနာ့ဝန်ထမ်းမီးသတ်သမားလေးဦးကို မီးစတင်လောင်စေသူတွေလို့ သံသယရှိတဲ့အတွက် ဖမ်းဆီးခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာက အလှူငွေတွေရရှိဖို့အတွက် မီးရှို့တဲ့ အဖွဲ့အစည်းလို့လည်း သံသယရှိခဲ့တာပဲဖြစ်ပါ တယ်။ လီယိုနာဒိုကတော့ သူဟာ ဘရာဇီးပြည်သူတွေရဲ့ သဘာဝယဉ်ကျေးမှုတွေကို ထိန်းသိမ်းပေးဖို့အတွက် ငွေလှူဒါန်းခဲ့တာပဲဖြစ်တယ်လို့ ပြန်လည်ချေပခဲ့ပါတယ်။ အစားထိုးမရနိုင်တဲ့ ဂေဟာစနစ်ကို အကာအကွယ်ပေးမယ့် အဖွဲ့ အစည်းတွေနဲ့အတူ ရပ်တည်ရတာကို ဂုဏ်ယူတယ်လို့ လီယိုနာဒိုက ပြောပါတယ်။

**တန်းဒေးလီးဒေ့ါကွန်း**



ဟောလိဝုဒ်မင်းသားလီယိုနာဒိုဒီကာပရီယို

### ဂျူအာလီပါက အသစ်ထွက်ရှိမည့် အယ်ဘမ်၏နာမည်ကို တက်တူးထိုးပြီး ပရိသတ်ကို အသိပေး

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ဂျူအာလီပါကတော့ သူရဲ့အသစ်ထွက်ရှိမယ့် အယ်ဘမ်အကြောင်းကို အသေးစိတ်ပြောပြလာပါပြီ။ ဒါပေမယ့် စကားနဲ့ပြောတာမဟုတ်ပါဘူး။ တက်တူးထိုးတာကို ပြသခဲ့ရုံပါပဲ။ ဂျူအာလီပါဟာ သီချင်းအယ်ဘမ်အသစ်ရဲ့နာမည်ကို လက်မောင်းပေါ်မှာ တက်တူးထိုးခဲ့ပါတယ်။ အဲဒီနောက် အဲဒီတက်တူးပုံကို အင်စတာဂရမ်အကောင့်မှာ တင်ခဲ့ပါတယ်။ အယ်ဘမ်အသစ်ရဲ့နာမည်ကတော့ Future Nostalgia လို့ အမည်ရပါတယ်။

လွန်ခဲ့တဲ့နှစ် နွေရာသီကစပြီး ဒီသီချင်းအယ်ဘမ်ထွက်ရှိနိုင်ဖို့အရေး ကြိုးပမ်းနေခဲ့တာပါ။ ၂၀၂၀ မတိုင်မီ ထွက်ရှိဦးမှာမဟုတ်တဲ့အတွက် ပရိသတ်တွေကတော့ ဆက်လက်စောင့်နေရဦးမှာပါပဲ။ ဒါတင်မကသေးပါဘူး။ သူဟာ အသစ်ထွက်ရှိတဲ့ သီချင်းအယ်ဘမ်နဲ့အတူ ဥရောပတစ်ခွင် နယ်လှည့်ဖျော်ဖြေပွဲတွေလည်း လုပ်သွားဦးမှာပါ။ လာမယ့်နှစ် ဧပြီ ၂၆ ရက်မှာ စပိန်နိုင်ငံ မက်ဒရစ်မြို့ကနေ စတင်ပြီး နယ်လှည့်ဖျော်ဖြေပွဲစတင်မယ်လို့ အင်စတာဂရမ်ကနေတစ်ဆင့် ကြေညာခဲ့ပါတယ်။ ဒစ္စကို တီးလုံးတွေကို ဦးစားပေးသွားမယ်လို့လည်း ပြောခဲ့ပါတယ်။ ပရိသတ်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ကစေချင်ရုံသက်သက်ပဲလို့လည်း ပြောပြခဲ့ပါတယ်။ **စီအင်န်အင်န်**



အဆိုတော်ဂျူအာလီပါ

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၀၂)

# ဥပဒေဆိုင်ရာ အထောက်အကူ



**ဦးဟန်ညွန့်(ဥပဒေ)**

**ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ**

ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

**[ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၂ (က)]**

**ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့**

ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို ဥက္ကဋ္ဌဦးဉာဏ်ဝင်း (ဥပဒေပညာရှင်) ဦးဆောင်၍ အတွင်းရေးမှူး ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ)တို့ ပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။

အများပြည်သူတို့အား ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တာဝန်ကို ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ထမ်းဆောင်ရသည်။ ထို့ကြောင့် အဖွဲ့အတွင်းရေးမှူး ဦးခင်ဇော်နှင့် စာရေးသူတို့သည် ဥပဒေရေးရာ အဖြာဖြာခေါင်းစဉ်ဖြင့် မြန်မာ့ရုပ်မြင်သံကြား အသိပညာပေးအစီအစဉ်မှ ဆွေးနွေးဟောပြောခဲ့ကြပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအကြောင်း (အကျဉ်း)ကို အများပြည်သူအကြား ဗဟုသုတဖြစ်ဖွယ်တင်ပြခဲ့ခြင်းလည်းဖြစ်ပါသည်။

**၂၀၁၆ ခုနှစ်**

၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀ ဖြင့် ပြည်ထောင်စုလွှတ်တော်က "ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ" ကို ၁၈- ၁ - ၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

**ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများ**

ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများကို မည်သို့ ဥပဒေက သတ်မှတ်ထားပါသလဲ။ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့်ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှု




နှင့်ဆိုင်သော သက်သေများကိုလည်းကောင်း ဆိုသည်။

**[ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ၊ ပုဒ်မ ၂ (ခ)]**

**ဥပဒေ၏ရည်ရွယ်ချက်**

ဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှ အခွင့်အရေးများရရှိစေရန်
(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကိုဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကိုအခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်
(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူသိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများဆောင်ရွက်နိုင်ရန်
(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန်
(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့် မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်
(စ) အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင် ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်
(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူ ပြုစေရန်တို့ ဖြစ်သည်။

**အခြေခံမူများ**

ဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ်ဖြစ်ပေါ်စေရေး
(ခ) ပြစ်မှုကျူးလွန်ခြင်းကို ကြိုတင် ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး
(ဂ) ပြစ်မှုဖြင့်စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
(စ) ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသား မခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး
(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာ ရရှိစေရေး
(ဇ) ဥပဒေဆိုင်ရာအထောက်အကူပေးသည့် စနစ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး
(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့များဖွဲ့စည်းခြင်း**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်းများကိုလည်း ဥပဒေပြဋ္ဌာန်းပြီးဖြစ်ပေသည်။

မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်းတို့ကိုလည်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

**အခြေခံကျသော မြို့နယ်**

အဖွဲ့အစည်း အဆင့်ဆင့်တွင် **မြို့နယ်အဆင့်**သည် အခြေခံကျပေသည်။ ပြည်သူအများ၏ အရေးကိစ္စအတော်များများမှာ မြို့နယ်က စတင်ပေသည်။ သို့ဖြစ်၍ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ **စိတ်ကောင်းစေတနာထားရှိမှုသည်** ပဓာနကျလှပေသည်။ ဥပဒေအရာ၌ မျှတမှုရှိကြောင်း၊ တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေကြောင်း ပေါ်လွင်ရပေမည်။ လက်တွေ့ကျကျ အထောက်အကူ ပေးနိုင်ကြရပေမည်။ အမြဲဆန်းစစ်၍ သုံးသပ်မှုများပြုပြီး အဖွဲ့၏ အောင်မြင်မှုအပေါ် ဝေဖန်ခံနိုင်ကြရပါမည်။ အခက်အခဲများရှိပါကလည်း ပွင့်ပွင့် လင်းလင်း တင်ပြညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဥပဒေ၏ ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရာ ရောက်ပါမည်။

**ပွင့်လင်းမြင်သာမှု**

ဥပဒေပြဿနာများ ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှုရှိပါရဲ့လား။ တရားမျှတမှု ရရှိပါရဲ့လား။ တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေပါသလား။ ယုံကြည်မှုကျဆင်းစေပါသလား။ အနှောင့်အယှက်၊ အတားအဆီးများက ဘာတွေပါလဲ။ ဘယ်လိုအခက်အခဲတွေရှိပါသလဲ။ အခက်အခဲတွေကိုရော ဘယ်လိုဖြေရှင်းသင့်ပါသလဲ။ တာဝန်ရှိသူ အဆင့်ဆင့်၏ ကြိုးကြပ်မှု၊ စိတ်ကောင်းစေတနာထားရှိမှုများဖြင့်သာ လုပ်ငန်းအောင်မြင်ချောမွေ့နိုင်မည် ဖြစ်ပေသည်။ ဤအချက်ကို မမေ့အပ်။

**ဆက်သွယ်ရေးသတင်းပို့**

ဥပဒေအထောက်အကူ အမှန်တကယ်ရရှိရဲ့လား။ ဆက်သွယ်ရေးခက်ခဲနေသလား။ လက်တွေ့ဘဝကမည်သို့ပါလဲ။ အကူအညီပေးသူတွေက တကယ်အကူအညီပေးနိုင်ပြီလား။ တောင်းခံသူများအနေနှင့်ရော စစ်မှန်သောအထောက်အကူ ရရှိပါပြီလား။ ရှေ့နေညီအစ်ကိုမောင်နှမများ၏ ကူညီမှုများ အပြည့်အဝကို မော်ကွန်းထိုးနိုင်ပါပြီလား။ ဆက်သွယ်ရေး သတင်းပေးပို့ရေး မနှေးကြစေလိုပါ ခင်ဗျာ။

**စေတနာ**

ဥပဒေဆိုင်ရာအထောက်အကူပေးရေးထိရောက်မြန်ဆန်၊ မှန်ကန်စေဖို့၊ တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။




## ကလေးသူငယ်အလုပ်သမားသည်တရားမဝင်ပါ

မြန်မာနိုင်ငံတွင်ကလေးအလုပ်သမားအတွက်သီးသန့်ဥပဒေမရှိဘဲကလေးအလုပ်သမားနှင့် တိုက်ရိုက်ဆက်နွှယ်နေသော၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ၊ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အမျိုးသားပညာရေးဥပဒေ စသည်တို့သာ ရှိပါသည်။

၂၀၁၆ခုနှစ်၊ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနှင့် ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေများတွင် အသက်(၁၄)နှစ်အောက်ကလေးများအား အလုပ်မလုပ်ရန်တားမြစ်ထားသော်လည်း ၎င်းဥပဒေများက ကလေးအလုပ်သမား အများအပြားရှိသည်ဟု ယုံကြည်ရသော စိုက်ပျိုးရေးကဏ္ဍနှင့် ပုံမှန်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများတွင်လုပ်ကိုင်နေရသော ကလေးများအတွက် အကျုံးမဝင်ပါ။




**သက်ဆိုင်ရာအလုပ်သမားဥပဒေများတွင် အလုပ်လုပ်ရန် အနိမ့်ဆုံးရှိရမည့် အသက်ကို (၁၄) နှစ်ဟု ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။**

## အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ



၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ပြဋ္ဌာန်းချက် အမှတ် ၁၈၂ အပိုဒ်(၃)ပါ အောက်ပါကဲ့သို့သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း လျော့နည်းပပျောက်ရေးအတွက် ဦးစားပေးအနေဖြင့် ချက်ချင်းလုပ်ဆောင်ရမည်-

(က) ပုံစံမျိုးစုံဖြင့်ကျွန်ပြုခိုင်းစေမှု(သို့) အလားတူကျွန်ပြုခိုင်းစေမှု (လူကုန်ကူးရောင်းဝယ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင်းတွင် အသုံးပြုရန်၊ မလုပ်မနေရအဓမ္မစုဆောင်းခြင်း)၊

(ခ) ကလေးသူငယ်များအား ပြည့်တန်ဆာလုပ်ငန်း (သို့) လိင်မှုဆိုင်ရာဖျော်ဖြေမှုများတွင် အသုံးပြုခြင်း၊

(ဂ) တရားဥပဒေနှင့်ဆန့်ကျင်သော မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ကုန်ကူးခြင်းတို့တွင် ကလေးကို အသုံးပြုခြင်း၊

(ဃ) ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းဟုဆိုနိုင်သည့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများတွင် လုပ်ကိုင်ရခြင်းတို့ဖြစ်သည်။

**လုပ်ငန်းခွင်ဝင်ရန် အနိမ့်ဆုံးအသက်အရွယ်နှင့်စပ်လျဉ်း၍ အိုင်အယ်(လ်)အိုပြဋ္ဌာန်းချက်အမှတ် (၁၃၈) တွင် သာမန်အားဖြင့်မသင်မနေရ ပညာရေးပြီးဆုံးသည့် (၁၅)နှစ်အောက် မငယ်သင့်ဟု ပြဋ္ဌာန်းထားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြစ်နိုင်ခြေရှိသောချွင်းချက်မှာအသက် (၁၄)နှစ်ဖြစ်သည်။**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံက ၁၉၉၁တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အပိုဒ်၃၂တွင် အဖွဲ့ဝင်နိုင်ငံများက ကလေးသူငယ်များ၏ အခွင့်အရေးကို အသိအမှတ်ပြု၍ ၎င်းတို့အပေါ် စီးပွားရေးခေါင်းပုံဖြတ်မှုနှင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး (သို့) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်နာစေသည့် အန္တရာယ်ရှိသောအလုပ်များမှ အကာအကွယ်ပေးရမည်။

# အင်းတော်၊ လောင်းလုံး၊ ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက အင်းတော်မြို့နယ် စင်းဟောက်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်တွင် ဘရန်နူး မောင်းနှင်ပြီး မဆိုင်းပန်(ခ) မနူး လိုက်ပါလာသည့် တိုယိုတာခရောင်း မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၂၀၉၀ တန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၀၉ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲက ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောင်းလုံးမြို့နယ် သဗျာကျေးရွာရှိ ရန်နိုင်အောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၊ မြန်မာငွေကျပ် ၁၆၆၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို လည်းကောင်း၊

ထို့အတူ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး၊ရွာငံ-ကျောက်ဆည် ကားလမ်းတွင် စိုင်းအုန်းကျော်(ခ)အာလင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၇၂၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရပ်တန့်ပြုပြင်နေသည့်ယာဉ်အား ဆိုင်ကယ်ဖြင့် အရှိန်လွန်ဝင်တိုက် ဆိုင်ကယ်မောင်းသူသေဆုံး

**ရေတာရှည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင် ၁၈၀/၁ နှင့် ၂ အကြား၌ ဒီဇင်ဘာ ၂ ရက် ည ၉ နာရီခန့်က ဖရဲသီးများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်သည် စက်ချွတ်ယွင်းမှု ပြုပြင်နေစဉ် ဝါးရုံတောကျေးရွာနေ ကျော်ထက် (၂၀ နှစ်) မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ မျိုးမင်းလတ်(၁၆နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်က အရှိန်လွန်ပြီး ကုန်တင်ယာဉ်၏ နောက်ပိုင်းကို ဝင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ကျော်ထက်သည် ရရှိသည့် ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး နောက်မှ လိုက်ပါလာသူ မျိုးမင်းလတ်မှာ (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ကျော်ထက်အား ရေတာရှည်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက်က စံဖူးကျေးရွာ၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် တစ်ပေခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်းစုစုပေါင်း ၁၀ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဖယ်ခုံမြို့နယ် လွယ်လုံကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့်ရှိ အစေးခြစ်ဆဲဘိန်းခင်း ၁၀ ဧကခန့်နှင့် ကယားပြည်နယ် ဆီဆိုင်မြို့နယ် နားစေးစောက်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁၃ ဧကခန့်တို့အား သက်ဆိုင်ရာ ရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# YDPPC ဥက္ကဋ္ဌဖလား ဒုတိယအကြိမ်မြောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၃**

စစ်ကိုင်းမြို့ ဘောလုံးသမားဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးနှင့် အားကစားနည်းမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဒုတိယအကြိမ် ကြီးမှူးကျင်းပသော YDPPC ဥက္ကဋ္ဌဖလား အသက် ၄၀ နှစ်အထက် အမျိုးသားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် မန္တလေး old star အသင်းနှင့် စစ်ကိုင်း old star အသင်းတို့ ယမန်နေ့က စစ်ကိုင်းနှစ် ၇၀၀ ပြည့် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန္တလေး Old star အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယပူးတွဲဆုရ မုံရွာ old star အသင်းနှင့် ဘုရားကြီး ၄၅ တာ old star အသင်းတို့နှင့် ဒုတိယဆုရ စစ်ကိုင်း old star အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်တို့ကို စစ်ကိုင်းမြို့ မြို့မိမြို့ဖဖြစ်ကြသော ဦးသာဌေး၊ ဦးဇော်ဝင်း(မြကျွန်းသာ)ဦးအုန်းမြင့်၊ ဦးကျော်မင်း၊ ဦးစိုးဝင်း(သုခကာရီ)၊ ဦးစိန်ရတို့က လည်းကောင်း၊ ပထမဆုရ မန္တလေး old star အသင်းမှ အားကစားသမားများအား ဦးကိုကြီး၊ ဦးဆန်နီ၊ ဦးလှမြင့်နှင့် ဦးဇော်ဝင်း-ဝိတ်တာတို့က တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် ပံ့ပိုးကြသည့်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် တတိယဆုရ ပူးတွဲနှစ်သင်းအား ဆုငွေကျပ်တစ်သိန်းစီ၊ ဒုတိယဆုရ စစ်ကိုင်း old star အသင်းအား ဆုငွေကျပ် သုံးသိန်း၊ ပထမဗိုလ်စွဲသည့် မန္တလေး old star အသင်းအား ဆုငွေကျပ် ငါးသိန်းတို့နှင့် ပထမဆုဖလားကို YDPPC ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးအောင်ဝင်းထွေးနှင့် စစ်ကိုင်းမြို့ ဘောလုံးသမားဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးနှင့် အားကစားနည်းမျိုးစုံဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးမျိုးသန်းဦးတို့က ပေးအပ်ချီးမြှင့်ပြီး မန္တလေးold starအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက စစ်ကိုင်းမြို့ ဘောလုံးသမားဟောင်းများ လူမှုကူညီရေးဆောင်ရွက်ရန်အတွက် အသင်းသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ စစ်ကိုင်းအသင်းဥက္ကဋ္ဌက လက်ခံ၍ ဂုဏ်ပြုဆုဖလား ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်း ယာဉ်ဖြင့် တွံတေးမြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ် စောဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂ ရက်က တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ အမက(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးပါ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်/လမ်းအန္တရာယ်နှင့် မှုခင်းဆိုင်ရာများ အသိပညာပေးရှင်းလင်းပြောစဉ်။

ရဲပြန်ကြား

# ကွမ်းခြံကုန်းမြို့နယ်၌ မှုခင်းအသိပညာပေး

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၃**

ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူ ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃ ရက်က ကွမ်းခြံကုန်းမြို့ အထက (၁)တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သော်ပါ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်/လမ်းအန္တရာယ်တို့အား ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းဆိုင်ရာ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၄-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၅၀ - ၂၀၁၉ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုမှတ်တမ်း
- ၁၀:၃၀ - "ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း"
- ၁၀:၅၀ - အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမြင်ကွင်းများ
- ၁၁:၄၀ - ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့်ကျန်းမာရေး "ရှောက် သီး"
- ၁၂:၃၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)
- - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ် (Promo)
- - စစ်ကိုင်းလမ်း(သီချင်း)
- ၁၃:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၀၅ - (၁၉)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ "သုဝဏ္ဏသာမ ဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)

**ညပိုင်း**

- ၁၆:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100)
- - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(အဖွင့်) (ကျော်သက်လင်း) (Insert)
- - ပုဂံလမ်းကစောင့်နေမယ် (သီချင်း)
- ၁၇:၃၀ - MRTV Travelogue
- ၁၈:၃၅ - ပြည်သူ့နီတိစကားဝိုင်း
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ "ရန်ကုန်မြို့တော်တစ်ခွင်"
- - အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြင်ကွင်းများ
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြု ရုပ်ရှင် "မြဂနိုင်"

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို မြို့နယ်အသီးသီး၌ ကျင်းပခဲ့ကြသည်။**

### မိတ္ထီလာ

မိတ္ထီလာမြို့ရှိ ရွှေဆောင် မျက်မမြင်ကျောင်း၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို မိတ္ထီလာမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဘဝ တိုးတက်လာရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်စွမ်းတို့ကို လူ့အဖွဲ့အစည်းအတွင်း အလေးထားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရွှေဆောင် မျက်မမြင်ကျောင်းနှင့် ဘဝသစ် မျက်မမြင်ကျောင်းတို့မှ မသန်စွမ်း အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ပြီး ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မသန်စွမ်း အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

### ပူတာအို

ပူတာအိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ Medical Action Myanmar(MAM)မှ ထောက်ပံ့မှုဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က မသန်စွမ်းသူများသည် လူမှုအဖွဲ့အစည်း အသိုင်းအဝိုင်းအတွင်း ရသင့်ရထိုက်သော အခွင့်အရေးများကို အခြားသူများနည်းတူ ရရှိနိုင်ရန်အတွက် လက်တွဲတူညီ ဆောင်ရွက်သွားရေးနှင့် ခေတ္တ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆိုင်းတူးမိုင်က မသန်စွမ်းသူများအား အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်ရှိခြင်းမရှိအောင် ကျန်းမာရေးစနစ်တည်ထောင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ ထို့နောက် MAM မှ စီမံချက်တာဝန်ခံ ဒေါက်တာဟိန်းထက်နောင်က မသန်စွမ်းမှုဆိုင်ရာ သဘောတရားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းမှ မသန်စွမ်းသူ ၁၀ ဦးအား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မေတ္တာလက်ဆောင်များ ပေးအပ်ခဲ့သည်။ **ဖုန်ကန်(ပူတာအို)**

### မင်းတပ်

ချင်းပြည်နယ် မင်းတပ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကာ အင်န်ဂျီအိုအဖွဲ့အစည်းများဖြစ်သော မာရီစတုပ်အဖွဲ့အစည်း၊ ဒေဝ်အဖွဲ့အစည်းနှင့် ချင်းပြည်နယ် မသန်စွမ်းသူများအသင်းချုပ်တို့နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို မင်းတပ်အထက(၁)ကျောင်း၌ ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ဦးစီးဌာန၏ လုပ်ငန်းများနှင့် ချင်းပြည်နယ်အတွင်းမှ မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မင်းတပ်ခရိုင် မသန်စွမ်းအသင်းဥက္ကဋ္ဌ ဦးအွမ်ကီး၊ ဒေဝ်အဖွဲ့အစည်းမှ တာဝန်ရှိသူ ဒေါ်တမ်လိုင်းနှင့် မာရီစတုပ် အဖွဲ့အစည်းမှ တာဝန်ရှိသူ ဦးရှိုင်းသန့်ဇော်တို့က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **ခွီရှိန်း(ခရိုင်ပြန်/ဆက်)**

## ကလေးစာပေပွဲတော် (ရန်ကုန်အနောက်ပိုင်းခရိုင်)ဖွင့်ပွဲ အခမ်းအနားကျင်းပ



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော် (ရန်ကုန်အနောက်ပိုင်းခရိုင်) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရန်ကုန် ဒီဇင်ဘာ ၃

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကလေးစာပေပွဲတော် (ရန်ကုန်အနောက်ပိုင်းခရိုင်) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) အလုံ၌ ကျင်းပခဲ့သည်။**

ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျောင်းအားကစားကွင်းပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ခင်မာဆွေ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး၊ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ အ.ထ.က(၄) အလုံမှ သုံးထပ်ကွမ်းလူရည်ချွန်၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကျော်ရဲလင်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပရာ အ.ထ.က(၄) အလုံမှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်အထိမ်းအမှတ်သီချင်းကို တယောများဖြင့် လက်စွမ်းပြဖြေဖျော်ခဲ့ကြပြီး အ.မ.က(၆) ကျောက်တံတားမှ ကျောင်းသားကျောင်းသူလေးများက ကလေးစာပေပွဲတော်အထိမ်းအမှတ်သီချင်းကို စုပေါင်းသီဆိုပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်တို့က အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ စမ်းချောင်း အ.ထ.က(၂)မှ ကျောင်းသူလေးများက "အပျိုတော်ယိမ်း" အကဖြင့်လည်းကောင်း၊ ညောင်ပင်လေး (ကိုယ်ပိုင်အထက်တန်းကျောင်း)မှ ကျောင်းသားကျောင်းသူလေးများက "ရှမ်းတိုင်းရင်းသား" အကဖြင့်လည်းကောင်း၊ အ.ထ.က(၂) ကမာရွတ်မှ ကျောင်းသားကျောင်းသူလေးများက "နှလုံးသားသစ္စာ ကျန်စစ်သား" အကဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကလေးစာပေပွဲတော်ပြပွဲ၊ စာအုပ်များ ခင်းကျင်းရောင်းချမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ကလေးစာပေပွဲတော် (ရန်ကုန်အနောက်ပိုင်းခရိုင်)ကို ဒီဇင်ဘာ ၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကလေးများ ဉာဏ်စမ်းပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ကစားနည်း၊ ဂိမ်းကစားနည်း၊ ပန်းချီဆေးရောင်စုံပြိုင်ပွဲ၊ စာပေဆွေးနွေးပွဲများဖြင့် စီစဉ်ကျင်းပလျက်ရှိပြီး ဗဟုသုတတိုးပွားစရာ စာအုပ်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**




# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ် တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက် မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)လုပ်ငန်းရှင် (၅၀) ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀) ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စု နယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ကျပ်သန်းပေါင်း ၄၀၀၀၀ အထက် | | | | |
| ၁ | Denko Trading Co.,Ltd | အမှတ်-၁၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | ကျပ်သန်းပေါင်း ၃၀၀၀၀ အောက် | | | | |
| ၂ | Kyaw San Co.,Ltd | အမှတ်-၁၇/အေ၊ လယ်ယာ(၂)လမ်း၊ (၁၀) မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃ | PT Power Trading Co.,Ltd | အမှတ် - ၂၃၅/ဘီ၊ ရှုခင်းသာလမ်း၊ သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | ကျပ်သန်းပေါင်း ၂၀၀၀၀ အောက် | | | | |
| ၄ | City Mart Holding Co.,Ltd | အမှတ်-၁/၁၁၊ ပဒုမ္မာကွင်း(အရှေ့ဘက်)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၅ | Asia Energy Co.,Ltd | အမှတ်-၁၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၆ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၇ | Shwe Byain Phyu Co.,Ltd | အမှတ်-၁၆၊ ရွှေတောင်ကြားလမ်း၊ (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၈ | Heyday Energy Trading Co.,Ltd | အမှတ်-၂၃/ဒီ၊ ရိပ်သာလမ်း၊ ပြည်လမ်း၊ (၁၁) ရပ်ကွက်၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-4 | Trading | |
| | ကျပ်သန်းပေါင်း ၁၀၀၀၀ အောက် | | | | |
| ၉ | Max Energy Co.,Ltd | အမှတ်-၁၂၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၀ | Lluvia Ltd | အမှတ်-၉၊ (စီ/၂)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၁၁ | Regency Material Trading Co.,Ltd | အမှတ်-၃၆၊ သိမ်ဖြူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၂ | Myat Myittar Mon (G & J ) Co.,Ltd | အမှတ်-၃၂(အေ/ဒီ)၊ ရိပ်သာလမ်း၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၃ | NCX Myanmar Co.,Ltd | အမှတ်-၃၃၃၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၄ | Aye Nyein Thar Company Limited | အခန်း-၁၀၂၊ တိုက်R-4၊ ဂန့်ကော်လမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၅ | Ayeyar Hinthar Trading Co.,Ltd | အမှတ်-၅၃၁၊ အခန်း (၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရဲတံခွန်တာဝါ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၆ | Benhur Trading Co., Ltd | အမှတ်-၁/၃၁၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | Pahtama Group Co.,Ltd | အမှတ်-၃၉/အေ၊ ဘုရင့်နောင်လမ်း၊ (၂၇) ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၈ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ River View Garden Housing၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၁၉ | Danayarzar Co.,Ltd | အမှတ်-စီ/၃၃၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၂၀ | Pro 1 (Myanmar) Co.,Ltd | အမှတ်-၇၆၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၁ | Myanmar Economic Corporation | ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၂၂ | Myan Shwe Pyi Tractors Ltd | အမှတ်-၁၆၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၃ | Green Land International Ltd | အမှတ်-၉၊ (စီ/၂)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| | ကျပ်သန်းပေါင်း ၅၀၀၀ အောက် | | | | |
| ၂၄ | Shwe Than Lwin Media Co.,Ltd | အမှတ် - ၂၀ (၁၃၉-အေ/၁၇၁-အေ)၊ မေယုအိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Services | |
| ၂၅ | Unique Move Trading Co.,Ltd | အမှတ်-၃၊ ရတနာမွန်(၆)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၆ | Dagon Beverages Co.,Ltd | အမှတ်-၅၅၅ /ဘီ၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၂၇ | Myawaddy Trading Ltd | အမှတ်-၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၂၈ | Dagon Win Win Co.,Ltd | အမှတ်-၂၃/၂၈၊ အထက်ပုဇွန်တောင်လမ်း၊ အောင်ဆန်းကွင်းအရှေ့ဘက်ခြမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၂၉ | Gold Energy Co.,Ltd | အမှတ်-၇၄၊ လမ်းသစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Production | |
| ၃၀ | Myanma Economic Holdings Public Co.,Ltd | အမှတ်-၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ (၅) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၁ | Europe & Asia Commercial Co.,Ltd | အမှတ်-၁/၄-၈/၂-ခ၊ ဗဟိုလမ်းနှင့်နီလာလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၂ | Myo Naing-Nine Group of Co.,Ltd | အဆောက်အအုံ-၂၃၊ အခန်းအမှတ်(၁၂၂၃)၊ ကျောက်စိမ်း(၃)လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| | ကျပ်သန်းပေါင်း ၄၀၀၀ အောက် | | | | |
| ၃၃ | Six Winner Brothers Co.,Ltd | အမှတ်-၉၊ သီရိမွန်(၁၀)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၄ | United Paints Group Co.,Ltd | အမှတ်-၁၇၄/၁၈၈၊ ရွှေကမ္ဘာတာဝါ(၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၅ | Diamond Dragon Co.,Ltd | အမှတ်- ၃၄၊ ရေတမာလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၃၆ | Myanmar Distribution Group Co.,Ltd | အမှတ်-၁၆/အီး၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၃၇ | Khine Khine Phyo International Trading Co., Ltd | အမှတ်-၃၅၀/၃၅၂၊ ပထမထပ်၊ အခန်းအမှတ်(၂)၊ အနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၃၈ | Eden Group Co.,Ltd | အမှတ်-၃၀/၃၁၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၃၉ | Thitsar Shwe War Co., Ltd | အမှတ်-၉၊ သီရိမွန်(၁၀)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-1 | Trading | |
| ၄၀ | Min Dhama Co.,Ltd | အမှတ်-၁၀၃/၁၀၄၊ ဘုရင့်နောင်လမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construction | |
| ၄၁ | U Kyu Family Grains & Manufacturing Co.,Ltd | အမှတ်-၁၇/၁၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufacturing | |
| ၄၂ | Mya Gae Trading Co.,Ltd | အမှတ်-၁၇/အေ၊ လယ်ယာ(၂)လမ်း၊ (၁၀) မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၃ | Myanmar Padauk Trading Co.,Ltd | အခန်းအမှတ်-၉၊ Company Compound၊ မိုင်းယု၊ (၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၄ | Shwe Me Co.,Ltd | Shwe Zabu River View Complex၊ (၂၃/ဂျီ-၁)၊ အမှတ်(၃/ဘီ)(တာဝါအေ-စီ)၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၅ | Best Oil Co.,Ltd | အကွက်(မ-၂)၊ ဦးပိုင်(၅ဃ/၄ခ) သိပ္ပံလမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ မဟာမြိုင် ၂ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | မန္တလေး | စက်သုံးဆီ တင်သွင်း/ ရောင်းချခြင်း | |
| | ကျပ်သန်းပေါင်း ၃၀၀၀ အောက် | | | | |
| ၄၆ | Fuxing Brothers Co.,Ltd | အမှတ်-ဈ/၉၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၇ | Yadanar Kaung Kin Gems & Jewellery Co., Ltd | အမှတ်-၇၉၇၊ အခန်း(၈၀၂/အေ)၊ MAC Tower (2)၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄၈ | Unlimited Channel Co., Ltd | အမှတ်-၈၅၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | MTO-4 | Trading | |
| ၄၉ | New Day Energy Co.,Ltd | အမှတ်-၂/၆၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၅၀ | Eain Myint San Co.,Ltd | အမှတ်-AA-၃၂၊ မိုင်းယု( ၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | **ပရိဘောဂပစ္စည်း** | |
| ၁ | အရာရှိစာရေးစားပွဲ ပေ(၅ x ၃) | 10 Nos |
| ၂ | ကုလားထိုင်(လက်တန်းပါ) | 10 Nos |
| ၃ | ဖိုင်တင်စင် | 2Nos |
| ၄ | စာရေးစားပွဲ ပေ( ၅ x ၃ x ၂ ၁/၂) | 2Nos |
| ၅ | သစ်သားစားပွဲကုလားထိုင် ပေ(၄ x ၂ ၁/၂) | 3 Sets |
| ၆ | သစ်သားကုလားထိုင်(လက်တန်းပါ) | 11Nos |
| ၇ | ကုလားထိုင် (လက်တန်းမပါ) | 3 Nos |
| ၈ | အစည်းအဝေးခန်းသုံးကုလားထိုင် | 8 Nos |
| ၉ | ဆက်တီ<br>(က) Centre Table (1 No)<br>(ခ) Double Chair (1 No)<br>(ဂ) Single Chair (4 Nos) | 2 Sets |
| ၁၀ | ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ) | 250 Nos |
| ၁၁ | စကားပြောစင် | 1 No |
| ၁၂ | Counter Chair | 1 No |
| ၁၃ | သံစင် ပေ(၄ x ၁.၄ x ၆) (၅ ဆင့်) | 5 Nos |
| ၁၄ | လက်တွန်းလှည်း (Steel) | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅-၁၂-၂၀၁၉)ရက်မှ (၁၂-၁၂-၂၀၁၉)ရက်အထိ နေ့စဉ်နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီ ရုံးဖွင့် ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင် ၂၀၀၀/-ကျပ်နှုန်းဖြင့်လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

၃။ ဈေးနှုန်းမပါသော Specification& Catalogue များကို (၂၄-၁၂-၂၀၁၉)ရက်မှ (၃-၁-၂၀၂၀)ရက် အထိ နံနက် (၉:၃၀)နာရီမှ ညနေ (၁၆: ၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက-ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
|---|---|
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်းပြည်ပ ပစ္စည်းများ ဝယ်ယူ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ရေးနှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)စီမံရေးရာဌာနခွဲ၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅** | **ရုံးအမှတ်(၇)နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ** - ငွေကိုင်ဌာနစိတ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန

(ခ) **လျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၉ရက်မှ ၁၆-၁၂-၂၀၁၉ရက်အထိ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၇-၁၂-၂၀၁၉ရက် နံနက် ၁၀နာရီ

(ဃ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေရာ** - ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ(၂)

အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၉-၇၉၈၃၀၁၀၁၅၅၊ ၀၉-၇၈၂၅၇၇၅၉၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၃/၂၀၁၉-၂၀၂၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတွင်း တိုင်းဒေသကြီး၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

မှတ်ချက်။ ။ (လုပ်ငန်းသုံးပစ္စည်းများ သတ်မှတ်စံချိန်/စံညွှန်း ပြည့်မီကြောင်း၊ လမ်းဦးစီးဌာန၊ အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ၏ စမ်းသပ်ချက်ပါရှိမှ တင်ဒါယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၁၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင် (၁၁) ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်၊ လက်ထောက်ညွှန်ကြား ရေးမှူးရုံးတွင်(၁၉-၁၂-၂၀၁၉)ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာပုံစံများကို စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖျာပုံခရိုင်၊ လမ်းဦးစီးဌာန**
၀၄၅-၄၀၄၂၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်-မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်-မန္တလေးတွင် ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပစ္စည်းများဝယ် ယူလိုပါသဖြင့် ရောင်းချလိုသည့် တရားဝင်အသိအမှတ်ပြု(လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ)များထံမှ အိတ်ဖွင့် တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ ဝယ်ယူမည့်ပစ္စည်းများ

(က) လျှပ်စစ်သုံးပစ္စည်းများ

(ခ) အရပ်ရပ်သုံးပစ္စည်းများ(ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ ရေပိုက်/လျှပ်စစ်/ကွန်ပျူတာစသည့် အပိုပစ္စည်းများ

(ဂ) ရုံးသုံးစက်ကိရိယာများ

(ဃ) ရုံးသုံးပရိဘောဂများ

(c) Medical Books & Journals များဝယ်ယူရန်။

၃။ တင်ဒါတင်သွင်းသူသည်အထက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါအချက်အလက်ပါစည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်ဒါတင်သွင်းရမည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၉ရက်

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၀-၁၂-၂၀၁၉ရက် ညနေ ၄ နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - သူနာပြုတက္ကသိုလ်-မန္တလေး၊ စီမံရေးရာဌာန

လိုအပ်သည့် ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၂-၈၁၂၇၃ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သူနာပြုတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်နှင့်အခြားကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်းများ၏ သိုလှောင်ရုံလုပ်ငန်းများ၊ နိုင်ငံခြားမှ တင်သွင်းလာမည့် ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး စိစစ်ခြင်း/မှတ်တမ်းတင်ခြင်း/ ထောက်ခံချက်ပေးခြင်း၊ လိုအပ်ချက်ရှိပါက အကြံပြုခြင်း၊ ငြင်းပယ်ခြင်းများဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်လွယ်ကူစေမည့် ဝန်ဆောင်မှုစနစ်များ ဖြစ်ပေါ်လာစေရန်အတွက် စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၁၂-၂၀၁၉က် (တနင်္လာနေ့)

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးရာဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်

၆။ **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် နေ့ရက်နှင့်အချိန်** - ကြိုတင်ကြေညာပါမည်

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၃၆၀၉သို့ဖြစ်စေ၊ fdanpt1@gmail.com သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါ သည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဖေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်နှင့်တံတားဦးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၂)နှင့် ရွာသစ်-ထနောင်းကိုင်းလမ်းလုပ်ငန်းများအတွက် လိုအပ်သော ကျောက်ရွယ်စုံ၊ မြစ်သဲ၊ ဂျင်းမြေ၊ မြေကြီးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ပစ္စည်းအမျိုးအမည်အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၄-၁၂-၂၀၁၉ရက်မှစ၍ ခရိုင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၁၂-၂၀၁၉ရက် ညနေ ၃ နာရီအထိ

**တင်ဒါဖွင့်မည့်ရက်** - ၂၇-၁၂-၂၀၁၉ရက် နံနက် ၉:၃၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်ဆည်မြို့ ဖုန်း-၀၆၆-၂၀၅၀၄၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်-မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်-မန္တလေးတွင် (၂၀၁၉-၂၀၂၀)ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်လိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့/ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်ရမည့်လုပ်ငန်းများ

(က) (A) ဆောင်ရှေ့ယာဉ်ရပ်နားနေရာတည်ဆောက်ခြင်း။(၁၄၀'x၄၅') သံဖရိန်အမိုးလိပ်ခုံး။

(၁) အာရ်စီတိုင်(9"x12") Foundation to Plinth

(၂) (8"x4") H.Section (Column)

(၃) $1^1/_2$(MS) Pipe (Rafter)

(၄) 5"x2" C-Channel (Purlin)

(၅) 5"U(Tie)

(၆) 0.42mmthk:4 Angle Roofing (Colour Sheet)

(ခ) နှင်းဆီဆောင် ဓာတ်လှေကား(၂)စင်း မိုးလုံလေလုံပြုပြင်ခြင်း၊ (၁၀'.၂"x၁၀'.၂"x ၇၅')နှင့် အရေးပေါ်လှေကား(၂)စင်းဆေးသုတ်မွမ်းမံခြင်း (၁၆၂.၅၇)ကျင်း။ ဓာတ်လှေကား(၂)စင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ

(၁) မူလကွန်ပို့စ်များအားဖြုတ်ခြင်း

(၂) ကွန်ပို့စ်ဖြုတ်ထားသည့်နေရာများအား အုတ်စီခြင်းနှင့်အချောကိုင်ခြင်း

(၃) မူလတိုင်နှင့်ထုတ်များအား ကျောက်သွေးလောင်းခြင်း

၃။ တင်ဒါတင်သွင်းသူသည် အထက်ဖော်ပြပါ လုပ်ငန်းများကို တင်ဒါအချက်အလက်ပါ စည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်ဒါ တင်သွင်းရမည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၉ရက်

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၀-၁၂-၂၀၁၉ရက် ညနေ ၄နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - သူနာပြုတက္ကသိုလ်-မန္တလေး၊ စီမံရေးရာဌာန

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အတွင်းရေးမှူးတင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၂-၈၁၂၇၃ ထံသို့ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သူနာပြုတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦ အထူးအဖွဲ့(၁၆)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကြော်ငြာပါ တင်ဒါဖွင့်လှစ်မည့်ရက်ပြင်ဆင်ခြင်း
## (ကြော်ငြာအမှတ်စဉ်-၂)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အဆောက်အဦအထူးအဖွဲ့(၁၆)မှ တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ၅-၁၂-၂၀၁၉ရက် နံနက် ၁၀နာရီဟု ၁-၁၁-၂၀၁၉ရက်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာထားရှိပါသည်။

၂။ အဆိုပါတင်ဒါပွဲအတွက် တင်ဒါဖွင့်လှစ်မည့်ရက်အား အထက်အပိုဒ်(၁) (ယခင်ကြော်ငြာပါ) ရက်(အစား)အောက်ပါအတိုင်းပြင်ဆင်ထားရှိပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၉-၁၂-၂၀၁၉ရက် မွန်းလွဲ၂နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ထားဝယ်ပြည်သူ့ဆေးရုံကြီး (၅)ထပ်အဆောက်အဦ ယာယီရှင်းလင်းဆောင်

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အဦ အထူးအဖွဲ့(၁၆)၊ ဖုန်း-၀၉-၈၉၉၃၃၆၆၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်ဒါ ခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 35(T)/DPTSC (CIVIL)/19-20 | မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့်သံချောင်းလုံး(ဆိုဒ်စုံ) များဝယ်ယူရန် DDP(At Site)Kyat |
| ခ | 36(T)/DPTSC (PTP)/19-20 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အဆောက်အအုံနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့် သံချောင်းလုံး(ဆိုဒ်စုံ)များဝယ်ယူရန်။ DDP(At Site)Kyat |
| ဂ | 37(T)/DPTSC (PSD)/19-20 | ဓာတ်အားစနစ်ဌာနမှ အဆောက်အအုံနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့် သံချောင်းလုံး(ဆိုဒ်စုံ)များဝယ်ယူရန်။ DDP(At Site)Kyat |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် သို့တင်ဒါပိတ်ရက်(၃-၁-၂၀၂၀) ရက် ၁၄:၀၀နာရီ အချိန်နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www,moee.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကစ္စနား ၁/မကတ (နိုင်) ၁၃၉၅၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၀၂၈၂၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇင်ဟိန်း ၁/မကန(နိုင်) ၂၃၉၃၉၉၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၃၇၈၂၈၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ရေပြာကျေးရွာ အထက နဝမတန်းမှ မလှလှသက်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမော် ၈/ပမန(နိုင်) ၀၈၆၉၉၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ရေပြာကျေးရွာ အထက နဝမတန်းမှ မအိအိချော၏ ဖခင်အမည်မှန်မှာ ဦးကြည်သိန်း ၈/ပမန(နိုင်) ၁၀၀၇၁၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အမှတ်(၂) အလက(ခွဲ) Grade-6 မှ မောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမင်းအောင် ၉/မခန (နိုင်)၁၅၁၆၀၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4583 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ ဘူဒိုဇာ၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်(၂၂၃/၁)၊ ဧရိယာ ၀ဒသမ ၁၅၇ ဧက ဦးနန်းဇိန်းလဒီး အမည်ပေါက် မြေကွက်ကို ဒေါ်နန်းဇိန်းခေါ်နန်ဆိုင်းရီထံမှ ဒေါ်လုဂျာ ၁/မမန(နိုင်)၀၄၂၄၉၇ က တရားဝင် ဝယ်ယူပြီး ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အမည်ပြောင်းမြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လုဂျာ ၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်(၁၂၃)၊ ဧရိယာ ၀ဒသမ ၁၇၃ ဧကနှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံဂရန် အမည်ပေါက်သူ ဒေါ်ကြည်ကြည်သက်ထံမှ ဒေါ်ခင်အေးလှက ဝယ်ယူခဲ့ပြီးဖြစ်သည်။ အထက်ပါ မြေကွက်ကို ဒေါ်ခင်အေးလှမှ ဒေါ်ခင်လေး ၁/ဗမန (နိုင်)၀၃၇၀၁၄ အား ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးလှ၊**
**ပက ၂၉၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်-၁၄၉၁/က၊ မြေကွက်တည်နေရာအမှတ်-၁၄၉၁/က၊ ခေမာသီလမ်း၊ (ည)ရပ်ကွက်၊ ဦးစိန်သောင်း ၁၂/ဥကမ(နိုင်)၀၅၇၅၈၆ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးစိန်သောင်းသည် ၇-၂-၂၀၁၆ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ကြွေ ၉/ပမန(နိုင်)၁၅၆၃၈၉ မှတစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ် တရားရုံးကျမ်းကျိန်လွှာ အမှတ်-၉/၂၅၉/၁၉၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း အမည်ပေါက်ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

(၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ပထမနေ့အစီအစဉ်

(က) ကျင်းပမည့်နေ့ (၂၆-၁-၂၀၂၀) (တနင်္ဂနွေနေ့)

(ခ) ကျင်းပမည့်အချိန် (နံနက်ပိုင်းအစီအစဉ်) (၁) နံနက် (၉:၀၀)နာရီ
- မဟာဥပဒေဘွဲ့
- မဟာဝိဇ္ဇာဘွဲ့
- (ပထဝီဝင်၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့
- (ပထဝီဝင်၊ နိုင်ငံတကာဆက်ဆံရေးပညာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(ဓာတုဗေဒ)
- ဥပဒေပညာဘွဲ့
- ဝိဇ္ဇာဘွဲ့
- (ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာ ဆက်ဆံရေးပညာ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ခုံအမှတ် ၄ခ-၁ မှ ၄ခ-၁၄၇ထိ)

(မွန်းလွဲပိုင်းအစီအစဉ်) (၂)မွန်းလွဲ(၂:၀၀)နာရီ
- မဟာဝိဇ္ဇာဘွဲ့
- (အင်္ဂလိပ်စာ၊ စာကြည့်တိုက်နှင့်သုတပညာ)
- မဟာသိပ္ပံဘွဲ့(ရူပဗေဒ၊ ဘူမိဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့
- (အင်္ဂလိပ်စာ၊ စာကြည့်တိုက်နှင့်သုတပညာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (ဘူမိဗေဒ)
- ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ စာကြည့်တိုက်နှင့် သုတပညာ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ၄ခ-၁၄၈ မှ အထက်၊ ဘူမိဗေဒ)

ဒုတိယနေ့အစီအစဉ်

(က) ကျင်းပမည့်နေ့ (၂၇-၁-၂၀၂၀ရက်) (တနင်္လာနေ့)

(ခ) ကျင်းပမည့်အချိန် (နံနက် ပိုင်းအစီအစဉ်) (၁) နံနက် (၉:၀၀)နာရီ
- မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ)
- မဟာသိပ္ပံဘွဲ့(သင်္ချာ၊ ရုက္ခဗေဒ၊ ကုန်ထုတ် ဓာတုဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(မြန်မာစာ)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (သင်္ချာ၊ ရူပဗေဒ၊ ရုက္ခဗေဒ)
- ဝိဇ္ဇာဘွဲ့(မြန်မာစာ)
- သိပ္ပံဘွဲ့( ရူပဗေဒ ခုံအမှတ် ၄ရပ-၁မှ ၄ရပ-၁၅၈ထိ၊ သင်္ချာ)

(မွန်းလွဲပိုင်းအစီအစဉ်) (၂)မွန်းလွဲ (၂:၀၀)နာရီ
- မဟာဝိဇ္ဇာဘွဲ့(သမိုင်း)
- မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)
- ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့(သမိုင်း)
- သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(သတ္တဗေဒ၊ ကုန်ထုတ် ဓာတုဗေဒ)
-ဝိဇ္ဇာဘွဲ့(စိတ်ပညာ၊ အရှေ့တိုင်းပညာ)
- သိပ္ပံဘွဲ့(ရူပဗေဒ၊ ခုံအမှတ် ၄ရပ-၁၅၉မှ အထက်)
- သတ္တဗေဒ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ

၂။ ကျင်းပမည့်နေရာ ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်)

၃။ အစမ်းလေ့ကျင့်ခြင်း

နေ့ရက် - (၂၃-၁-၂၀၂၀ရက်) (ကြာသပတေးနေ့)

အချိန် - နံနက် (၉:၀၀)နာရီ (ပထမနေ့)ဘွဲ့ယူမည့်သူများအားလုံး မွန်းလွဲ (၂:၀၀)နာရီ (ဒုတိယနေ့) ဘွဲ့ယူမည့်သူများအားလုံး

နေရာ - ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်)

၄။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သော မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့/ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့စသည့် သင်တန်းအသီးသီးကို အောင်မြင်ပြီးသူများ လျှောက် ထားနိုင်ပါသည်။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်/ အဝေးရောက်ဘွဲ့ယူခွင့် လျှောက်ထားခြင်းမရှိသူများသည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက်ဘွဲ့ လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် နိုင်ငံသားစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားကို တင်ပြတောင်းယူလျက် ဓာတ်ပုံ(၂ x ၁ ၁/၂)အရွယ် ဓာတ်ပုံ(၂)ပုံပူးတွဲကာဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀/(ကျပ် တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက် ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀/ (ကျပ်တစ်ထောင်တိတိ)ကို လည်းကောင်း ငွေလက်ခံဌာနသို့ပေးသွင်းလျှောက်ထားကြရမည်။

၆။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလာသည့် အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။

၇။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို "ငွေလက်ခံဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်မြို့" သို့လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီးအောက်ခြေတွင်"လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင် သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ၊ တက္ကသိုလ် အမည်" စသည်တို့ကို တိကျစွာ ဖော်ပြရမည်။

၈။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားခြင်းကို လုံးဝခွင့်မပြုပါ။

၉။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၅-၁၂-၂၀၁၉)ရက်မှ(၃၀-၁၂- ၂၀၁၉) ရက်အထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင် အစမ်းတက်ရောက်ခွင့်ကတ်ပြားများကို (၂၀-၁-၂၀၂၀)နှင့် (၂၁-၁-၂၀၂၀)ရက်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၁၁။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများဖြစ်သည့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့်မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို လုံးဝခွင့်ပြုမည် မဟုတ်ပါ။

၁၂။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ တယ်လီဖုန်းအမှတ် ၀၅၆-၂၁၈၆၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **(တင်လေးဝေ)**

**ဌာနမှူး၊သင်တန်းရေးရာ**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ အမှတ်စဉ်(၁/၂၀၁၉-၂၀၂၀)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့၊ နေပြည်တော်မှ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် Soil Boring Machine များအား မြန်မာကျပ်ငွေဖြင့် ဌာနကိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၄-၁၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါရောင်းချမှုပိတ်သိမ်းရက် - ၂၇-၁၂-၂၀၁၉ရက်(သောကြာနေ့)

၄။ တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် - ၃၀-၁၂-၂၀၁၉ရက်(တနင်္လာနေ့) ၁၆:၀၀နာရီ

၅။တင်ဒါပုံစံရောင်းချမည့်နေရာ/ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - တံတားတည်ဆောက်ရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်အောင်(၂)၊ နယ်မြေ(၆)၊ ရှမ်းကန်အနီး၊ ပျဉ်းမနားမြို့၊ ၀၆၇-၂၄၈၂၈။

၆။ အသေးစိတ်အချက်အလက်များကို အထက်စာပိုဒ်(၅)ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း Lot(1)ခု ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာ ကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူး၊ ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန

၂။ တင်ဒါစတင်ရောင်းချမည့်နေ့ရက်/အချိန် - ၂၉-၁၁-၂၀၁၉ရက် ရုံးချိန်အတွင်း

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၇-၁၂-၂၀၁၉ရက် ညနေ ၄:၃၀နာရီ

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်သိလိုသော အချက်အလက်များကို ၂၉-၁၁-၂၀၁၉ရက်မှ ၂၇-၁၂-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဖုန်း-၀၈၃-၂၂၁၁၃၆၊ ၂၂၂၈၆၂ တို့သို့စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**

---

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွင်း ကျောင်း/ရုံး စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများအတွက် စက်ပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ ရှမ်းပြည်နယ်(တောင်ပိုင်း) | Desktop Computer + UPS | ၅၃၂-စုံ |
| | Digital Multifunction Copier (A4) | ၂၁ -ခု |
| | Laptop Computer | ၃ -ခု |
| | Portable Projector & Tripod Screen | ၃ -စုံ |
| ရှမ်းပြည်နယ်(မြောက်ပိုင်း) | Desktop Computer + UPS | ၄၀၂ -စုံ |
| | Digital Multifunction Copier (A4) | ၂၃ -ခု |
| | Laptop Computer | ၃ -ခု |
| | Portable Projector & Tripod Screen | ၃ -စုံ |
| ရှမ်းပြည်နယ်(အရှေ့ပိုင်း) | Desktop Computer + UPS | ၂၇၂ -စုံ |
| | Digital Multifunction Copier (A4) | ၁၁ -ခု |
| | Laptop Computer | ၃ -ခု |
| | Portable Projector & Tripod Screen | ၃ -စုံ |

၃။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၁၂-၂၀၁၉ရက်

အချိန် - ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၁-၂၀၂၀

တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး
- ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)
- ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)

၄။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး-တောင်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း-လားရှိုး/အရှေ့ပိုင်း-ကျိုင်းတုံ)ပြည်နယ် ပညာရေးမှူးရုံးခွဲများတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ပြည်နယ်ပညာရေးမှူးရုံး၊ ရှမ်းပြည်နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9596, TOYOTA LANDCRUISER PRADO S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူမိုး ၁၂/ဗဟန(နိုင်)၀၂၉၉၆၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-B)၊ ထန်းကုန်းကွင်းအကွက်၊ ဦးပိုင်အမှတ်(M-၃၉/B)၊ ဧရိယာ(၀ဒသမ ၀၂၇၅)ဧကရှိမြေနှင့် ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(J-၇၁)၊ ဧရိယာ(၀ဒသ မ ၆၈)ဧကရှိ မြေကို ဦးကျော်လွင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

# သန်လျင်အထက(၂)မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ယခင်မက်သဒစ်အထက) ကျောင်းသားကျောင်းသူဟောင်း များ၏ (၂၂)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမကြီး (၁၀၄)ဦး တို့အား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ(၂၂)ရက် (တနင်္ဂနွေ နေ့) နံနက် ၈ နာရီတွင် ဘိုးရာဇာခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သန်လျင်အထက(၂)တွင် (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ/ဆရာမကြီးများနှင့် အပူဇော်ခံ ဆရာ/ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ပူဇော်ပွဲကျင်းပရေးဥက္ကဋ္ဌ ဒေါက်တာ ဥမ္မာသန်း-ဖုန်း-၀၉-၅၄၀၇၂၀၃၊ ဆရာမ ဒေါ်ခင်ခင်မြ(ထ-၂၊ သန်လျင်)ဖုန်း- ၀၉-၇၈၁၅၀၃၂၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION**
**Irrigation and Water Utilization Management Department (IWUMD)**
**Loan No. 3477-MYA: Irrigated Agriculture Inclusive Development Project (IAIDP)**

**INVITATION FOR EXPRESSIONS OF INTEREST**
**Consultants' Positions: <u>National Experts</u>for Project Management Unit (PMU)**

- **Account Assistant (National) (1 person, up to 48 person-months)**
- **Secretary (National) (1 person, up to 46 person-months)**

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) and Agence Française de Développement(AFD) and a grant from European Union (EU)for theIrrigated Agriculture Inclusive Development Project (IAIDP).The main objective of the consulting services is to assist IWUMDProject Administration Unit (PAU) in day-to-dayimplementation ofall Project activities.

➢ Interested Myanmar nationals for ***Account Assistant Position*** shall submit their Expression of Interest (EOI) in the standard form: "Template for Expression of Interest (Individual Consultants)" which can be obtained via the following link:

➢ https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc.

➢ ***Terms on Reference (TOR)*** for***Account Assistant Position***canbe obtained by sending an e-mail to: iaidp.mm@gmail.comand CC to jarnuco@yahoo.comandkyawwinntintmsi@gmail.com.

❖ **Terms on Reference (TOR)** and **Curriculum Vitae (CV)** Form for **Secretary Position**can be obtained by sending an e-mail to: iaidp.mm@gmail.comand CC to jarnuco@yahoo.comandkyawwinntintmsi@gmail.com.

***EOIs and CVswith Only ADB Format*** *for* ***Account Assistant Position***and **CVswith the provided format** for **Secretary Position**must be submitted online via the same e-mail addresses given above.

**Deadline for Submission: (EOIs & CVs for Account Assistant Position and CVs for Secretary Position)**

**18 December 2019** at **02:00 PM** (Myanmar standard time)

(**Late submission** of EOIs and CVs**will not be considered**.)

**Remark**: After the completion of the first 3 person-months, the consultants' performance will be evaluated and the **contracts** (**initial 6 months**) may be extended upon the satisfactory results of the performance evaluation.

---

# ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤရုံးသို့ အောက်ပါမြေနေရာများအား စက်မှု/စီးပွား မြေဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | အမည် | မြို့နယ် | ကျေးရွာ | ကွင်း/အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ |
|---|---|---|---|---|---|---|
| ၁။ | ဦးစိုးနိုင် | မကွေး | ဒဟတ်ကန် | ၁၆၄၃၊ ဝက်သိုက် | ၃၆/၂-က | ၀.၇၄ |
| ၂။ | ဦးစိုးနိုင် | မကွေး | ဒဟတ်ကန် | ၁၆၄၃၊ ဝက်သိုက် | ၃၆/၂-ခ | ၀.၇၄ |
| ၃။ | ဦးစိုးနိုင် | မကွေး | ဒဟတ်ကန် | ၁၆၄၃၊ ဝက်သိုက် | ၃၆/၁ | ၁.၀၀ |
| ၄။ | ဒေါ်စန်းစန်းလွင် | မကွေး | ဒဟတ်ကန် | ၁၆၄၃၊ ဝက်သိုက် | ၃၆/၃-က | ၀.၆၀ |
| ၅။ | ဒေါ်စန်းစန်းလွင် | မကွေး | ဒဟတ်ကန် | ၁၆၄၃၊ ဝက်သိုက် | ၃၆/၃-ခ | ၀.၆၀ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### မွေးသက္ကရာဇ်အမှန်

တောင်ကုတ်ဒီဂရီကောလိပ်၊ ပထမနှစ်ရူပဗေဒဘာသာရပ်မှ မောင်ဝွေးဝင်း ၁၁/တကန(နိုင်)၁၀၅၈၄၂ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၇-၄-၂၀၀၀ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ရစ်ကံကြီးကျေးရွာနေ (ဦးအုန်းဖေ-ဒေါ်အေး)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်သိန်းနု)၊ (ဒေါ်အေးကြည်)၊ (ဦးစံသိန်း-ဒေါ်တင်လှရီ)၊ (ဦးဆံုခဲ-ဒေါ်အခင်)တို့၏ညီမ၊ ဒေါ်သန်းသန်းအိ၊ ဦးတင့်ထူး-ဒေါ်သန်းသန်းလွင်၊ ဒေါ်ဝင်းမာ၊ (ဒေါ်စိုးစိုးသွင်)၊ (ဦးအောင်အောင်)-ဒေါ်နီနီစိုး၊ (ဦးထွန်းထွန်း)-ဒေါ်နီနီမာ တို့၏အဒေါ်၊ ဦးအောင်နိုင်ဝင်း-ဒေါ်လှဲ့ဝါ၊ ဦးစိုင်းသိန်းဝေလင်း(ခ)အိုက်လင်း-ဒေါ်တင်ဇာအောင်၊ ဦးမျိုးမင်းသန်း-ဒေါ်သက်မာ၊ ဒေါ်သဲစုလှိုင်၊ ဦးသီဟဝင်းတို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်(၅၇၉)တွင် ၂-၁၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅:၃၀ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၈-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်ဒင်
### အသက်(၉၁)နှစ်

ချစ်ခင်ရင်းနှီးရပါသော သူငယ်ချင်း ဦးမင်းဟန်-ဒေါ်ကြည်ကြည်အေးတို့၏မွေးသဖခင် ကျေးဇူးရှင် ဦးကျော်ဒင်သည် ၃၀-၁၁-၂၀၁၉ရက် နံနက် (၀၀:၅၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဦးခင်မောင်လတ်၊ ဦးထူးမြင့်၊ ဦးမောင်မောင်ကျော်**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ခင်စု(ခ)ဒေါ်စုစုမိုး(ထားဝယ်)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူဘုရားလမ်း၊ ဗိုလ်ရန်အောင်အိမ်ရာ၊ အမှတ်(ဘီ-၇၁)နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သမီး၊ (ဦးပေါ်များ-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ရေ/ငြိမ်း-အတွင်းရေးမှူး၊ မြန်မာနိုင်ငံတိုက်ကွမ်ဒို အဖွဲ့ချုပ်)၏ချစ်လှစွာသောဇနီး၊ မအိဝတ်မှုန်ဇော်(Ruby E/Z Co,Ltd)၊ မောင်ရဲဝင့်ဇော်(Chief Mate F-G)တို့၏မိခင်၊ (ဗိုလ်မှူးတင်မောင်စိန်)-ဒေါ်ခင်မြတ်လင်း(USA)၊ ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ညွှန့်ညွှန့်စိန်(ဦးစီးအရာရှိ-ငြိမ်း)၊ (ဗိုလ်မှူး တင်ဝင်း-လေ)-ဒေါ်ခင်ခင်စိန်၊ Capt ဦးခင်မောင်စိန်-ဒေါက်တာစန်းစန်းကြူ၊ ဒေါက်တာအောင်သက်-(ဒေါက်တာညွှန့်ညွှန့်သီ)တို့၏ ညီမ၊ ဒေါ်ယဉ်ယဉ်စိန်(ထ/ပြ-ငြိမ်း၊ အထက-၂၊ လသာ)၊ Capt ဦးတင်မောင်အေး-(ဒေါက်တာမာလာနေဝင်း)၊ ဦးအောင်ကျော်ထူး(ရေကြောင်းဌာနချုပ်မှူး၊ ရေကြောင်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ချိုချိုမာတို့၏အစ်မသည် ၂-၁၂-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၅:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊မြေကွက်အမှတ်(၁/၄၃၈)၊ဧရိယာ(၄၀'×၆၀')၊မြေကွက်တည်နေရာအမှတ်-၁/၄၃၈၊သီရိမင်္ဂလာပတ်လမ်း၊(၅)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးကျော်ဝင်းဦး(၁၃/ကမန(နိုင်)၀၀၃၆၁၁)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးကျော်ဝင်းဦး(၁၃/ကမန(နိုင်)၀၀၃၆၁၁)ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူဦးငွေတိုး(၁၂/မရက(နိုင်)၀၉၃၉၄၉)မှပါမစ်မူရင်းတွင်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲမိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်နှင့်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့တင်ပြ၍ပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးကျော်စိန်(ခ)ကျော်လေး(ကားဝယ်ရောင်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၁၀)နေ ဦးလှတင်-ဒေါ်ကြည်ကြည်တို့၏သား၊ ဒေါ်ခင်ပြုံး(ရွှေသပြေအထည်ဆိုင်၊ တောင်ဝိုင်း၊ မော်လမြိုင်)၏ ခင်ပွန်း၊ ဦးစောရန်နိုင်(ကားဝယ်ရောင်း)၊ ဒေါ်စောယုနွယ်(ရွှေသပြေဆန် ဆီရောင်းဝယ်ရေး)တို့၏ဖခင်သည် ၁-၁၂-၂၀၁၉( တနင်္ဂနွေနေ့)ညတွင်ကွယ်လွန်သွားပါသဖြင့် အမှတ်(၁၆)၊ ဒေါနလမ်း၊ ရေကျော်မှ ၅-၁၂-၂၀၁၉ရက်(ကြာသပတေး)နေ့ နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးရှင်
### အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ သေတ္တာရာရွာနေ (ဦးဒေါင်း-ဒေါ်တင့်)၏ သမီး၊ ရန်ကုန်မြို့ တောင် ဥက္ကလာပမြို့နယ်၊ အမှတ်(၁၀၅)၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်းနေ (ဦးမြင့်ဝေ)၏ချစ်လှစွာသောဇနီး၊ သားသမီးများဖြစ်သော ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်စမ်းစမ်းအေး(နဂါးနီ ကြိုးဆိုင်-သိမ်ကြီးဈေး E ရုံ)၊ ဦးကျော်ကျော်စိုး-ဒေါ်စိုးစိုးထွေး(နဂါးနီဖယောင်း ပဆိုးဆိုင်-သိမ်ကြီးE ရုံ)၊ ဦးကျော်ကျော်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်သူ-ဒေါ်သီတာအေး(မေစတိုး)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးများဖြစ်ကြသော ဒေါက်တာဝင်းမို့သစ်၊ မဝင်းသီရိသစ်၊ မောင်မြတ်မင်းကိုကို၊ မောင်တင်ဗိုလ်မြင့်၊ မောင်ကောင်းသုဝေ၊ မဖြိုးသဉ္ဇာထက်၊ မအိရွှေစင်အောင်၊ မောင်သီဟမင်းသွေး၊ မပိုပိုစစ်ဖူး၊ မောင်ပြည်ခန့်ကျော်၊ မနိုရာရှိန်းတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၁၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသောရုပ်ကလာပ်အား ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ မိခင်ကြီး၏သဘောဆန္ဒအလျောက် လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးကျော်ဒင်
### မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)(တန့်ဆည်)
### အသက်(၉၁)နှစ်

တန့်ဆည်မြို့နေ (ဦးရန်-ဒေါ်အောင်မိ)တို့၏သား ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်(၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၁၈)နေ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ ဦးခိုင်ကျော်-ဒေါ်အေးအေး၊ ဦးမင်းဟန်-ဒေါ်ကြည်ကြည်အေး၊ ဒေါ်ခင်ညိုညို၊ ဦးစည်သူ-ဒေါ်သန္တာလွင်လှ၊ ဦးသီဟ-ဒေါ်ခင်သီတာစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကျော်ဇေယျ၊ မောင်ကျော်နန္ဒ၊ မောင်ရဲမင်းထွန်း၊ မောင်ဉာဏ်လင်းထွန်း၊ မမေမြတ်မိုးဟန်၊ မအေးမြတ်စည်သူ၊ မောင်မင်းသုခ၊ မကြည်စင်လင်း၊ မဖြူစင်သန့်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၉ရက်(စနေနေ့) နံနက်တွင် ကွယ်လွန်အနိစ္စရောက်ပြီး ယင်းနေ့တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ကွယ်လွန်သူအား ရည်စူး၍ ၆-၁၂-၂၀၁၉(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးဟန်
### စက်မှုလက်မှုအထက(၁)နတ်မောက်လမ်း၊ ရန်ကုန်(၁၉၆၅၊ ဒီဇယ်)
### ဥက္ကဋ္ဌ(M.T.A)

အိမ်အမှတ်(၄၄၇)၊ (၅)လွှာ၊ အောက်ပုဇွန်တောင်လမ်းနေ ဒေါ်ခင်ကြူ၏ခင်ပွန်း ဦးစိုးဟန်(၁၉၆၅၊ ဒီဇယ်)၊ နတ်မောက်စက်မှုလက်မှုကျောင်းသားဟောင်းသည် ၃-၁၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စက်မှုလက်မှုအထက(၁)၊ နတ်မောက်လမ်း**
**ကျောင်းသားဟောင်းများ**
**ရန်ကုန်**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်သန်း
### ဂေါပကအဖွဲ့ဝင်
### (ဆုတောင်းပြည့်နန္ဒာဝန်စေတီတော်၊ ဂေါပကအဖွဲ့)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မာဃ(၁၄)လမ်း၊ (၁၂)ရပ်ကွက်၊ တိုက်အမှတ်(၃၉၉)နေ ဂေါပကအဖွဲ့ဝင်ဦးအောင်သန်းသည် ၂၄-၁၁-၂၀၁၉ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဆုတောင်းပြည့်နန္ဒဝန်စေတီတော်ဂေါပကအဖွဲ့**
**သမ္မာဒိဋ္ဌိလမ်း၊ မလွှကုန်းငွေကြွယ်(က)ရပ်ကွက်**
**တာမွေမြို့နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးစိုးဟန် ဥက္ကဋ္ဌ(MTA)
### အသက်(၇၈)နှစ်

မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း(MTA) ဥက္ကဋ္ဌ ဦးစိုးဟန်သည် ၃-၁၂-၂၀၁၉ရက်(အင်္ဂါ)နေ့ နံနက် ၃:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(MTA)အသင်း**

---

# ဦးကျော်မြင့်
### ဦးစီးအရာရှိ(ငြိမ်း)သမဝါယမဦးစီးဌာန(ရေကြည်မြို့)
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွာမကျောင်းလမ်းသွယ်၊တိုက်(၂၂/က)၊အခန်း(၃၀၁)နေ (ဒေါ်ကြည်ကြည်ဝင်း)၏ခင်ပွန်း၊ ကိုတင်ထွန်းအောင်-မခိုင်မွန်ကျော်၊ ကိုလင်းထက်ကျော်၊ ကိုရဲစည်သူကျော်တို့၏ဖခင်သည် ၃-၁၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀:၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးထွန်းရှိန်(ခ)ကိုကောက်(ပေါင်းတည်)
### မြို့မကျောင်းသားဟောင်း
### အသက်(၉၂)နှစ်

ကိုခွန်ဦး(CTT Computer )- မချိုမာဦးတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းရှိန်(ခ) ကိုကောက် သည် ၂၈-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့)ည ၁၀:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ချစ်သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် အန်ကယ် ကောင်းမွန်ရာ သုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နိုင်ဝင်း၊ မိုးမိုးမြတ်ကို၊ ရီရီတင်၊ လှမိုးအေး၊ ဝါဝါခိုင်၊ အေးအေးမူ**
**ခင်စပယ်ဖြူအောင်၊ မို့မို့ဝင်း၊ သီတာလွင်၊**
**ချိုချိုအေးကျော်၊ သန့်သန့်ဇင်၊**
**(ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ချစ်သူငယ်ချင်းများ)**

---

# ဒေါ်ပန်းနုမ(စနဲ)
### ကျောက်ဖြူမြို့
### အသက်(၉၀)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ကန်ဒိုင်းတိုက်၊ မီးကျောင်းတက်ရွာနေ(ဦးရွှေဖော်ဦး)-(ဒေါ်ကြာလှဖြူ)တို့၏သမီး၊ဦးချစ်ပန်း ဦး၏ညီမ၊ ဒေါ်ယဉ်နုမ၏အစ်မ၊ ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်၊ ရုံးတက်လမ်းအမှတ်(၁၀၄)နေ ဦးဝေကျန်၏ဇနီး၊ (ဦးအောင်သန်း) လဝက ဒေါ်ခင်နွဲ့ရီ၊ ဒေါ်ခင်သန်းနုတို့၏မိခင်၊ ဗိုလ်မှူးဦးမင်းလွင်-ဒေါ်လှဲ့လှဲ့ဝင်း၊ ဗိုလ်ကြီးသန်းထက်အောင်-ဒေါ်ဝင်းလှဲ့သူ၊ ဒေါ်ခင်ချောစုလွင်(ချောစုစတိုး)၊ ဒေါ်စုစုအောင်၊ ဒေါ်နွဲ့ဖူးဝေတို့၏အဘွား၊မမြသက်ချယ်၊ မောင်ဘုန်းမြတ်မင်းခန့်၊ မအိမ်ခြူးစံလွင်၊ မောင်သူရိမ်ဖြိုးကျော်၊ မောင်လင်းပြည့်တို့၏အဖီးဖြစ်သူ ဒေါ်ပန်းနုမသည် (၃-၁၂-၂၀၁၉)ရက်နံနက်(၇:၄၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ အမှတ်(၆)၊(၆)လွှာ၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ် နေအိမ်မှ ကားများမွန်းလွဲ ၂နာရီတွင်ထွက်ခွာမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးမိုးကျော်သူ
### BA, R.L, D.B.L
### တရားလွှတ်တော်ရှေ့နေ
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉လမ်း၊ အမှတ် ၄၂နေ ဒေါ်ဦးသန်းကြည်၏ခင်ပွန်း၊ ကိုနိုင်ဝင်းချို၊ ကိုအောင်သူမြင့်-မသီတာဝင်းမြ၊ ကိုဆွေလှိုင်ဝင်း၊ ကိုမျိုးမြတ်-မခင်ဆွေမိုးမြတ်တို့၏ ဖခင်သည် ၂-၁၂-၂၀၁၉ရက်(တနင်္လာနေ့)ညနေ ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးကျော်မိုး(Philip Yone Mo)
### အသက်(၇၂)နှစ်

(သီရိပုံချီ ဦးရုံမိုး၊ အငြိမ်းစား မီးရထား မင်းကြီး၊ အငြိမ်းစား စက်မှုတက္ကသိုလ် ပါမောက္ခချုပ်)နှင့်[မော်ကွန်းဝင် တတိယဆင့် ဒေါ်စိန်ပု (Elizabih Pu)]တို့၏ ချစ်လှစွာသောသားထွေး၊ ဒေါက်တာ ဒေါ်ရင်ရင်မေ(Elizabth)-Andrew Bennett၊ [ဦးမြင့်မိုး(Dr.Rev.David Yone Mo) Myanmar Young Crusaders)(Katheline Khin)၊ (ဦးသန်းမိုး(Steven Yone Mo)Radio Officer]-ဒေါ်စဝ်ဟျိုးဆိုင်(Jacquie)တို့၏ညီ/မောင်၊ ဒေါက်တာတင်တင်ဆွေ [Tin Tin Devoe]တို့၏ အစ်ကို၊ Naw Auricula ၏ခင်ပွန်း၊ ဦးကျော်ကျော်မိုး-Anita Mo၊ ဦးမောင်မောင်မိုး-Margaret Sain Jatt Aung, Prudence Mo တို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်မိုး(Philip Yone Mo) သည် ၂၈-၁၁-၂၀၁၉ရက် ည ၁၁:၃၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၁၂-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်၌ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
# စောနော်မန်ဒွေး(ခ)ကိုဉာဏ်ဝင်း(Saw Norman Dwe)
### မြန်မာ့လေကြောင်း (ငြိမ်း)
### အသက်(၇၂)နှစ်

နော်ခရစ္စတာဘဲလ်(ခ)နော်သီရိဒွေး၏ဖခင်ဖြစ်သူ စောနော်မန်ဒွေး(ခ)ကိုဉာဏ်ဝင်း (မြန်မာ့လေကြောင်း-ငြိမ်း)သည် ၁-၁၂-၂၀၁၉ရက် ညနေ ၅:၃၀ နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားကြောင်းကြားသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**(မြန်မာအမျိုးသားလေကြောင်း)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးကျော်စိန်(ခ)ဦးကျော်လေး
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် (၁၀)နေ (ဦးလှတင်-ဒေါ်ကြည်ကြည်)တို့၏သားထွေး၊ (ဒေါ်ခင်စိုးမြင့်)-ဦးအေးသန်း၊ ဦးမြင့်အောင် (ဥက္ကဋ္ဌ၊ သတ္တုဗေဒအင်ဂျင်နီယာ သမလီမိတက်)-ဒေါက်တာ စန်းစန်းမြင့်၊ ဦးရဲမြင့်(Maintainess Manager, VEOLIA )(Singapore) -ဒေါ်ခင်အေးသန်း(Singapore)၊ ဦးအောင်သန်း (အကောက်ခွန်၊ငြိမ်း)တို့၏ ညီ/မောင်၊ ဒေါ်ခင်ငွေလှ (ကျောက်မျက်-ငြိမ်း)၏ အစ်ကိုသည် ၁-၁၂-၂၀၁၉ရက်(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၉ရက်(စနေနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) (ဗဟို)က သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်

စာမျက်နှာ-၉

## အထူးဒေသ(၄) မိုင်းလားက နိုဝင်ဘာ ၃၀ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်

စာမျက်နှာ-၉

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နှစ်အလိုက် တပ်ဆင်စက်အင်အား တိုးတက်လာမှုအခြေအနေ






၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ရယူပေးခဲ့သည့် အိန္ဒြေဖူးအား ဆုယူအပြီး တွေ့ရစဉ်။ ဓာတ်ပုံ- စိုးညွန့် (ခေတ္တ-မနီလာ)

# မြန်မာ့လက်ရွေးစင် Arnis ကစားသမား အိန္ဒြေဖူး မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးရယူ

**ကလာ့ခ် ဒီဇင်ဘာ ၃**

အကြိမ် (၃၀) မြောက် ဆီးဂိမ်း Arnis ပြိုင်ပွဲနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ကလာ့ခ်မြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ကစားသမား အိန္ဒြေဖူးက ရွှေတံဆိပ်ရယူနိုင်ခဲ့ပြီး ယင်းဆုမှာ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမဆုံး ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်ဖြစ်ခဲ့သည်။

Arnis ပြိုင်ပွဲနောက်ဆုံးနေ့တွင် စွမ်းရည်ပြပြိုင်ပွဲလေးမျိုး ထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသမီးရိုးရာအပြပြိုင်ပွဲတွင် မြန်မာမှ အိန္ဒြေဖူးက ရွှေတံဆိပ် ရခဲ့ကာ အိမ်ရှင်ဖိလစ်ပိုင်က ငွေတံဆိပ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့က ပူးတွဲကြေးတံဆိပ်ဆုများရရှိခဲ့သည်။ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဒီဇင်ဘာ ၁ ရက်မှစ၍ ရွှေတံဆိပ်ဆုများ ချီးမြှင့်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒီဇင်ဘာ ၃ ရက်မှ

*စာမျက်နှာ ၁၂ ကော်လံ ၃*

# ဆီးဂိမ်းဝူရှုးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာဝူရှုးအဖွဲ့ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိ

**မနီလာ ဒီဇင်ဘာ ၃**

အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဝူရှုးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာဝူရှုးအဖွဲ့က ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၃ ရက်က မနီလာမြို့ရှိ World Trade Center ၌ ဆက်လက်ကျင်းပရာ မြန်မာဝူရှုးအဖွဲ့က ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာဝူရှုးအဖွဲ့သည် ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုနှင့် လွဲချော်ခဲ့ပြီး ငွေ၊ ကြေးဆုတံဆိပ်များဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာဝူရှုးအဖွဲ့အတွက် ငွေတံဆိပ်ဆုကို ဆန်းဆို (အတိုက်) အမျိုးသမီး (၆၅) ကီလိုတန်းတွင် စုလှိုင်ဝင်း၊ ကြေးတံဆိပ်ဆုများကို ထောက်လုပြိုင်ပွဲအမျိုးအစား အမျိုးသားနန်းချွမ်ပြိုင်ပွဲမှ သိန်းသန်းဦး၊ ဆန်းဆို အမျိုးသား ၆၅ ကီလိုတန်းတွင် ချစ်ကိုကို၊ အမျိုးသား ၄၈ ကီလိုတန်းတွင် အောင်မျိုးထွန်းတို့က ရရှိခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁*



ငွေတံဆိပ်ရရှိခဲ့သည့် ဆန်းဆိုကစားသမား စုလှိုင်ဝင်း။ ဓာတ်ပုံ- စိုးညွန့် (ခေတ္တ-မနီလာ)



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့



ဓာတ်ပုံ-ကိုကြီးတင်

# ရန်ကုန်မြို့က လေအရည်အသွေး

## တင်ဝင်းလေး(ကြည့်မြင်တိုင်)

**လူသားအားလုံးသည် လေထုအတွင်း နေထိုင်ကြခြင်းဖြစ်သည်။ လေရှိမှ အသက်ရှင်ကြမည်ဖြစ်သည်။ လေကောင်းလေသန့်ကို ရှူရှိုက်ရမှသာ သက်ရှည်ကျန်းမာကြမည် ဖြစ်သည်။ လေမရှိပါက အသက်ဆုံးရှုံးနိုင်သလို အရည်အသွေးမပြည့်မီသော ညစ်ညမ်းသောလေများကို အစဉ်အမြဲ ရှူရှိုက်နေရပါက ကျန်းမာရွှင်လန်းမှုမရှိဘဲ ကျန်းမာရေးတစ်စတစ်စ ညှိုးဖျင်းလာကြမည်ဖြစ်သည်။**



လေထုအရည်အသွေးတိုင်းတာသည့် စက်။

ယနေ့ကမ္ဘာကြီးသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရုပ်ဒြပ်ပစ္စည်းများလည်း များပြားလျက်ရှိနေသည်။ စက်မှုပစ္စည်းများ များပြားစွာ ထုတ်လုပ်မှု၊ လူဦးရေထူထပ်မှုကြောင့် လေထုညစ်ညမ်းမှုမှာ အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် ရှေ့တန်းသို့ရောက်ရှိလာပြီဖြစ်သည်။ ညစ်ညမ်းသောလေများကို ကျွန်တော်တို့ နေ့စဉ်ရှူရှိုက်နေကြရသည်။

လက်လှမ်းမမီသော ကမ္ဘာ့နိုင်ငံများမှ မြို့များအကြောင်းကိုတော့ မပြောလိုပါ။ သည်ကနေ့လက်တွေ့ကြုံတွေ့နေကြရသည့် ရန်ကုန်မြို့၏ လေထုအရည်အသွေးကို အိမ်နီးချင်းနိုင်ငံတစ်ခုနှင့် နှိုင်းယှဉ်ပြောပြလိုပါသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လက်တွဲယှဉ်လျှောက်လာသော ရန်ကုန်မြို့၏ လေအရည်အသွေးမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာသည်ဟု သုတေသနပညာရှင်တစ်ဦးက ဆိုထားသည်။

### လေထုညစ်ညမ်းမှု မြို့တော်များစာရင်းတွင် ပါဝင်

ရန်ကုန်မြို့တွင် လေထုအရည်အသွေးတိုင်းတာသောစက်များရှိသည်ကို တွေ့ရသည်။ ထိုစက်များက ထုတ်ပေးထားသည့် လေထုတိုင်းတာမှုအညွှန်းများအရ ရန်ကုန်မြို့ကြီးသည် ကမ္ဘာ့လေထုညစ်ညမ်းမှုအဆိုးရွားဆုံးသော မြို့တော်များစာရင်းတွင် ပါဝင်သည်ဟု သိရသည်။

ရန်ကုန်မြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှုထိပ်ဆုံးစာရင်းထဲတွင် ပါရသနည်း။ ရန်ကုန်မြို့၌ လူဦးရေ ငါးသန်းကျော်ရှိသည်။ ထိုအထဲမှ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၊ ကြာရှည်ခိုင်မြဲသည့် ပလတ်စတစ်အိတ်ဘူးများ အလွယ်တကူ စွန့်ပစ်မှု ၊ထိုမှ မသန့်ရှင်းသော လေများကို အစဉ်အမြဲထုတ်ပေးနေမှုကြောင့် ဖြစ်သည်။

တစ်ဖန် မြန်မာနိုင်ငံတွင် မော်တော်ယာဉ် ငါးသိန်းကျော်ရှိသည့်အနက် သုံးသိန်းကျော်မှာ ရန်ကုန်မြို့တွင် နေ့စဉ်နီးပါးမောင်းနှင်သွားလာနေမှုကြောင့် မော်တော်ယာဉ်များက ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်များကို နေ့စဉ်ရှူနေရခြင်းဖြစ်သည်။

### လေထုအရည်အသွေး ညွှန်းကိန်း

လေထုအရည်အသွေး ညွှန်းကိန်း (Air Quality Index- AIQ) အဆင့်လိုက် သတ်မှတ်ထားသည်။ သုညမှ ၅၀ အထိ ဆိုပါက "အစိမ်းရောင်အဆင့်" လေအရည်အသွေးကောင်းမွန်သည့် ညွှန်းကိန်းဖြစ်သည်။ အရည်အသွေး ၅၁ မှ ၁၀၀ အဆင့်ဆိုပါက "အဝါရောင် အဆင့် " ဖြစ်ပြီး အသင့်အတင့်အနေအထားဟု သိရသည်။ လေအရည်အသွေး ၁၀၁ မှသည် ၁၅၀ ဖြစ်ပါက သက်ကြီးရွယ်အိုများ၊ ကလေးများ ကျန်းမာရေးညံ့သူများအတွက် စောင့်ကြည့်ရမည့် အခြေအနေဖြစ်သည်။ ၁၅၁ မှ ၂၀၀ အထိ ရောက်သွားပါက "အနီရောင်" အဆင့်ဖြစ်ပြီး ၂၀၁ မှ ၃၀၀ ရောက်ပါက "ခရမ်းရောင်အဆင့်" သတ်မှတ်ပြီး အန္တရာယ်များဖြစ်ပေါ်လာနိုင်သည့်အနေအထား ဖြစ်သည်။ ၃၀၁ မှ ၅၀၀ အဆင့်ဆိုပါက "နီညိုရောင်" အဆင့်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့၌ လေထုညစ်ညမ်းမှုကို သုံးနှစ်ကြာ လာရောက်လေ့လာခဲ့ဖူးသည့် ဂျာမနီအဖွဲ့အစည်း Heinrich Boll Stiftung ၏ ထုတ်ပြန်မှုအရဆိုပါလျှင် ရန်ကုန်မြို့၏ လေထုညစ်ညမ်းမှုသည် ဗန်ကောက်မြို့၊ ချင်းမိုင်မြို့များကဲ့သို့ ဆိုးရွားလာပြီး တစ်ခါတစ်ရံ၌ ဗန်ကောက်မြို့ထက်ပင် လေအရည်အသွေးနိမ့်ကျမှုရှိနေသည်ဟု ဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုအရ ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့်

**အချပ်ပို (ခ) သို့**

# ရန်ကုန်မြို့တွင်းမှာ ဖော်ဆောင်မယ့် စမတ်ကားပါကင်စနစ်

## မောင်မောင်မြင့်ဆွေ

ရန်ကုန်မြို့လယ်သို့ သူငယ်ချင်းဖြစ်သူ ကားဖြင့်လာရောက်ခဲ့သည်။ ပန်းဆိုးတန်းလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာတွင် ရပ်နားထားသည့်ကားများက တန်းစီပြည့်နှက်လျက် နေရာလွတ်ရှိနေမလားဟု ကားကို ဖြည်းဖြည်းမောင်းရင်း လိုက်ကြည့်သော်လည်း နေရာလွတ်မရှိ။ အနော်ရထာလမ်း၊ ကုန်သည်လမ်းစသည့် လမ်းမကြီးများတစ်ဖက်တစ်ချက်တွင်လည်း ကားများရပ်နားထားသည်က အပြည့်။ ကံကောင်းစွာ နေရာလွတ်တစ်နေရာတွေ့၍ ကားပါကင်ထိုး ရပ်နားလိုက်ရသည်။ ရန်ကုန်မြို့လယ်တွင် ကားပါကင်ကိစ္စက နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲဖြစ်နေသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရက စမတ်ကားပါကင်စနစ်အကောင်အထည်ဖော်သွားမည်ဟု ၂၀၁၈ ခုနှစ်ကတည်းက အသိပေးထားခဲ့ပြီဖြစ်သည်။

### စမတ်ကားပါကင်စနစ် စီစဉ်နေ

"ရန်ကုန်မြို့လယ်မှာ ယာဉ်ကြောပိတ်ဆို့မှုလျော့ကျအောင်နဲ့ စနစ်တကျ မော်တော်ယာဉ်တွေ ရပ်နားနိုင်အောင် စမတ်ကားပါကင်တွေ ဖော်ဆောင်သွားမယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားသည်။ ရန်ကုန်မြို့လယ်ခြောက်မြို့နယ်တွင် မော်တော်ယာဉ်တွေ စနစ်တကျ ရပ်နားစေရန်၊ မလိုအပ်ဘဲ အချိန်ကြာမြင့်စွာ ရပ်နားမှုမရှိစေရန်အပြင် ယာဉ်ကြောပိတ်ဆို့မှု ကျဆင်းစေရေး စမတ်ကားပါကင်စနစ်ကို အကောင်အထည်ဖော်သွားရေးစီစဉ်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့လယ်တွင် စမတ်ကားပါကင် အကောင်အထည်ဖော်ရန်အတွက် တင်ဒါလျှောက်လွှာများ ခေါ်ယူထားရာမှာ ယခုဆိုလျှင် နောက်ဆုံးတင်ဒါပါမစ်ရက်တောင် ပြီးစီးသွားပြီဖြစ်သည်။ စုစုပေါင်း တင်ဒါစိစစ်ရွေးချယ်ခဲ့ရာ ကုမ္ပဏီခြောက်ခုက တင်ဒါအောင်မြင်ခဲ့သည်။ ယင်းခြောက်ခုမှ ကုမ္ပဏီတစ်ခုကို ရွေးချယ်မည်ဖြစ်သည်။

"စမတ်ကားပါကင်ဆိုတဲ့အတိုင်း စမတ်ဖြစ်မယ့်နည်းပညာတွေအသုံးပြုပြီး ကားပါကင်ကြေးကောက်ခံမှာဖြစ်သလို ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ပူးပေါင်းကူညီဆောင်ရွက်သွားမယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းတံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ အတွင်းရေးမှူး ဦးလင်းခိုင်က နိုဝင်ဘာ ၁၈ ရက်က ပြောသည်။

### တင်ဒါစနစ်တကျ ရွေးချယ်

အခုအချိန်တွင် ရန်ကုန်မြို့တွင်းခြောက်မြို့နယ်၌ စမတ်ကားပါကင် ဆောင်ရွက်ရန် တင်ဒါအောင်ကုမ္ပဏီခြောက်ခုထဲမှ တစ်ခုကိုရွေးချယ်ပြီး တာဝန်ပေးလုပ်ကိုင်စေတော့မည် ဖြစ်သည်။ တင်ဒါစိစစ်ရေးအဖွဲ့ကလည်း ပွင့်လင်းမြင်သာစွာ စနစ်တကျ ရွေးချယ်ခြင်းဖြစ်ရာ ရန်ကုန်မြို့တွင်းမှာ နည်းပညာ အထောက်အကူပြု စမတ်ကားပါကင်များ ထွက်ပေါ်လာတော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်သည့် ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များအတွင်းရှိ ကားလမ်းများတွင် ဆောင်ရွက်တော့မည့် စမတ်ကားပါကင်စနစ်သည် မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပြုစေမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ယုံကြည်လျက်ရှိသည်။

ရန်ကုန်မြို့တွင်းမော်တော်ယာဉ်ရပ်နားရန် နေရာရှားပါးခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားမှုမှသည် အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပွားနေမှုများကြောင့်

**အချပ်ပို (ခ) သို့**



ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

*ရန်ကုန်မြို့တွင်းမှာ ဖော်ဆောင်မယ့် စမတ်ကားပါကင်စနစ် . . . မှ*

မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် YRTA တို့က ရန်ကုန်မြို့တွင်းသို့ YBS ဘတ်စ်ကားလိုင်းအတော်များများကို ဝင်ရောက် ဖြတ်သန်းပြေးဆွဲခွင့် မပြုတော့ဘဲ သခင်မြပန်းခြံအနီးတွင်သာ စုရပ်သဘောမျိုးထားရှိစေခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု အထိုက်အလျောက် လျော့နည်းခဲ့သော်လည်း မော်တော်ယာဉ်ရပ်နားနေရာ ကားပါကင်မှာ အခက်အခဲရှိနေဆဲပင်ဖြစ်သည်။

ရန်ကုန်မြို့တွင်း၌ တရားမဝင် ယာဉ်ရပ်နားခြင်း၊ ကန့်သတ်ယာဉ်ရပ်နားဇုန်များ ရှိနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းဖြစ်သည်။ မြို့တွင်းလမ်းများပေါ်တွင် ကားပါကင်အချိန်ကြာမြင့်စွာ ရပ်နားထားသည့် ကားများမှာ ရန်ကုန်မြို့တွင်း၌ နေထိုင်သူများ၊ ကုမ္ပဏီများ၊ ဆိုင်များမှ မော်တော်ကားများ အများဆုံးပါဝင်နေသည်။

"ကျွန်တော်တို့က ၂၉ လမ်းမှာ နေတာပါ။ ကျွန်တော်တို့ သိရသလောက် စမတ်ကားပါကင်စနစ်က ကားရပ်ချိန်နဲ့အမျှ နာရီအလိုက် ပါကင်ကြေးကောက်ခံမယ်ဆိုရင် ရေရှည်မှာ ကျွန်တော်တို့အတွက် အဆင်မပြေနိုင်ဘူးထင်တယ်။ နေ့စဉ် ကားပါကင်ကြေးပေးဆောင်နေရမှာဆိုတော့ ဘယ်လိုစီစဉ်ပေးမလဲမသိဘူး" ဟု ၂၉ လမ်း၌ နေထိုင်သော ကိုလှမောင်က ပြောပြသည်။

**မြို့တွင်းလမ်းကြား ကားရပ်နားမှုပိုများလာ**

စမတ်ကားပါကင်စနစ်ဆိုသည်မှာ အလိုအလျောက် ယာဉ်ရပ်နားခ ကောက်ခံသောနည်းပညာဖြင့် ပြုလုပ်မည့် ကားပါကင်စနစ်ဖြစ်ပြီး ထိုစနစ်ကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင်လည်း အကောင်အထည်ဖော်ထားကြောင်း သိရသည်။ ရန်ကုန်မြို့တွင်း ကားပါကင်စနစ်ကို အဓိက ကားလမ်းမများပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဖြစ်ရာ မြို့တွင်းလမ်းကြားများအတွင်း ကားရပ်နားမှုပိုမိုများပြားလာနိုင်ဖွယ်ရှိနေပြန်သည်။ လက်ရှိအခြေအနေတွင်လည်း မြို့တွင်းလမ်းကြားများတွင် ရပ်နားထားသည့် မော်တော်ယာဉ်များ တန်းစီလျက်ရှိနေသည်။ သို့သော်လည်း လမ်းမကြီးများကဲ့သို့ မော်တော်ယာဉ်မောင်းနှင်ဖြတ်သန်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုကို ထိခိုက်စေခြင်း သိပ်မရှိချေ။

**မှတ်ပုံတင်ယာဉ် ခြောက်သိန်းခန့်ရှိ**

ရန်ကုန်မြို့တွင် ၂၀၁၀ ပြည့်နှစ်မတိုင်မီက မော်တော်ယာဉ်အစီးရေ ၁ ဒသမ ၆ သိန်း ရှိနေရာမှ ၂၀၁၁ ခုနှစ်တွင် ကားမူဝါဒပြောင်းလဲမှုကြောင့်၂၀၁၈ ခုနှစ်အောက်တိုဘာလကုန်အထိ လူစီးမော်တော်ယာဉ်အစီးရေ ၁၀ သိန်း ၆ သောင်းကျော်အထိ တိုးလာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် လူစီးမော်တော်ယာဉ် ခြောက်သိန်းခန့်ရှိနေကြောင်း သိရသည်။ တိုးပွားလာခဲ့သော မော်တော်ယာဉ်များကြောင့် ရန်ကုန်မြို့တွင်းသာမက ရန်ကုန်မြို့ အခြားမြို့နယ်များတွင်လည်း မော်တော်ယာဉ် ရပ်နားနေရာ တဖြည်းဖြည်းခက်ခဲလာလျက်ရှိသည်။

အဆောက်အဦသစ်တည်ဆောက်ရာတွင် မူဝါဒအသစ်အရ ယာဉ်ရပ်နားရန် လုံလောက်သည်နေရာ ထည့်သွင်းဆောက်လုပ်ရမည်ဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ကာ ပုဂ္ဂလိကမော်တော်ယာဉ်အစီးရေ လျှော့ချရေးကို ရေရှည်စီမံဆောင်ရွက်လိုက်ပါ က ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု၊ မလိုလားအပ်သော နောက်ဆက်တွဲပြဿနာဖြစ်ပွားမှုများ လျော့ကျသွားစေမည်ဖြစ်သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ သုတေသနပြုချက်အရ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေရခြင်း၏ အဓိကအချက်မှာ မော်တော်ယာဉ်များ စည်းကမ်းစနစ်တကျ မရပ်နားမှုကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။ လမ်းများပေါ်တွင် မော်တော်ယာဉ်များ စနစ်တကျရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်ကျစေရန် စမတ်ကား ပါကင်စနစ်က အထောက်အကူပြုပေးနိုင်မလားဆိုသည်မှာ လက်တွေ့အကောင်အထည်ဖော်သည့်အချိန်တွင် သိရှိရမည်ဖြစ်သည်။ ကြိုတင်လေ့လာဆန်းစစ်မှုများအရ ယာဉ်ကြောပိတ်ဆို့မှုကို အကျိုးသက်ရောက်စေမည်ဟု သိရသည်။

ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်



အအုံများ တည်ဆောက်ရာတွင် မော်တော်ယာဉ်များရပ်နားနိုင်သည့် (Multi–Story) မျိုးတည်ဆောက်ရမည်ဖြစ်သလို ယာဉ်ရပ်နားနိုင်သည့်နေရာ သို့မဟုတ် အထပ်တွင် ဈေးဆိုင်များထားရှိပါက ပိုမိုအဆင်ပြေနိုင်သည့် ကားရပ်နား နေရာဖြစ်လာနိုင်သည်။ ယာဉ်မောင်းများအတွက်လည်း အဆင်ပြေစေနိုင်သည်။

**ကားပါကင် ထည့်သွင်းတည်ဆောက်ထား**

ရန်ကုန်မြို့၌ မော်တော်ယာဉ်ရပ်နားနိုင်သည့်နေရာများ ထည့်သွင်းတည်ဆောက်ထားသည့် အထပ်မြင့်အဆောက်အအုံများအနက် ၂၃ ထပ်ရှိသော ဆူးလေစကွဲအဆောက်အအုံတွင် ကားအစီးရေ ၅၅၀ အတွက် ကားပါကင်ထည့်သွင်းတည်ဆောက်ထားသည်။ ထို့အတူ ရန်ကုန်မြို့ ဂျန်းရှင်းစီးတီးအဆောက်အဦတွင်လည်း ကားအစီးရေ ၁၅၀ အတွက် ကားပါကင်ထည့်သွင်းတည်ဆောက်ထားသည်။ ထိုကဲ့သို့ အဆောက်အဦမျိုး များများထွက်ပေါ်လာပါက ကားပါကင်အတွက် အထိုက်အလျောက်အဆင်ပြေစေမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်တော့မည့် စမတ်ကားပါကင်စနစ်တွင် ကားပါကင်ကြေးကို အမျိုးအစားသုံးမျိုး ခွဲခြားထားမည်ဖြစ်သည်။ အနီ၊ အစိမ်း၊ အဝါ သုံးမျိုးခွဲကာ တစ်နာရီ ငွေကျပ် ၅၀၀၊ ငွေကျပ် ၃၀၀၊ ငွေကျပ် ၂၀၀ သတ်မှတ်နိုင်ရန် စီစဉ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန( လမ်းတံတား) မှ သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုများပြားနေသော ရန်ကုန်မြို့တွင်း၌ စမတ်ကားပါကင်စနစ်က အတိုင်းအတာတစ်ခုအထိ လျော့ကျစေနိုင်ရန် ပြည်သူများကလည်း ပူးပေါင်းပါဝင်မှုရမည်မှာ အမှန်ပင်ဖြစ်သည်။

*ရန်ကုန်မြို့က လေအရည်အသွေး . . . မှ*

လူဦးရေ ခုနစ်သန်းခန့် အသက်ဆုံးရှုံးလျက်ရှိနေပြီး မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် လူဦးရေ ခုနစ်သောင်းကျော် အသက်ဆုံးရှုံးမှုတွေ ရှိနေသည်ဟု ၂၀၁၆ ခုနှစ်က ထုတ်ပြန်ပြောကြားမှုရှိနေခဲ့သည်။

ရန်ကုန်လေထုကို ဘယ်သို့သန့်စင်မည်နည်း။ မြို့သူမြို့သားများက ထုတ်လာသောမေးခွန်းတစ်ခုဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း ရန်ကုန်လေထုအရည်အသွေးညံ့ဖျင်းလာမှုနှင့် ပတ်သက်၍ အရေးကြီးဆုံးကိစ္စတစ်ရပ်အဖြစ် ခေါင်းထဲရောထည့်ပြီးပြီလား။ ဖြေရှင်းမည့် နည်းလမ်းများ ကာကွယ်ပေးနိုင်မည့် နည်းလမ်းများရောဆွေးနွေးကြပြီလား"ဟု သိချင်နေကြပြီ



ရန်ကုန်မြို့ လူများစုရုံးသွားလာမှုများပြားသည့် မဟာဗန္ဓုလပန်းခြံ။

**"ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း ရန်ကုန်လေထုအရည်အသွေးညံ့ဖျင်းလာမှုနှင့်ပတ်သက်၍ အရေးကြီးဆုံးကိစ္စတစ်ရပ်အဖြစ် ခေါင်းထဲရောထည့်ပြီးပြီလား။ ဖြေရှင်းမည့် နည်းလမ်းများ၊ ကာကွယ်ပေးနိုင်မည့် နည်းလမ်းများရော ဆွေးနွေးကြပြီလား"**

ဖြစ်သည်။

ရန်ကုန်မြို့တွင် ကိုယ်ပိုင်ယာဉ်များ၊ အငှားတက္ကစီယာဉ်များ ဥဒဟိုသွားလာနေကြသည်။ အများစီးနိုင်သည့် YBS ကဲ့သို့ ယာဉ်ကြီးများကလည်း သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်နေကြသည်။

ဖြစ်နိုင်လျှင် လမ်းပေါ်သို့ သွားလာနေကြသည့် မော်တော်ယာဉ်များအား လမ်းပေါ်တွင် အစီးရေ လျှော့မောင်းသည့်နည်းတစ်ရပ်အဖြစ် ယာဉ်အက္ခရာစဉ်အလိုက် ဘယ်နေ့တွင် ဘယ်အက္ခရာ ဘယ်နှလုံးသာ ထွက်ရမည်ဟု သတ်မှတ်ပေးလိုက်ခြင်းဖြင့် လမ်းများပေါ်၌ ကိုယ်ပိုင်ယာဉ်များကို လျှော့ချနိုင်မည်ဖြစ်ပေသည်။

သစ်ပင်များစိုက်ပျိုးခြင်းသည် လေထုပြန်လည်သန့်စင်လာမှုကို ဆောင်ရွက်နိုင်သောနည်းလမ်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးရာသီ၌ သစ်ပင်များ နှစ်စဉ် သိန်းသောင်းချီစိုက်ကြပါသည်။

တစ်လောက ကြည့်မြင်တိုင်မြို့နယ်ရှိ အထက်တန်းတစ်ကျောင်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုယ်တိုင် သစ်ပင်များစိုက်ပေးခဲ့ပါသည်။ နောက်တစ်နှစ်တွင်လည်း ပထမစိုက်ခဲ့သောနေရာတွင် သစ်ပင်များစိုက်ခဲ့ကြပါသည်။ ပထမနှစ်က သစ်ပင်များ ဘယ်ရောက်သွားပြီနည်း။ မြန်မာနိုင်ငံ၌ မိုးရာသီသစ်ပင်များ စိုက်ကြပါသည်။ ထိုသစ်ပင်များ ထာဝရရှင်သန်မှသာလျှင် လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မည် ဖြစ်ပေသည်။ ။


အပြာရောင်ကမ္ပည်းမှတ်တမ်းဝင် ဗဟိုတရားရုံးချုပ်

# ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမယ့် ရန်ကုန်မြို့ပြအမွေအနှစ်တွေ

● ဆွေဦးဝေ၊ ဓာတ်ပုံ – စန်းယု(ခနအောင်)

ဗိသုကာ လက်ရာအမျိုးမျိုး၊ သမိုင်းဖြတ်သန်းမှုအဖုံဖုံ၊ ခမ်းနားကြီးကျယ်ပြီး ထူးခြားတဲ့မြို့ပြရှုခင်းတစ်ခုကို ပိုင်ဆိုင်ထားတဲ့အပြင် ကမ္ဘာ့အလယ်မှာ ဝင့်ထည်လျက်ရှိတဲ့ ရန်ကုန်မြို့၊ ရှေးဟောင်းမြို့ပြအမွေအနှစ်တွေ၊ အဆောက်အအုံတွေ ပေါများစွာတည်ရှိ ပိုင်ဆိုင်ထားတဲ့မြို့၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်များအပြင် ကိုလိုနီခေတ်မတိုင်မီနဲ့ ကိုလိုနီခေတ် ဗိသုကာအမွေအနှစ်များစွာတည်ရှိတဲ့ ရန်ကုန်မြို့အတွက် မြို့ပြအမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို ဟန်ချက်ညီညီလုပ်ဆောင်နိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

## တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်များ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနဲ့ ရန်ကုန်မြို့ကို အမွေအနှစ်များနဲ့ စိမ်းလန်းပြီး နေချင်စဖွယ် မြို့ကြီးတစ်မြို့ ဖြစ်လာစေဖို့ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အဓိကနေရာမှ ပါဝင်ဆောင်ရွက်နေပါတယ်။

"ရန်ကုန်မြို့ဟာ မြို့ဟောင်းဧရိယာတစ်ခုရှိခဲ့ပါတယ်။ ဒီမြို့ဟောင်းဧရိယာမှာ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော်လောက်ကစပြီးတော့ ရန်ကုန်မြို့ကြီးကို စပြီးတည်ဆောက်ခဲ့တဲ့ မြို့ပြအမွေအနှစ်ကို ထိန်းသိမ်းဖို့ရှိနေပါတယ်"လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

ရန်ကုန်မြို့ဟာ မူလအမည် ဥက္ကလာပ၊ အဲဒီကမှ တိဂုံ၊ ပြီးတော့ ဒဂုံကျေးစတဲ့ အမည်တွေနဲ့ တည်ရှိခဲ့ပြီး ၁၇၅၅ ခုနှစ် မေလမှာတော့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ရန်အပေါင်းကုန်စင်အောင်မြင်တဲ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်လို့ အမည်သမုတ်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၂၆၀ ကျော် ရှိလာခဲ့ပြီဖြစ်တဲ့ ရန်ကုန်မြို့ဟာ ရှေးဟောင်းအမွေအနှစ်တွေ များစွာတည်ရှိနေတာဖြစ်ပါတယ်။ ဒီလိုမြို့ပြရှေးဟောင်းအမွေအနှစ်တွေ၊ အဆောက်အအုံတွေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖွံ့ဖြိုးလာတဲ့ မြို့ပြတည်ဆောက်မှုလုပ်ငန်းတွေကြောင့် ပျောက်ကွယ်၊ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်နေတာဖြစ်ပါတယ်။

"ဒီလို တိုးတက်ဖွံ့ဖြိုးမှုတွေလာပြီဆိုရင် ကျွန်မတို့ ရန်ကုန်မြို့ရဲ့ လက်ရှိအနေအထား၊ နောက်ပြီး တန်ဖိုးထားရတဲ့ အမွေအနှစ်အဆောက်အအုံတွေ တကယ်လို့ သတိမထားမိခဲ့လို့ရှိရင် တစ်စတစ်စနဲ့ ပျောက်ကွယ်သွားမယ်ဆိုတာကစပြီး မျှော်တွေးကြတယ်။ တိုးတက်ဖွံ့ဖြိုးမှုရဲ့နောက်မှာ ဒီမြို့ရဲ့ နဂိုရှိပြီးသား အနေအထားအခင်းအကျင်းတွေ ပျောက်သွားတော့မယ်ဆိုတာမျိုးကို စိုးရိမ်တဲ့အတွက်ကြောင့် ကျွန်မတို့ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးကနေစပြီးတော့ ဒီလိုမျိုးသဘောထားရှိတဲ့သူတွေကို လိုက်လံပြောဆိုပြီးတော့ ဒီအဖွဲ့အစည်းကို စတင်တည်ထောင်ဖြစ်တာပါ"လို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဒေါ်မိုးမိုးလွင်က ပြောပြပါတယ်။

## မြို့ပြတည်ဆောက်ရေးလုပ်ငန်းထိခိုက်မှုမရှိ

ရန်ကုန်မြို့မှာ စာရင်းကောက်ယူထားတဲ့ ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံ စုစုပေါင်း ၁၈၉ လုံး ရှိနေပြီး အဲဒီအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ကနဦးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းတွေကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းတွေကို ထိခိုက်မှုမရှိနိုင်ပါဘူး။ ရန်ကုန်မြို့မှာရှိတဲ့ ရှေးဟောင်းမြို့ပြအမွေအနှစ်အဆောက်အအုံတွေ တည်ရှိတဲ့ဧရိယာကို တွက်ချက်ရင် ရန်ကုန်မြို့ရဲ့ ဧရိယာ ၁၀ ရာခိုင်နှုန်းခန့်ပဲ ရှိနေတာကြောင့် ဖြစ်ပါတယ်။

"အရင်ကဆိုရင် ရန်ကုန်မြို့ထဲက ရှေးဟောင်းအဆောက်အအုံတွေက ယိုယွင်းတယ်၊ ပျက်စီးတယ်ဆိုတဲ့အခြေအနေကနေပြီး အခုဆိုရင် တစ်ခုပြီးတစ်ခု ပြန်လည်ထိန်းသိမ်းလာတယ်ဆိုတော့ အရောင်ထွက်လာတယ်။ အသုံးလည်းတည့်လာတယ်။ အသုံးဝင်လာတယ်ပေါ့၊ မြို့ပြအမွေအနှစ်ဆိုတာ ကျွန်မတို့ ကိုယ်ပိုင်မဟုတ်ပါဘူး။ မြို့တွေ၊ လမ်းတွေ၊ လူတွေ အများဆုံးသွားလာနေတဲ့နေရာတွေ၊ အသုံးပြုတဲ့နေရာတွေ၊ ပြည်သူတွေအားလုံး အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ထိန်းသိမ်းမှုကို ဦးစားပေးတဲ့ဖွံ့ဖြိုးမှုပေါ့၊ ကိုယ့်မှာ ဘာရှိသလဲ၊ အဲဒါဘာဖြစ်နိုင်သလဲ၊ အဲဒါရဲ့ အခွင့်အလမ်းက ဘာတွေရှိသလဲ၊ အဲဒီလို စဉ်းစားပြီးမှ ဆောင်ရွက်တာဖြစ်တယ်။ အဲဒီလို စဉ်းစားပြီးမှ နောက်ဆုံးမဖြစ်နိုင်တော့ဘူး ဆိုတော့မှသာ အစားထိုးချင် ထိုးပေါ့။ ဒါပေမယ့် လက်ရှိအနေအထားပေါ် အခြေခံပြီး စဉ်းစားတဲ့ ဖွံ့ဖြိုးမှုတွေဖြစ်စေချင်တယ်"လို့ ဒေါ်မိုးမိုးလွင်က ပြောပါတယ်။

## အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆင်

ပြည်သူတွေကလည်း အခုဆိုရင် ရန်ကုန်မြို့ရဲ့အမွေအနှစ်တွေ၊ သမိုင်းဝင်အဆောက်အအုံတွေကို အရင်ကထက် ပိုမိုစိတ်ဝင်စားလာကြပြီး လုပ်ငန်းရှင်တွေကလည်း အဲဒီမြို့ပြအမွေအနှစ် အဆောက်အအုံတွေမှာ စီးပွားရေးလုပ်ငန်းတွေကို ပိုမိုဖွင့်လှစ်လုပ်ကိုင်လာကြပြီဖြစ်ပါတယ်။ ဒီအဆောက်အအုံတွေကို ပြည်သူတွေ ပိုမိုသိရှိတန်ဖိုးထားလာစေဖို့အတွက် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Yangon Heritage Trust (YHT) ဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ကူညီမှုနဲ့ အထင်ကရအမွေအနှစ်အဆောက်အအုံတွေမှာ အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆင်လျက်ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ ပထမဆုံးအပြာရောင် ကမ္ပည်းပြားကို ရန်ကုန်မြို့တော်ခန်းမမှာ စတင်တပ်ဆင်ခဲ့ပြီး အခြားထင်ရှားတဲ့ အမွေအနှစ်အဆောက်အအုံနေရာတွေမှာလည်း အပြာရောင်ကမ္ပည်းပြားတွေ ဆက်လက်တပ်ဆင်လျက်ရှိပါတယ်။ အပြာရောင်ကမ္ပည်းပြားတွေတပ်ဆင်ပြီးပါက ထိုအဆောက်အအုံကို အများပြည်သူအတွက် အသုံးပြုရမည်ဖြစ်ပြီး ထိုအဆောက်အအုံကို အကြောင်းမဲ့ဖြိုချခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများ ပြုလုပ်၍ မရတော့ကြောင်း သိရပါတယ်။ အများပြည်သူ အလွယ်တကူလေ့လာနိုင်မယ့်နေရာတွေမှာ တပ်ဆင်ထားတဲ့ ကမ္ပည်းပြားတွေကတစ်ဆင့် အမွေအနှစ်များရဲ့သမိုင်း၊ ရန်ကုန်မြို့ရဲ့သမိုင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံကပြည်သူများ လေ့လာနိုင်မှာ ဖြစ်ပါတယ်။

"ဒီမြို့ပြအမွေအနှစ်တွေကို ထဲထဲဝင်ဝင်သိချင်တယ်၊ ဒါကြောင့် YHT ရဲ့ Walking Group အစီအစဉ်မှာ လိုက်ပါခြင်းဖြစ်ပါတယ်။ အရင်တုန်းက ကိုလိုနီခေတ်မှာရှိခဲ့တဲ့ အဆောက်အအုံတွေ အကြောင်းကိုလည်း ထဲထဲဝင်ဝင် သိရတယ်။ အဆောက်အအုံတွေရဲ့ ပြောင်းလဲလာပုံအဆင့်ဆင့်ကိုလည်း သိရတယ်" လို့ YHT ရဲ့ Walking Group အစီအစဉ်မှာ လိုက်ပါလာတဲ့ မသဇင်ငြိမ်းက ပြောပြပါတယ်။

YHT အနေနဲ့ ရှေးဟောင်းမြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ စာရင်းပြုစုခြင်း၊ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်း YHT ရဲ့ Walking Group အစီအစဉ်တွေ ဖော်ဆောင်ခြင်း၊ လူထုအသိပညာပေးခြင်း၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ YHT က မြို့တွင်းလမ်းလျှောက်လေ့လာရေးခရီးစဉ်တွေ စီစဉ်ပေးနေတာကို စိတ်ပါဝင်စားသူများပြားပြီး အထူးသဖြင့် လူငယ်တွေ စိတ်ဝင်တစား လိုက်ပါလေ့လာလျက်ရှိပါတယ်။

## အမွေအနှစ်စောင့်ရှောက်ရေး ပူးပေါင်းပါဝင်

"ခေတ်မီဖွံ့ဖြိုးတဲ့ မြို့တစ်မြို့မှာ အမွေအနှစ် အဆောက်အအုံတွေအနေနဲ့ ဘယ်လိုအရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်။ ဒါကို ကျွန်တော်တို့ ရှင်းပြရတယ်။ အများပြည်သူတွေပိုပြီး သိရှိလာတဲ့အတွက် ဒီလိုအမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်ရေးမှာ ပိုမိုပြီးတော့ ပူးပေါင်းပါဝင်လာမယ်လို့ ကျွန်တော်တို့က မျှော်လင့်ထားပါတယ်" ဟု YHT ရဲ့ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ကိုသူရိန်အောင်က ပြောပါတယ်။

ရန်ကုန်မြို့ပြအမွေအနှစ် အဆောက်အအုံတွေကို ပြန်လည်ပြင်ဆင်ပြီး အသုံးပြုတဲ့နေရာမှာ မူလလက်ရာကို တတ်နိုင်သမျှ ပြန်လည်ထိန်းသိမ်းပြီး ယနေ့ခေတ်အသုံးပြုမှုပုံစံတွေအတိုင်း လျော်ညီစွာ ပြင်ဆင်နိုင်ရေးအတွက် အကြံဉာဏ်တွေ၊ နည်းပညာတွေကူညီမှုများပေးလျက်ရှိပါတယ်။ အမွေအနှစ်အဆောက်အအုံတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းတဲ့နေရာမှာ လုပ်သားတွေအတွက် လိုအပ်တဲ့ အတတ်ပညာတွေကိုလည်း သင်တန်းတိုများ စီစဉ်ပေးပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

"ကမ်းနားလမ်းတစ်လျှောက် အနားတစ်ဝိုက်မှာဆိုရင် ကိုလိုနီခေတ်က အမွေအနှစ်၊ ခမ်းနားကြီးကျယ်တဲ့ အဆောက်အအုံတွေ စုပြုံပြီးတော့ တည်ရှိနေပါတယ်။ ဒါဟာ အရှေ့တောင်အာရှမှာကြည့်မယ်ဆိုရင် အင်မတန်ရှားပါးတဲ့ အမွေအနှစ်အဆောက်အအုံတွေ စုပြုံနေတဲ့နေရာဖြစ်ပြီး ရန်ကုန်မြို့မှာ တွေ့ရှိရတာဖြစ်ပါတယ်" လို့ ရန်ကုန်မြို့နေ ပြည်သူတစ်ဦးဖြစ်တဲ့ ဒေါ်စုစုတင်က ပြောပါတယ်။

၂၀၁၉ ဩဂုတ် ၄ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းမှာရှိတဲ့ Rosewood Yangon ဟိုတယ်အဆောက်အအုံကို ၃၁ ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံအဖြစ် တစ်ခုပြီးတစ်ခု သတ်မှတ်နေတာဖြစ်ကာ ပြည်သူများကလည်း ဝိုင်းဝန်းအလေးထား ပူးပေါင်းဆောင်ရွက် ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

## သမိုင်းဝင်အဆောက်အအုံ အများဆုံးရှိ

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ရဲ့ မှတ်တမ်းအရ ရန်ကုန်မြို့လယ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံမျိုးပေါင်းစုံလင်မှုဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့နဲ့ အင်္ဂလန် နိုင်ငံ လန်ဒန်မြို့တို့ထက်သာလွန်တယ်လို့ ဆိုထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗိသုကာလက်ရာနဲ့ သမိုင်းဝင်တန်ဖိုးရှိတဲ့ အဆောက်အုံပေါင်း ၂၀၀ခန့်ရှိပြီး အရှေ့တောင်အာရှမှာ ရန်ကုန်မြို့ဟာ သမိုင်းဝင်အဆောက်အအုံ အများဆုံးရှိကြောင်း သိရပါတယ်။

ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေကို မယိုယွင်း၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ရန်ကုန်မြို့ရဲ့ တိုးတက်ဖွံ့ဖြိုးမှုပေါ် သမိုင်းတန်ဖိုးကြီးမားတဲ့ အမွေအနှစ်အဆောက်အအုံတွေရဲ့ ခံ့ထည်မှုပုံရိပ်တွေက ပိုမိုလေးနက်အောင် ဖော်ဆောင်ပေးမှာဖြစ်တဲ့အတွက် ပြည်သူတွေက ဝိုင်းဝန်းထိန်းသိမ်းပေးရမှာပဲ ဖြစ်ပါတယ်။ ။



အပြာရောင်ကမ္ပည်းမှတ်တမ်းဝင် မြန်မာအမျိုးသားလေကြောင်းရုံး (ယခင် ဘုံဘေဘားမား သစ်ကုမ္ပဏီ)


အပြာရောင်ကမ္ပည်းမှတ်တမ်းဝင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ယခင် ဂရင်းဒလေဘဏ်)

# ဒလတံတား ရေပြင်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဆက်သွယ်ရေးစက်ပါသော ရေယာဉ်ငယ်များအနေဖြင့် ချန်နယ် ၁၆ ကို အမြဲတမ်းဖွင့်ကာ သင်္ဘောကြီးများနှင့် ကြိုတင်ဆက်သွယ်မှုရယူရမည်

■ ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – အာကာစိုး

**မြန်မာ – ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးစီမံကိန်းအတွက် မြေသားစမ်းသပ်တိုင်းထွာမှုများ ပြုလုပ်နေစဉ်က တံတားနဲ့ပတ်သက်ပြီး သတင်းရေးခဲ့ဖူးသော်လည်း အဲဒီနောက်ပိုင်း တံတားစီမံကိန်းနဲ့ပတ်သက်ပြီး အဆက်ပြတ်နေခဲ့တာ အတော်ကြာပါပြီ။ ရန်ကုန်ဘက်အခြမ်း ဘုန်းကြီးလမ်းအတွင်း တံတားလုပ်ငန်းများ ဆောင်ရွက်တာကြောင့် YBS ယာဉ်အချို့ လမ်းကြောင်းပြောင်းပြေးဆွဲမည့် သတင်းမျိုးရေးသားရင်းဖြင့်သာ ဒလတံတားနဲ့ ကျွန်တော်ထိတွေ့ခွင့်ရခဲ့ပါတယ်။**

ယခုအခါ ဒလတံတားတည်ဆောက်ရေးအတွက် မြေပြင်လုပ်ငန်းများ ဆောင်ရွက်နေသလို နိုဝင်ဘာလမှစကာ ရေပြင်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ရေပြင်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရေယာဉ်ငယ်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိနိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာန ဒုတိယရေကြောင်းဌာနမှူးချုပ် ဦးဝင်းမြင့်အောင်အား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**ယာယီတံတားထိုးတည်ဆောက်သွားမှာဖြစ်**

"တံတားရဲ့ ရေပြင်ဆောက်လုပ်ရေးလုပ်ငန်းကို ယခုနိုဝင်ဘာလမှ စတင်၍ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တံတားတည်ဆောက်ရေးပြီးဆုံးမယ့် ကာလကတော့ ၂၀၂၂ ခုနှစ် အောက်တိုဘာလလို့ သတ်မှတ်ထားပါတယ်။ တံတားကြီးကို ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းကို ဖြတ်သန်းတည် ဆောက်သွားမည်ဖြစ်ပြီး ကမ်းနားနှစ်ဖက်ကနေ ယာယီတံတားထိုးပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ ရေယာဉ်များသွားလာဖို့အတွက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် မီတာ ၃၀၀ ရရှိမှာ ဖြစ်ပါတယ်။

ရေလမ်းကြောင်းကို အချက်ပြမီးဖော်ယာ အစိမ်းနှစ်လုံးနဲ့ အနီနှစ်လုံးချပြီး သတ်မှတ်ထားမှာဖြစ်ပါတယ်။ လုပ်ငန်းခွင်ဧရိယာကိုတော့ အချက်ပြမီးဖော်ယာအဝါ တစ်ဖက်ကို နှစ်လုံးစီချသွားမှာဖြစ်ပါတယ်။ အခု လက်ရှိမှာတော့ မီးဖော်ယာအဝါ လေးလုံးချထားပြီးဖြစ်ပါတယ်။ နိုဝင်ဘာလ ၇ ရက်နေ့မှာ အချက်ပြမီးဖော်ယာ Y 3၊ ၈ ရက်နေ့မှာ အချက်ပြမီးဖော်ယာ Y 4၊ ၁၄ ရက်နေ့မှာ အချက်ပြမီးဖော်ယာ Y 1၊ ၁၅ ရက်နေ့မှာ အချက်ပြမီးဖော်ယာ Y 2 တို့ကို အသီးသီး ချထားပြီးဖြစ်ပါတယ်။ ကျန်တဲ့အချက်ပြမီးဖော်ယာအစိမ်း G1, G2၊ အချက်ပြမီးဖော်ယာ အနီ R1, R2 တို့ကိုတော့ ယာယီတံတားစထိုးပြီး မီးဖော်ယာအဝါကို ရောက်တဲ့အချိန်မှာ ဆက်လက်ချသွားမှာဖြစ်ပါတယ်။ ဒလဘက်ကမ်းမှာဆိုရင် အချက်ပြမီးဖော်ယာ မီးနီ နှစ်လုံး၊ မီးဝါနှစ်လုံးရှိပြီးတော့ ရန်ကုန်ဘက်ကမ်းမှာဆိုရင် အချက်ပြမီးဖော်ယာ မီးစိမ်းနှစ်လုံး၊ မီးဝါနှစ်လုံးရှိမှာ ဖြစ်ပါတယ်။

**လုပ်ငန်းခွင်ဧရိယာထဲ ဝင်ရောက်လို့မရ**

ဒလဘက်ကမ်း မီးနီနှစ်လုံးကနေ ကမ်းအထိကို လုပ်ငန်းခွင်ဧရိယာအဖြစ် သတ်မှတ်ပါတယ်။ အဲဒီလိုပဲ ရန်ကုန်ဘက်ကမ်းမှာလည်း မီးစိမ်းနှစ်လုံးကနေ ကမ်းအထိကို လုပ်ငန်းခွင်ဧရိယာအဖြစ် သတ်မှတ်မှာဖြစ်ပါတယ်။ လုပ်ငန်းခွင်ဧရိယာထဲကို မည်သည့်ရေယာဉ်မျှ ဖြတ်သန်းဝင်ရောက်လို့မရပါဘူး။ ရေယာဉ်အားလုံးသတ်မှတ်ထားတဲ့ အချက်ပြမီးဖော်ယာမီးနီ၊ မီးစိမ်းကြားထဲကနေပဲ သွားရမှာဖြစ်ပါတယ်။ ရေယာဉ်ငယ်တွေအနေနဲ့ ရေလမ်းကြောင်းအတွင်း သွားလာမယ်ဆိုရင် လက်ယာဘက်အခြမ်းကပ်ပြီး မောင်းနှင်ရမှာဖြစ်ပါတယ်။ သဘောကတော့ ဗိုလ်တထောင်ကနေ ကြည့်မြင်တိုင်၊ တွံတေးဝကို သွားမယ်ဆိုရင် မီးစိမ်းဖော်ယာဘက်ကို ကပ်ပြီးသွားရမှာဖြစ်ပြီးတော့ ကြည့်မြင်တိုင် တွံတေးဝကနေ ဗိုလ်တထောင်ဘုရားဘက် ပင်လယ်ပြင်ဘက်ထွက်မယ်ဆိုရင်တော့ မီးနီဖော်ယာကို ကပ်ပြီးထွက်ရမှာဖြစ်ပါတယ်။

**ဆိပ်ကမ်းဌာနရေယာဉ်များဖြင့် လမ်းရှင်း**

ရေကြောင်းပြမှူးတွေ လိုက်ပါမောင်းနှင်မယ့် ပင်လယ်ကူးသင်္ဘောကြီးတွေ၊ တံတားတည်ဆောက်ရေးမီးဖော်ယာကြား ဖြတ်သန်းမောင်းနှင်တဲ့အချိန်မှာ တခြားဘယ်သင်္ဘောမှ ဖြတ်သန်းလို့မရပါဘူး။ ရေလမ်းကြောင်းအပြင်ဘက် ကင်းလွတ်တဲ့နေရာကနေ စောင့်ဆိုင်းနေပြီးတော့ သင်္ဘောကြီးဖြတ်သန်းပြီးတဲ့အချိန်ကျမှသာ ဖြတ်သန်းမောင်းနှင်ရမှာ ဖြစ်ပါတယ်။ ရေကြောင်းပြမှူးတွေ လိုက်ပါမောင်းနှင်တဲ့သင်္ဘောကြီးတွေ MIT တံတား၊ AIPT တံတား၊ Asia World တံတားနဲ့ HPT စတဲ့ တံတားတွေကပ်ဖို့အတွက် RTA တို့ ABLE တို့ကနေ ကျောက်နုတ်ပြီး တက်လာပြီဆိုရင် တံတားတည်ဆောက်ရေးဧရိယာအပေါ်ဘက်မှာ ဆိပ်ကမ်းဌာန ရေယာဉ်များဖြင့် လမ်းရှင်းလင်းရေးဆောင်ရွက်မှာ ဖြစ်ပါတယ်။ တံတားတွေကနေခွာပြီး ပင်လယ်ပြင်ပြန်ထွက်မယ့် သင်္ဘောတွေ ဆောက်လုပ်ရေးဧရိယာကို ဖြတ်တဲ့အချိန်မှာဆိုရင် အမှတ် ၁ ဆူးလေ တံတားလောက်ကနေ ရေယာဉ်ရှင်းလင်းဖို့အတွက် ကြေညာပေးပြီးတော့ ရှင်းလင်းမှု ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်သွယ်ရေးစက်ပါတဲ့ ကုန်လှေ၊ ငါးဖမ်းဝါးလတ်လှေနဲ့ တွဲဆွဲရေယာဉ်များဟာ ဆက်သွယ်ရေးလိုင်းဖြစ်တဲ့ ချန်နယ် ၁၆ ကို အမြဲတမ်းဖွင့်ထားပြီး သင်္ဘောကြီးတွေနဲ့ ကြိုတင်ဆက်သွယ်မှုရယူသွားရမှာ ဖြစ်ပါတယ်။ ရေလမ်းကြောင်းအတွင်း မတွေ့ဆုံဖို့အတွက် ရပ်တန့်စောင့်ဆိုင်းခြင်း၊ ပြန်လှည့်ပြီး စောင့်ဆိုင်းခြင်း၊ လမ်းကြောင်းမှ ဘေးဖယ်ပြီး စောင့်ဆိုင်းခြင်းများကို ကြိုတင်ဆက်သွယ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရေယာဉ်ငယ်တွေအချင်းချင်းလည်း လားရာတူ သွားနေမယ်ဆိုရင် ရေလမ်းကြောင်းအတွင်း တစ်စင်းနဲ့တစ်စင်း ကျော်တက်မောင်းနှင်ခြင်း မပြုရပါဘူး။ ရေလမ်းကြောင်းမှာ ရေယာဉ်ငယ်တွေ တစ်စင်းနဲ့တစ်စင်း ဆုံခဲ့မယ်ဆိုရင်လည်း ရေဆန်နဲ့သွားတဲ့ ရေယာဉ်က ရေစုန်နဲ့သွားတဲ့ ရေယာဉ်တွေကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ဝန်ပါတွဲဆွဲရေယာဉ်တွေ ရေလမ်းကြောင်းကို ဖြတ်သန်းမယ်ဆိုရင် ရေဆန်သာ ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ တွဲတစ်တွဲကို တွဲဆွဲရေယာဉ်တစ်စင်းသာ ဆွဲပြီးဖြတ်သန်းရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဧရိယာရဲ့ အပေါ်မီတာ ၅၀၀ နှင့် အောက် မီတာ ၅၀၀ အတွင်း မည်သည့်ရေယာဉ်မျှ ကျောက်ချရပ်နားခြင်း မပြုရပါဘူး။



**ဦးဝင်းမြင့်အောင်**
**ဒုတိယရေကြောင်းဌာနမှူးချုပ်**
**ရေကြောင်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

လမ်းညွှန် သတိပေးဆိုင်းဘုတ်များကို ဆောက်လုပ်ရေးလုပ်ငန်းခွင် အပေါ်ဘက် မီတာ ၅၀၀ အကွာ ကမ်းနှစ်ဖက်မှာ ထားရှိပေးသွားမှာဖြစ်ပါတယ်။ အမြင့် ၁ ပေခွဲ၊ အလျား ၇ ပေရှိတဲ့ LED ဘုတ်များဖြင့် သတိပေးချက်များ ဖော်ပြနေမှာဖြစ်ပါတယ်။ ထားမယ့်နေရာတွေကတော့ ဒလဘက်ကမ်းမှာဆိုရင် ဆာပါချောင်ထိပ်နဲ့ ကုလားဘုရားနားမှာဖြစ်ပြီး ရန်ကုန်ဘက်ကမ်းမှာဆိုရင် စဉ့်အိုးတန်း ၂ တံတား သံပေါင်ပေါ်နဲ့ ဝါးတန်း အမှတ်(၄)တံတား သံပေါင်ပေါ်တွေ ဖြစ်ပါတယ်။ ရန်ကုန်မြစ်အတွင်း ကန့်လန့်ဖြတ်သွားနေတဲ့ ရေယာဉ်တွေကလည်း မိမိကပ်ရမယ့်တံတားက တည်ဆောက်ရေးဧရိယာနဲ့ နီးကပ်နေမယ်ဆိုရင် ရေစုန်ရေဆန်ကို သတိထားပြီး ကန့်သတ်နယ်မြေအတွင်း ဝင်ရောက်မှု မရှိစေဖို့အတွက် ဂရုပြုဆိုက်ကပ်ပေးရမှာ ဖြစ်ပါတယ်။

**ယာဉ်လမ်းကြောင်း ရှင်းလင်းရေးအဖွဲ့ထားရှိ**

ဒလတံတား တည်ဆောက်ရေးအဖွဲ့မှာလည်း ယာဉ်လမ်းကြောင်း ရှင်းလင်းထိန်းသိမ်းရေးအဖွဲ့ထားရှိပေးမယ်လို့ သိရပါတယ်။ ရေယာဉ်မှူးလိုက်ပါ မောင်းနှင်မယ့် ပင်လယ်ကူးသင်္ဘော ဖြတ်သန်းချိန်မှာ လမ်းကြောင်းရှင်းလင်းရေးကို ရေကြောင်းဌာနက တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်တဲ့အချိန် အခြားရေယာဉ်ငယ်များ ဖြတ်သန်းချိန်တွင် ဒလတံတားတည်ဆောက်ရေးလမ်းကြောင်း ရှင်းလင်းရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီရေယာဉ်ပေါ်မှာလည်း ဆက်သွယ်ရေးစက်ထားရှိပြီး အခြားရေယာဉ်ငယ်များနှင့် ချန်နယ် ၁၆ ကနေ ဆက်သွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြစ်တွင်းသွား ရေယာဉ်၊ သင်္ဘောများ ဒလတံတားတည်ဆောက်စဉ်ကာလတွင် အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောပြမှုကို တင်ပြလိုက်ရပါသည်။ ။

"ရေလမ်းကြောင်းမှာ ရေယာဉ်ငယ်တွေ တစ်စင်းနဲ့ တစ်စင်း ဆုံခဲ့မယ် ဆိုရင်လည်း ရေဆန်နဲ့ သွားတဲ့ ရေယာဉ်က ရေစုန်နဲ့ သွားတဲ့ ရေယာဉ် တွေကို ဦးစားပေးရမှာဖြစ်"





ဒလတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။